The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 18 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 7, 2018

# အိန္ဒိယနိုင်ငံမှ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပဲတင်သွင်းခွင့် ကိုတာသတ်မှတ်မှုအရ ပြည်ပဈေးကွက်ဝင် သီးနှံများ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရေး

စာမျက်နှာ - ၁၄







## လစာတိုးရေစီးမှာ . . . . ထပွက်တဲ့ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း ဂယက်

စာမျက်နှာ - ၆

## သကြံန်ကာလအပြီး မြန်မာနိုင်ငံ ငါးဈေးကွက်အခြေအနေ

စာမျက်နှာ - ၁၇



## ပို့ကုန်ကဏ္ဍ အားထားရမည့် မြန်မာ့ဆန်နှင့် အလေးထားရန် လိုအပ်နေသည့် ကမ္ဘာ့ဆန်ဈေးကွက်

စာမျက်နှာ - ၈



Company annual dinner (နှစ်ပတ်လည်ညစာစားပွဲ အခမ်းအနားများ)၊ Product Launch Ceremony (ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲများ)၊ Promotion Event (အရောင်းမြှင့်တင်ရေးပွဲများ)၊ Fashion Show များ၊ Entertainment ဆိုင်ရာပွဲများ၊ Conference Meeting၊ Commercial TVC များ၊ မင်္ဂလာဆောင်အခမ်းအနားများ စသည်တို့နှင့်ပတ်သက်သော ဝန်ဆောင်မှုများကို တနေရာတည်းမှာ စုံလင်စွာဖြင့် (One stop service) အစအဆုံးတာဝန်ယူ ဆောင်ရွက်ပေးမည့် နေရာဖြစ်ပါသည်။

အသေးစိတ်သိရှိလေ့လာလိုပါက Facebook Page - Nine Event Planner ထံတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# 9 NINE
## EVENT MANAGEMENT

Facebook : Nine event planner
Call : 09 5035943, 09 43115470,09 450229974, 09 791946979
Email : nineeventplanner@gmail.com
Address : No.560(A), Ground Floor, Zaw Ti Ka Street,Thingangyun Township, Yangon.

SHT
Shwe Htwet Toe Co., Ltd

# ရွှေထွက်တိုး ကုမ္ပဏီလီမိတက်

KIOTI®
daedong

KIOTI-Daedong ထွန်စက်များကို တိုင်းနှင့်ပြည်နယ်အသီးသီးရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များတွင် ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။




ရန်ကုန်ရုံးချုပ် - အမှတ်(၁၉၄၄)၊ ဗိုလ်ချုပ်လမ်းနှင့် ဝိဇ္ဇာနှင်းလမ်းထောင့်၊ ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီးဘေး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၁-၆၈၄၇၃၃၃၊ ၀၉-၇၈၇၂၅၂၀၄၊ ၀၉-၇၈၇၁၁၈၅၅၃၀

မန္တလေးရုံးခွဲ - (၇၈)လမ်း၊ ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၊ ကျွဲဆည်ကန်(၆)လမ်း၊ အဆောင်(၈)၊ အခန်း(၁)၊ မန္တလေးမြို့။ ဖုန်း၊ ၀၉-၂၆၃၉၅၂၆၆၃၊ ၀၉-၇၈၇၁၀၆၇၉၇၆

နေပြည်တော်ရုံးခွဲ - အမှတ် P.S.H.M.(5)၊ မင်္ဂလာဦးရပ်ကွက်၊ ရာဇသင်္ဂဟလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း၊ ၀၉-၇၈၇၀၂၂၉၅၅

ပုသိမ်ရုံးခွဲ - အမှတ်(၆၈)၊ ရွှေ-ချောင်းသာလမ်းမကြီးဘေး၊ မြို့ပတ်ရပ်ကွက်၊ ပုသိမ်မြို့။ ဖုန်း၊ ၀၄၂-၂၄၃၂၅၊ ၀၉-၇၈၆၁၇၉၉၈၁၇

မကွေးရုံးခွဲ - သမဝါယမအသင်းစုရုံးဝင်းအတွင်း၊ နတ်မောက်လမ်းမကြီးနှင့် မဖွဲ့လမ်းထောင့်၊ မြို့သာရပ်ကွက်၊ တပ်မ(၈၈)အနီး၊ မကွေးမြို့။ ဖုန်း၊ ၀၉-၇၈၇၇၇၄၆၈၇

ရွှေဘိုရုံးခွဲ - ရွှေဘိုသမဝါယမပိုင်းအတွင်း၊ ရွှေဘို-မန္တလေးလမ်းမကြီးနှင့် ဗညှင်းနိုင်ငံကလေးကျောင်းသွား လမ်းမကြီးကြား၊ ရွှေဘိုမြို့။ ဖုန်း၊ ၀၉-၇၈၆၆၄၆၂၉၃

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး စင်ကာပူနိုင်ငံ၌ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်သို့တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ၂၀၁၈ ခုနှစ် ဧပြီ ၂၈ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ၌ (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် တစ်ဆက်တည်းကျင်းပပြုလုပ်သည့်(၁၅)ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဖိုရမ်သို့ တက်ရောက်ခဲ့သည်။




အဆိုပါဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ ရက် ဒေသ စံတော်ချိန် ၀၉:၃၀ နာရီ၌ စင်ကာပူသမ္မတနိုင်ငံ Marina Mandarin Hotel တွင် ကျင်းပခဲ့ရာ ဒုတိယဝန်ကြီးက "Shape of Future Economic Integration-Making ASEAN more Relevant and Resilient to Business and SMEs" ခေါင်းစဉ်ဖြင့် ကျင်းပသည့် စီးပွားရေးဝန်ကြီးများ စကားဝိုင်း ဆွေးနွေးပွဲတွင် အဓိကဆွေးနွေးသူ (Panelist)အဖြစ် ပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဟောင်ကောင်နှင့် ဗြိတိန်နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြပြီး အာဆီယံဒေသတွင်း SMEs လုပ်ငန်းများ ရင်ဆိုင်နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုနှင့် တန်ဖိုးကွင်းဆက်တွင် SMEs များ ပါဝင်နိုင်ရေး လိုအပ်ချက်များ၊ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ၊ SMEs လုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးအတွက် နည်းပညာအသုံးပြုမှုနှင့် ဒီထွင်ဆန်းသစ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

နေ့လယ်ပိုင်းတွင် ဖိုရမ်ကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် "အာရှရာစုနှစ်နှင့် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု အစီအစဉ်ဆိုင်ရာဆွေးနွေးပွဲ" နှင့် "တီထွင်ဆန်းသစ်မှုဖြင့် လူမှုအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများအား မြှင့်တင်ခြင်းနှင့် စပ်လျဉ်းသည့်ဆွေးနွေးပွဲ"များသို့ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# မြန်မာ-တရုတ် ပို့ကုန်များဖြစ်သည့် လယ်ယာထွက်ကုန်သီးနှံများအပေါ် အရည်အသွေး ထိန်းကျောင်းနိုင်ရေး ဒုတိယအကြိမ် အစည်းအဝေးကျင်းပ



မြန်မာ-တရုတ်ပို့ကုန်များတွင် လယ်ယာထွက်ကုန်သီးနှံများဖြစ်သော ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ပြောင်းတို့ကို အရည်အသွေးမြင့် ထွက်ကုန်များအဖြစ် တင်ပို့နိုင်ရေး၊ အရည်အသွေးပိုင်းဆိုင်ရာ ထောက်ခံချက်ထုတ်ပေးသော လုပ်ငန်းများမြှင့်တင်နိုင်ရေး၊ ရေရှည်ခိုင်မာသည့် ဈေးကွက်အဖြစ်ရပ်တည်နိုင်ရေး၊ တရားဝင်တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ ချိတ်ဆက်ဆောင်ရွက်ရန် ရည်ရွယ်၍ မြန်မာ-တရုတ်ပို့ကုန်များအပေါ် အရည်အသွေး ထိန်းကျောင်းနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အစည်းအဝေးသို့ စားသုံးသူရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS)၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်းဝန်ထမ်းများ စုစုပေါင်း ၂၇ ဦးတက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် လယ်ယာထွက်ကုန်သီးနှံများအနက် ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ပြောင်းတို့ကို အရည်အသွေး စစ်ဆေးထိန်းကျောင်းနိုင်ရေးအတွက် စီမံချက်ရေးဆွဲရာတွင်ပါဝင်သည့် အဓိက စစ်ဆေးမည့် လယ်ယာထွက်ကုန်များ၊ စစ်ဆေးဆောင်ရွက်မည့်လမ်းကြောင်းနှင့် နေရာများ၊ စစ်ဆေးရေးအဖွဲ့တွင် ထည့်သွင်းဖွဲ့စည်းမည့် ဌာနဆိုင်ရာများ၊ စံပြလုပ်ထုံးလုပ်နည်းများ၊ အရည်အသွေးပိုင်းဆိုင်ရာ ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ကုန်ပစ္စည်းစစ်ဆေးသည့်လုပ်ငန်းတို့က ဝိုင်းဝန်းဆွေးနွေးခဲ့ပါတယ်။ ပထမအကြိမ်အစည်းအဝေးကို ဧပြီ ၁၁ ရက်က နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်သီ (စားသုံးသူ)ရန်ကုန်**

# ဆီထွက်သီးနှံတန်ဖိုးကွင်းဆက် ပွဲစားဂိုဒေါင်များတွင် အစားအစာဘေးကင်းရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဆိုင်ရာ လက်စွဲစာအုပ်(မူကြမ်း)အလုပ်ရုံဆွေးနွေးပွဲကျင်းပ

အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ပါဝင်သော ဆီထွက်သီးနှံကဏ္ဍ၊ အရည်အသွေးကဏ္ဍတို့နှင့်သက်ဆိုင်သည့် မြန်မာနိုင်ငံရှိ ဆီထွက်သီးနှံ တန်ဖိုးကွင်းဆက်တစ်လျှောက် ပို့ကုန်ဝင်ငွေ တိုးမြှင့်စေရေးအတွက် အစားအစာလုံခြုံစိတ်ချရမှု တိုးတက်ရေးနှင့် အပင်ပိုးမွှားကင်းရှင်းစေမည့် နည်းစနစ်များ လိုက်နာကျင့်သုံးရေးဆိုင်ရာ စီမံကိန်းကို နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (ITC) နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စံချိန်စံညွှန်းနှင့် ကုန်သွယ်ရေး အထောက်အကူပြုအဖွဲ့တို့၏ (WTO-STDF) အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ဆီထွက်သီးနှံ တန်ဖိုးကွင်းဆက်၏ ကဏ္ဍတစ်ခုဖြစ်သော ပွဲစား၊ ကုန်သည် ဂိုဒေါင်များအတွက် အစားအစာ ဘေးကင်းရေးနှင့် အရည်အသွေ ထိန်းသိမ်းရေးဆိုင်ရာ လက်စွဲစာအုပ်ကို နိုင်ငံတကာပညာရှင်နှင့် ပြည်တွင်းပညာရှင်များဖြင့် (မူကြမ်း)ပြုစုပြီး

**စာမျက်နှာ ၂၁ သို့**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၁၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ကုန်သွယ်ရေးစခန်းများမှဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့

ရက်သတ္တပတ်ဖြစ်တဲ့ ဧပြီ ၂၁ ရက်မှ ၂၇ ရက်အထိ ကာလအတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ၅၉၅သန်း တန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ကောက်ညှင်းဆန် ၂၉၂၈၈ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ မြန်မာ- တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် တန်ချိန် ၂၄၂၅၀၊ ငစိန်ဆန် တန်ချိန် ၁၀၀နဲ့ ကောက်ညှင်းဆန် ၃၂ တန်ကျော်တင်ပို့ပြီး ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၅၂ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၁၁၁ တန်ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က သင်္ကြန်ရက်များဖြစ်တဲ့အတွက် ဆန်တင်ပို့မှု လျော့ကျခဲ့သော်လည်း ယခုတစ်ပတ်မှာ ပုံမှန်ပြန်လည် တင်ပို့နေပြီဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-တရုတ်နယ်စပ်မှ ၂၃၆၇၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိမောင်တောကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၅သန်းတန်ဖိုးရှိ ဧည့်မထဆန် ၅၄၁ တန်ကျော် တင်ပို့ပြီး ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ၁၆၈ တန် ပိုမို တင်ပို့နိုင်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ ဆန်ကွဲလည်း ပိုမိုတင်ပို့တာ တွေ့ရပါတယ်။ အမေရိကန်ဒေါ်လာ သုညဒသမ ၄၄၈ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၄၂၈ တန်ကျော်ကို မူဆယ် (၁၀၅) မိုင်မှ တန်ချိန် ၁၀၈၀နဲ့ လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ ၃၄၈တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၁၀၅၁တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၃၄၉ သန်း တန်ဖိုးရှိဧည့်မထဆန်နဲ့ ငစိန်ဆန် ၈၄၄တန်ကျော် တင်ပို့ခဲ့ပြီး မလေးရှားနိုင်ငံသို့ ဧည့်မထဆန် ၄၉၂ တန်၊ ပိုလန်နိုင်ငံသို့ ၁၀၂ တန်နဲ့ အိုင်ဗရီကို့စ်နိုင်ငံသို့ ငစိန်ဆန် တန်ချိန် ၂၅၀ တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန် ၁၇၂၆၆ တန် တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ ၁၆၄၂၂ တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၈သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၂၀၀ ကို တရုတ်နိုင်ငံသို့ တန်ချိန် ၅၀ နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၃၁၅၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှု ၆၆၀၅ တန်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၄၀၅ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်နဲ့ဆန်ကွဲတင်ပို့မှုမှာ ကုန်သွယ်ရေးစခန်းများမှ ပိုမိုတင်ပို့နိုင်ပြီး ပင်လယ်ရေကြောင်းမှ လျော့ကျခဲ့ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်အဝင်နည်းပြီး အဝယ်လိုက်တဲ့အတွက် ဈေးတက်

ရန်ကုန်ဆန်ဈေးကွက်မှာ ဆန် ချောနဲ့ ဆန်ကြမ်း အဝင်နည်းတာကြောင့် ဆန်ဈေးတက်ပြီး တစ်ပတ်အတွင်းမှာ ဈေးအတက်အကျဖြစ်ပေါ်ခဲ့ပါတယ်။ ဝါးတန်းကုန်စည်ဒိုင်ရဲ့ဆန်လက်ကား ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၉၀၀၀နဲ့လတ်စတစ်အိတ်ကျပ် ၃၅၅၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ဆန်ထိပ်စ တစ်အိတ်ကျပ် ၄၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၄၄၀၀၀၊ နယ်စုံ ကျိုက်လတ် ထိပ်စ တစ်အိတ်ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ပေါ်ဆန်းအသစ်(ရှယ်) တစ်အိတ်ကျပ် ၃၆၀၀၀ မှကျပ် ၃၈၀၀၀၊ နယ်စုံ ကျားပျံ (ရှယ်)တစ်အိတ်ကျပ် ၄၀၀၀၀ မှ ကျပ် ၄၂၀၀၀၊ ဒေးဒရဲ ကျားပျံ တစ်အိတ်ကျပ် ၄၂၀၀၀ မှ ကျပ် ၄၅၀၀၀ ဖြစ်ပြီး တစ် အိတ်ကို ကျပ် ၁၀၀၀ မှ ကျပ် ၃၀၀၀အထိ ဈေးတက်ပါတယ်။ ယခုတစ်ပတ်အတွင်းမှာ ဆန်ဈေးအတက်အကျရှိသော်လည်း ဧပြီလဆန်းပိုင်းကဈေးထက် ပိုမြင့်ပြီး ယခုရက်ပိုင်းအတွင်း အတက် ဈေးနဲ့ ပြန်ငြိမ်နေတယ်လို့ ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

ဆန်ကြမ်းကလည်း အဝယ် လိုက်တဲ့အတွက် ဈေးတက်လာကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။ ဧည့်မထ ၂၅ မှတ် တစ်အိတ်ကျပ် ၁၉၈၀၀ မှကျပ် ၂၀၂၀၀၊ မိုးသုခ တစ်အိတ် ကျပ် ၂၄၅၀၀ မှ ကျပ် ၂၆၀၀၀၊ ရက် ၉၀ အသစ် တစ်အိတ်ကျပ် ၂၃၀၀၀ မှကျပ် ၂၅၀၀၀၊ သီးထပ်ရှယ် တစ်အိတ်ကျပ် ၂၂၀၀၀ မှ ကျပ် ၂၂၅၀၀ ရှိပြီး ရက် ၉၀နဲ့ သီးထပ်ဆန် တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၂၀၀၀ အထိ ဈေးတက်ကြောင်း သိရပါတယ်။ ဆန်အဝင်နည်းပြီးအဝယ်လိုက်တဲ့အတွက် ဈေးတက်တာဖြစ်တယ်လို့ ကုန်စည်ဒိုင်မှ သတင်းရှိပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မေလပထမပတ်တွင် ပေါ်ဆန်းစပါး/ဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြောင်းမြခရိုင်နှင့် ဖျာပုံခရိုင်တွင် မေလ ပထမပတ်အတွင်း ပေါ်ဆန်းစပါး ဆန်ဈေးနှုန်းများ ယခင်တစ်ပတ်ထက် မြင့်တက်လျက်ရှိကြောင်း ဈေးကွက်သတင်းများမှသိရသည်။

မြောင်းမြခရိုင်အတွင်း ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်း မြို့နယ်များတွင် ယခင် တစ်ပတ်က ပေါ်ဆန်းစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၈၁၀၀၀၀- ကျပ် ၇၈၈၀၀၀ ဈေးနှုန်းမှ ယခု ကျပ် ၈၃၂၀၀၀ - ကျပ် ၈၀၆၀၀၀ ဖြစ်သွားကြောင်းသိရသည်။

စပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ဝန်းကျင်ဈေးနှုန်းမြင့်တက်သွားပြီး ဖျာပုံခရိုင် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ မြို့နယ်များတွင် ပေါ်ဆန်းစပါးဈေးမှာ ယခင်တစ်ပတ်က ၄၆ ပေါင်တင်း ၁၀၀ ကိုကျပ် ၈၃၀၀၀၀ - ကျပ် ၈၂၀၀၀၀ ဈေးမှ ယခု ကျပ် ၈၄၉၀၀၀ - ကျပ် ၈၃၈၀၀၀ ဈေးဖြစ်သွားပြီး စပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ဝန်းကျင်ဈေးနှုန်းမြင့်တက်လျက်ရှိသည်။ ဆန်ဈေးနှုန်းမှာ ယခင်ပေါ်ဆန်းတစ်အိတ်ကို ကျပ် ၃၇၀၀၀ - ကျပ် ၃၉၀၀၀ မှ ယခု ကျပ် ၃၈၅၀၀ - ကျပ် ၄၁၀၀၀ ဝန်းကျင် ဈေးနှုန်းမြင့်တက်၍ ဆန်တစ် အိတ်ကို ကျပ် ၁၅၀၀ ခန့် ဈေး မြင့်တက်လျက်ရှိပြီး ပေါ်ဆန်းစပါးလက်ကျန်များ လျော့



နည်းလာမှု၊ ရန်ကုန်မှဆန်အဝယ်လိုက်ခြင်းနှင့်ဒေသတွင်း ဝယ်လိုအားရှိမှုကြောင့် ပေါ်ဆန်းစပါး/ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက် သတင်းများမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၄-၅-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၄၃ | ၄၃၇ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၃၃ | ၄၂၇ | ▽ | ၄၄၂ | ၄၄၃ | △ | ၄၂၇ | ၄၂၈ | △ | ၄၅၃ | ၄၄၅ | ▽ |
| ဆန်ဖြူ ၁၀% | ၄၃၁ | ၄၂၅ | ▽ | ၄၃၇ | ၄၃၈ | △ | - | - | - | ၄၄၉ | ၄၄၁ | ▽ |
| ဆန်ဖြူ ၁၅% | ၄၂၃ | ၄၁၇ | ▽ | ၄၃၀ | ၄၃၃ | △ | - | - | - | ၄၄၅ | ၄၃၇ | ▽ |
| ဆန်ဖြူ ၂၅% | ၄၀၅ | ၄၀၁ | ▽ | ၄၁၅ | ၄၁၅ | □ | ၃၈၀ | ၃၈၀ | □ | ၄၁၃ | ၃၉၉ | ▽ |
| ပေါင်းဆန် | ၄၅၉ | ၄၅၆ | ▽ | - | - | - | ၄၁၂ | ၄၁၃ | △ | ၄၁၂ | ၄၀၈ | ▽ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၄-၅-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၅၀ | □ | ၂၃၅၀၀ | □ | ၉၁၈၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၀၀၀ | □ | ၈၉၃၀ | □ | ၄၀၀၀၀ | △ |
| ပဲခူး | ၅၈၀၀ | □ | ၂၄၀၀၀ | □ | ၇၀၀၀ | □ | ၃၇၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၇၀၀၀ | □ | ၁၄၅၀၀ | □ | ၄၇၀၀၀ | △ |
| စစ်တွေ | ၄၆၅၀ | □ | ၁၉၅၀၀ | □ | ၇၃၀၀ | □ | ၃၃၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၈၀၀ | △ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၄၅၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၈၂၀၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၈၂၀၀ | ▽ | ၃၂၀၀၀ | □ | - | - | ၅၈၀၀၀ | □ |
| မြိတ် | ၅၇၀၀ | △ | ၂၆၅၀၀ | △ | - | - | ၄၂၀၀၀ | △ |
| ဘားအံ | ၅၆၀၀ | △ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၃၀-၄-၂၀၁၈ မှ ၄-၅-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 571 | 32,078,325.110 |
| 2 | Form D | 81 | 3,619,036.850 |
| 3 | Form E | 91 | 10,007,094.576 |
| 4 | Korea GSP | 1 | 4,500.000 |
| 5 | Form AK | 55 | 2,261,509.314 |
| 6 | Form AJ | 7 | 678,823.030 |
| 7 | Form AI | 30 | 1,801,767.520 |
| 8 | Form AANZ | 6 | 7,300.900 |
| 9 | Form DFTP | | |
| **Grand Total** | | **842** | **50,458,357.300** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၄-၅-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၇/၄ | ၄/၅ | ပြောင်းလဲမှု | ၂၇/၄ | ၄/၅ | ပြောင်းလဲမှု | ၂၇/၄ | ၄/၅ | ပြောင်းလဲမှု | ၂၇/၄ | ၄/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၀၉ | ၆၂၄ | ▼ | ၇၀၀ | ၆၀၀ | ▼ | ၇၅၀ | ၆၀၀ | ▼ | ၆၅၀ | ၆၂၅ | ▼ |
| ပဲစင်းငုံ | ၆၀၉ | ၅၅၅ | ▼ | ၅၁၇ | ၄၈၃ | ▼ | ၅၁၅ | ၄၂၅ | ▼ | ၅၀၀ | ၄၂၅ | ▼ |
| ပဲတီစိမ်း | ၁၁၃၀ | ၁၁၃၀ | ■ | ၁၉၂၀ | ၁၈၈၄ | ▼ | ၁၀၅၀ | ၁၈၆၀ | ▲ | ၁၁၇၀ | ၁၁၇၀ | ■ |
| ကုလားပဲရိုးရိုး | ၁၄၅၀ | ၁၂၂၅ | ▼ | ၁၁၃၅ | ၁၀၃၁ | ▼ | ၁၁၅၀ | ၁၀၃၅ | ▼ | ၁၀၅၅ | ၁၀၁၀ | ▼ |
| ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၇ | ၁၁၁၇ | ■ | ၁၁၇၀ | ၁၁၇၀ | ■ | ၁၂၀၀ | ၁၂၂၀ | ▲ |
| ထောပတ်ပဲ | ၁၉၆၅ | ၁၈၂၅ | ▼ | ၁၇၉၆ | ၁၇၉၆ | ■ | ၁၇၆၀ | ၁၇၁၀ | ▼ | ၁၇၈၀ | ၁၇၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၄-၅-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၇/၄ | ၄/၅ | ပြောင်းလဲမှု | ၂၆/၄ | ၃/၅ | ပြောင်းလဲမှု | ၂၆/၄ | ၃/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၂၀ | ၂၈၅ | ▼ | ၅၄၃ | ၅၃၃ | ▼ | ၄၉၄ | ၄၈၀ | ▼ |
| ပဲစင်းငုံ | ၂၇၀ | ၂၇၀ | ■ | ၅၆၅ | ၅၆၃ | ▼ | ၅၈၇ | ၅၈၆ | ▼ |
| ပဲတီစိမ်း | ၆၅၀ | ၆၅၀ | ■ | - | - | - | ၇၄၈ | ၇၃၆ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၅၈၀ | ၅၈၀ | ■ | ၅၃၉ | ၅၄၃ | ▲ | ၅၅၀ | ၅၆၃ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၂၁.၄.၁၈)ထိ | (၂၈.၄.၁၈)ထိ | (၂၈.၄.၁၈) ထိ |
| မတ်ပဲ | ၆၂၇၃၄ | ၂၀၀၇ | ၆၄၇၄၁ |
| ပဲတီစိမ်း | ၄၈၇၂၉ | ၁၉၇၇ | ၅၀၇၀၆ |
| ပဲစင်းငုံ | ၃၀၀၆၅ | ၂ | ၃၀၀၆၇ |
| ကုလားပဲ | ၁၂၆၄၄ | ၁၀ | ၁၂၆၅၄ |
| ပဲလွန်းဖြူ | ၁၆၂၃၂ | ၁၉၈ | ၁၆၄၃၀ |
| မြေထောက်ပဲ | ၅၈၁၅ | ၂၅၃ | ၆၀၆၈ |

## ပြည်ပဲနီပြား ဈေးပိုလာသလို အရောင်းအဝယ်လည်းသွက်

ပြည်ပဲဈေးကွက်အတွင်း အခြားပဲများ ဈေးလျော့အရောင်းအဝယ်ဖြစ်နေသော်လည်း ပဲနီပြားသီးနှံကတော့ ဈေးမြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ယခင်တစ်ပတ်က တစ်တင်း ကျပ်၂၇၀၀၀ ဖြင့် ရောင်းဝယ်နေခဲ့ကြရာက ယခုတစ်ပတ်မှာ တစ်တင်းကျပ် ၁၅၀၀ ဈေးမြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။ ပဲဝင်ရောက်မှုမှာ တစ်ရက် အိတ် ၁၀၀-၁၅၀ ကျော်ခန့် ဝင်ရောက်ခဲ့သလို ဝယ်လိုအားကလည်း လှောင်ပဲသမားများနှင့် လက်လီသမားများ အဝယ်လိုက်ခဲ့လို့ လက်လီ၊လက်ကား အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ လှောင်သမား အဝယ်လိုက်သည့် ရက်တွင် အိတ် ၁၅၀ ကျော်အထိ ရောင်းဝယ်မှုရှိခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## လွယ်ဂျယ်ကုန်သွယ်ရေးမှ ပဲတောင့်ရှည် တန်၁၀၀ကျော် တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိလွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ ဧပြီနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၈၈၁၈ တန်ဖိုးရှိပဲတောင့်ရှည် (အစို) ၁၅၃ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဖေဖော်ဝါရီလဆန်းပိုင်းကလည်း ၉ တန် တင်ပို့ခဲ့ပါတယ်။ ပဲတောင့်ရှည်များကို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီမှာ စတင်တင်ပို့ခဲ့တာလို့ သိရပါတယ်။

**မော်မော်အောင်**

## မတ်လဆန်း ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲအားလုံးလိုလို ဈေးလျော့ပြီး ပဲကြီးသီးနှံ ဈေးကောင်းရလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း ပဲသီးနှံအားလုံးလိုလို ဈေးလျော့နည်း လာခဲ့တာကို တွေ့ရပါတယ်။ ပဲအချို့မှာ အဝင်နည်းသွားသလို အချို့ပဲတွေကတော့ နေ့စဉ်ဝင်ရောက်မှု များနေခဲ့တာကိုလည်း တွေ့ရပါတယ်။ ပဲတီစိမ်းသီးနှံအနေဖြင့် ပဲဝင်ရောက်မှု လုံးဝမရှိတော့ဘဲ လက်ကျန်ပဲလည်း မရှိတာကြောင့် အရောင်းအဝယ်မဖြစ်တော့ဘူးလို့ သိရပါတယ်။ မတ်ပဲနှင့် ပဲစင်းငုံသီးနှံများမှာ မတ်ပဲ သီးနှံဝင်ရောက်မှုရှိခဲ့သော်လည်း ပဲစင်းငုံသီးနှံမှာတော့ ပဲအဝင်မရှိဘဲ လက်ကျန်လှောင်ပဲများ ရှိခဲ့တဲ့အတွက် ဝယ်လိုအားရှိသည့် ရက်တွင် အိတ် ၁၀၀ ကျော်မှ ၂၀၀ ကျော်ထိ အရောင်းအဝယ် ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာ ထပ်မံဈေးလျော့သွားခဲ့တဲ့အတွက် တစ်တင်းကျပ်တစ်သောင်းအောက်ထိ ကျဆင်းနေခဲ့တာကြောင့် ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံး ဖြစ်ခဲ့တဲ့ ပဲသီးနှံဖြစ်နေခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ ပဲဝင်ရောက်မှု ပုံမှန်ဖြစ်ခဲ့သလို ရန်ကုန်ဝယ်လက်မှလည်း နေ့စဉ် ဝယ်ယူခဲ့တဲ့အတွက် တစ်ရက် အိတ် ၂၀၀-၃၀၀ ကျော်မှ အိတ် ၄၀၀ ကျော်ထိ ရောင်းချမှုရှိခဲ့ကြောင်း သိရပါတယ်။ ဈေးနှုန်းကတော့ ဈေးလျော့နည်းလာတဲ့အတွက် တစ်တင်းကျပ် ၁၂၀၀၀ ဖြင့်သာ ရောင်းဝယ်ခဲ့ရပြီး ပဲစင်းငုံသီးနှံထက်တော့ ဈေးပိုနေခဲ့ကြောင်း သိရပါတယ်။ ပဲဈေးမကောင်းသော်လည်း ငွေလိုသူ တောင်သူများကတော့ ရသလောက်ဈေးဖြင့်သာ ရောင်းချနေခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ်ကဆိုလျှင် ယခုကာလ မတ်ပဲသီးနှံဈေးမှာ တစ်တင်းကျပ် သုံးသောင်းကျော်ထိ ရရှိနေခဲ့တဲ့အတွက် ဈေးကောင်းဝင်သီးနှံတစ်မျိုးဖြစ်ခဲ့တာကို တွေ့ရပါတယ်။

မတ်ပဲ၊ ပဲစင်းငုံသီးနှံ ဈေးအေးခဲ့သော်လည်း ပဲကြီး၊ ကုလားပဲသီးနှံများကတော့ ယခုနှစ်မှာ ဈေးကောင်းရခဲ့တာကို တွေ့ရပြီး ကုလားပဲသီးနှံမှာ ယခုကာလအတွင်း ဈေးနှုန်းလျော့နည်းသွားပေမယ့် ပဲကြီးသီးနှံကတော့ ဈေးကောင်းရနေခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ယခုလဆန်းရက်မှာ ပဲကြီး(ရွှေကျွန်း) တစ်တင်း ကျပ် ၃၄၀၀၀ မှ ကျပ် ၃၅၀၀၀ ၊ (ကမ်းနား)ပဲတစ်တင်းကျပ် ၂၈၀၀၀ မှကျပ် ၂၉၀၀၀ အသီးသီးရလျက်ရှိကြကာ ပန်းတောင်းနှင့် ပြည်အနီးတစ်ဝိုက်နယ်စုံမှ ဝင်ရောက်ခဲ့သော်လည်း တစ်ရက်အိတ် ၂၀၀ ကျော်ခန့်သာ ဝင်ရောက်မှုရှိခဲ့ပါတယ်။ ပဲကြော်ဖိုသမားများ ပုံမှန်ဝယ်ယူလျက်ရှိတာကြောင့် နေ့စဉ်အိတ် ၂၀၀-၃၀၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့တာကို လေ့လာသိရှိရ ပါတယ်။

လက်လီပဲဈေးကွက်အခြေအနေကို လေ့လာရာမှာတော့ ဘိုကိတ်ပဲသီးနှံ အဝင်ပါးလို့ တစ်ရက်အိတ် ၅၀ ကျော်သာ ဝင်ရောက်ပြီး လက်လီသမားအဝယ်ရှိတဲ့အတွက် ဝင်လာသမျှ အိတ်အရေအတွက် ပုံမှန်ရောင်းဝယ်မှု ရှိခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၁၆၀၀၀ ဖြင့် ဈေးတည်ငြိမ် နေပြီး စားတော်ပဲသီးနှံမှာလည်း ပဲအဝင်နည်းပေမယ့် လက်လီ ပုံမှန်ရောင်းဝယ်မှု ဖြစ်ခဲ့ကြသလို တစ်တင်းကျပ် ၃၆၅၀၀ဖြင့် ဈေးအမြင့်အတိုင်း ရောင်းချနေခဲ့ကြတာကို တွေ့ရပါတယ်။ ပဲပုပ်သီးနှံမှာ ယခုလဆန်းရက်အတွင်း ပဲဈေးနှုန်း မြင့်တက်လာတာကြောင့် တစ်တင်း ကျပ် ၂၆၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက် တစ်တင်းကျပ် ၁၀၀၀ ကျော် ဈေးပိုရခဲ့ကာ လက်လီအိတ်အနည်းငယ်ခန့် ရောင်းဝယ်နေခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲ ဈေးလျော့သွားပေမယ့် အရောင်းအဝယ်သွက်နေခဲ့

ပြည်ပဲဈေးကွက်အတွင်း အခြားပဲများ ပဲဝင်ရောက်မှုနည်းခဲ့ပေမယ့် ကုလားပဲသီးနှံမှာ နေ့စဉ်အိတ် ၄၀၀-၅၀၀ အထိ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ မင်းတုန်း၊ကံမ၊ ပန်းတောင်းမြို့နယ်နှင့် ရန်ကုန်-ပြည် ရထားလမ်း တစ် လျှောက်မြို့နယ်များမှ ဝင်ရောက်ခဲ့ကြပြီး ဝယ်လက်ကတော့ ခွဲစက်သမား အဓိကထားဝယ်ယူလျက်ရှိကာ နေ့စဉ် အိတ် ၂၀၀-၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့သလို အချို့ရက်များတွင် အိတ် ၄၀၀-၅၀၀ ကျော်ထိ ရောင်းဝယ်မှုဖြစ်တာကြောင့် ပြည်ပဲဈေးကွက်အတွင်း အရောင်းအဝယ်အသွက်ဆုံး ပဲသီးနှံဖြစ်ခဲ့ကာ ပဲဈေးနှုန်းအနေဖြင့် တစ်တင်း ကျပ် ၁၉၀၀၀ ခန့်သာ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က တစ်တင်း ကျပ်နှစ်သောင်းကျော် ရရှိခဲ့လို့ ယခုတစ်ပတ်မှာ ပဲဈေးလျော့ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် တစ်တင်းကျပ် ၃၀၀၀ ခန့် ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပခုက္ကူကုန်စည်ဒိုင်၌ ထောပတ်ပဲဖြူ(ကျွန်း)နှင့် စွန်တာနီ(ကျွန်း) အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီအဟောင်း တစ်တင်းလျှင်ကျပ် ၁၀၃၀၀ ဖြင့် အိတ် ၁၀၀ ခန့် ၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၁၉၇၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင်ကျပ် ၂၁၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၀၃၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ဒေသထွက်ဖြစ်သော ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၄၅၀၀ မှ ကျပ် ၂၆၅၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ပဲယင်း(မြစ်ခြေ)တစ်တင်းလျှင် ကျပ် ၁၈၂၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲလွန်းပြာအသစ် တစ်တင်းလျှင် ကျပ် ၁၆၇၀၀ ဖြင့် အိတ် ၅၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၁၁၀၀ ဖြင့် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

စွန်တာနီ(ကျွန်း)တစ်တင်းလျှင် ကျပ် ၁၉၆၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ထီးလင်း (စားတော်ပဲ) တစ်တင်းလျှင်ကျပ် ၃၄၀၀၀ ဖြင့် အိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းဖူးစေ့ (CP)ဈေး အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၀၈၀၀ ဖြင့် အိတ် ၁၀၀ ခန့် နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။

ကျွန်းထောပတ်ဖြူတစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ယောထောပတ်ပဲဖြူတစ်တင်းလျှင်ကျပ် ၃၄၂၀၀ ဖြင့် အိတ် ၃၀၀ ခန့် နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲယင်း(မြစ်ခြေ)တစ်တင်းလျှင် ကျပ် ၁၈၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒေသထွက် မန်ကျည်းတောင့်ဈေးမှာ ယခင်တစ်ပတ်ထက်ဈေး အနည်းငယ်ကျဆင်းနေပါတယ်။ ယခင်တစ်ပတ်တွင် မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၁၀၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၇၉၀ ဖြင့် ပိဿာချိန် ၁၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲဈေးကွက်အတွင်း ဈေးကောင်းရနေတဲ့ ထောပတ်ပဲ

မေလဆန်းတွင် ပြည်ပဲဈေးကွက်အတွင်း ပဲအဝင်မရှိပေမယ့် လက်ကျန်လှောင်ပဲများ အသင့်အတင့်ရှိခဲ့တာကြောင့် လက်လီအရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာတစ်တင်း ကျပ် ၃၅၀၀၀ ဖြင့် ဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်နေခဲ့သော်လည်း အခြားပဲများထက် ဈေးပိုရလျက်ရှိကာ စားတော်ပဲသီးနှံထက်တော့ ဈေးနိမ့်နေခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း မေလဆန်းတွင် ဈေးကောင်းရနေတဲ့ ပဲသီးနှံအမျိုးအစား တစ်ခုအဖြစ် ပါဝင်နေခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က ထောပတ်ပဲသီးနှံဈေးမှာ မေလအတွင်း တစ်တင်း ကျပ် ၂၃၅၀၀ သာရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးက ယခင်နှစ်ထက် ကျပ်တစ်သောင်းကျော်ထိ ဈေးပိုရခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၃ .၅ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT CORVUS | P'Oil(In Bulk) ၅၀၀၀ ကုန်တင်ရန် |
| ထီးတန်းဆိပ်ကမ်း(၂) | - SINA BANDA | ကုန်သေတ္တာ ၅၂၉ ကုန်ချ ၅၃၀ ကုန်တင်ရန် |
| အလုံဆိပ်ကမ်း(၂) | - LEILA-H | TRANSFORMER ၄၆၅ ကုန်ချရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - U THAR | Urea (In Bulk) ၁၀၇၄၃ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၂) | - MAERSK WELLINGTON | ကုန်သေတ္တာ ၃၅၈ ကုန်တင် ၃၂၇ ကုန်ချရန်ရှိ (အလုပ်မလုပ်သေး) |
| သီလဝါဆိပ်ကမ်း(၃) | - MONTOK | Cement(In Bulk) ၉၀၀၀ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၄) | - RASING SKY | Steel ၃၂၂၀၉ ကုန်ချရန် |
| MMTM JETTY | - MT.FLY SEAL | Mogas 92 RON ၈၅၈၄ ကုန်ချရန် |
| APEX JETTY | - MT.FLYMARLIN | DieselOil ၉၈၄၁ ကုန်ချရန် |
| PUMA JETTY | - MT.OCEAN SUPEREME | JET A-1 ၁၃၂၄၄ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BESIKTAS-M | SteelProduct ၂၉၅၀၀တန်ကုန်ချရန် | - | ၄ ၊ ၅ ၊ ၂၀၁၈ |
| DARINA | Project Cargo ၁၀၀ တန်ကုန်ချရန် | SINGAPORE | ၅ ၊ ၅ ၊ ၂၀၁၈ |
| HAI YU | Coal (In Bulk) ၂၅၀၀၀ ကုန်ချရန် | RUSSIA | ၅ ၊ ၅ ၊ ၂၀၁၈ |
| DYNAMIC OCEAN | Steel Coil ၃၂၀၀ ကုန်ချရန် | VIETNAM | ၆ ၊ ၅ ၊ ၂၀၁၈ |
| LIZSTAR GLORY | Steel ၂၅၃၂ကုန်ချရန် | JAPAN | ၁၀ ၊ ၅ ၊ ၂၀၁၈ |
| CO CO GUYUN | Fertilizer ၇၂၀၀ ကုန်ချရန် | THAILAND | ၁၀ ၊ ၅ ၊ ၂၀၁၈ |
| NORWID | Ammonium Nitrate+G/C ၆၇၇၂ကုန်ချရန် | CHINA | ၁၂ ၊ ၅ ၊ ၂၀၁၈ |
| VIKING SEA | Units Vehicle (RO/RO) ၁၀၇၄ ကုန်ချရန် | JAPAN | ၁၄ ၊ ၅ ၊ ၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၃ ၊ ၅ ၊ ၂၀၁၈ |
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄ ၊ ၅ ၊ ၂၀၁၈ |
| SHAHR E KORD | SINGAPORE | သီလဝါဆိပ်ကမ်း | ၄ ၊ ၅ ၊ ၂၀၁၈ |
| OLYMPIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၅ ၊ ၅ ၊ ၂၀၁၈ |
| SINAR BATAM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၅ ၊ ၅ ၊ ၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅ ၊ ၅ ၊ ၂၀၁၈ |
| TORRES STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၆ ၊ ၅ ၊ ၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆ ၊ ၅ ၊ ၂၀၁၈ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇ ၊ ၅ ၊ ၂၀၁၈ |
| ARCA | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၇ ၊ ၅ ၊ ၂၀၁၈ |
| SINAR BIMA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉ ၊ ၅ ၊ ၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉ ၊ ၅ ၊ ၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀ ၊ ၅ ၊ ၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁ ၊ ၅ ၊ ၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃ ၊ ၅ ၊ ၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.FLY MARLIN | ဒီဇယ်ဆီ | SINGAPORE | ၄ ၊ ၅ ၊ ၂၀၁၈ |
| MT.GRATE PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၄ ၊ ၅ ၊ ၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၄ ၊ ၅ ၊ ၂၀၁၈ |
| MT.YU RU | MOGAS(92 RON) | SINGAPORE | ၅ ၊ ၅ ၊ ၂၀၁၈ |
| MT.AUVIRGO | P'Oil(In Bulk) | INDONESIA | ၇ ၊ ၅ ၊ ၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၈ ၊ ၅ ၊ ၂၀၁၈ |
| MT.SK LINE -1 | P'Oil(In Bulk) | INDONESIA | ၈ ၊ ၅ ၊ ၂၀၁၈ |
| MT.OCEAN LARK | ဒီဇယ်ဆီ | SINGAPORE | ၁၀ ၊ ၅ ၊ ၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁၂ ၊ ၅ ၊ ၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၁၃ ၊ ၅ ၊ ၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၆ ၊ ၅ ၊ ၂၀၁၈ |

# လစာတိုးရေစီးမှာ ။ ။ ။ ။ ထပွက်တဲ့ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းဂယက်

**မြင့်ဦး(ပခုက္ကူ)**

၂၀၁၈ ခုနှစ် ဧပြီ ၃၀ ရက် တနင်္လာနေ့ ကျွန်တော်တို့ ဝန်ထမ်းများဘဝ လစာထုတ်ရက်ပျော်လိုက်ကြတဲ့ ဖြစ်ခြင်းဗျာ။ ဝန်ထမ်းအားလုံး ပျော်ကြပါလိမ့်မယ်။ လစာငွေထုတ်အပျော်အပါးခေတ်ခံနဲ့ အိမ်ကိုပြန်၊ အိမ်ရောက်၊ အိမ်က "ခေါင်မဟေသီစုဖုရားလတ်"(အိမ်ကကြောက်ရတဲ့ အိမ်ကမိန်းမကို တင်စားပြောတာပါ)ထံ လစာလည်းအပ်ရော၊ ခေါင်မဟေသီစုဖုရားလတ်က ပါလာတဲ့လစာငွေ ရေတွက်လည်းပြီးရော မျက်နှာထားတင်းတင်းနဲ့ "လစာကဒါပဲလား၊ ကျုပ်ကိုအ တယ်ထင်နေလား၊ ကျုပ်မအဘူး၊ ဘယ်နှယ့် တစ်နိုင်ငံလုံးပြောနေကြတဲ့ လစာတိုးတဲ့သတင်း ၁၀%ရော၊ ၂၀%ရောဆိုတာပါသေး၊ ကိုယ့်အဆင့်နဲ့ဆို ၂၀%တိုးရမှာ၊ ဘယ်မှာလဲလစာတိုးတဲ့ပိုက်ဆံ" ဒီတော့မှ စဉ်းစားမိတယ်။ ပေါင်းလာတာနှစ်ပေါင်း ၃၀ကျော် တစ်ခါမှသတင်းစာမကြည့်တဲ့မိန်းမသတင်းစာကိုင်လို့၊ တီဗွီကလာတဲ့သတင်း နားမထောင်တဲ့မိန်းမ တီဗွီရှေ့မှာ စွန့်စွန့်ကြီးထိုင် သတင်းနားထောင်နေတဲ့မိန်းမ ထူးလှ၊ ဆန်းလှ အောက်မေ့နေတာ ဒင်းက လစာတိုးတဲ့သတင်း သေသေချာချာနားထောင်နေတယ်ဆိုတာ ခုမှကွက်ကွက်ကွင်းကွင်း ထင်းလင်းစွာပေါ်လာပါတော့တယ်။ ဒီတော့မှ ကိုယ်က လေသံအေးအေးနဲ့(မမာရဲတာလည်း ပါပါတယ်) ဒီလိုရှိပါတယ် မိန်းမရယ် နိုင်ငံတော်အစိုးရက ဝန်ထမ်းများကို လစာတိုးပေးချင်တဲ့ စေတနာဇောက ပြင်းထန်လှပေမယ့် တိုးရမယ့်အဆင့်၊ ပေးရမယ့်ငွေ တွက်ချက်ရတာလည်းပါ၊ ဒီလရုံးပိတ်ရက်တွေကလည်းများ၊ တို့ရုံးချုပ်ကလည်း ညွှန်ကြားချက်ကမလာဆိုတော့ ဒီလတော့ထုတ်ပေးဖို့ အချိန်မမီတော့ဘူး။ ရမှာပါကွာ၊ နောက်လမှပေါင်းရလည်း ငွေတော်တော်များများ ကိုင်ရတာပေါ့လို့ ရှင်းပြရပါတယ်။ ဒီတော့ အိမ်ကခေါင်မဟေသီစုဖုရားလတ်က "ဒါတွေကိုတော့ ကျုပ်က ဝန်ထမ်းမဟုတ်တော့မသိဘူး၊ နောက်နေ့ ကျုပ်နဲ့ ဈေးလိုက်ခဲ့" "ဟ ဘာကိစ္စနဲ့ ငါကဈေးလိုက်ရမှာလဲ၊ ညောင်ဦးက ကမ်းပါးပြိုတာနဲ့ စပွန္နဂိုရ်က နွားမပေါင်ကျိုးဆိုတာလိုမျိုး ဖြစ်နေမှာပေါ့" "ဘာပဲပြောပြော မနက် ကျုပ်နဲ့ဈေးလိုက်ခဲ့" စကားနည်းရန်စဲဆိုသလိုပဲ ရဲရဲဝံ့ဝံ့ပြန်ပြောလိုက်ပါတယ်။ ဟုတ်ကဲ့ပေါ့ဗျာ- နောက်နေ့နံနက် ဈေးကို ခြင်းဆွဲရင်းလိုက်သွားရပါတယ်။ ကိုယ်ကဝန်ထမ်းဆိုတော့ လခရပြီးရင် တစ်လစာ ကုန်ခြောက်ဝယ်တဲ့အလေ့အကျင့်ဆိုတော့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥ တတ်နိုင်သမျှ ချင့်ချိန်ဝယ်ပါတယ်။ အဲဒီမှာစတွေ့တာပါပဲ။ ဘုရား ဘုရားစားသောက်ကုန် ကုန်ဈေးနှုန်းက အကုန် တက်တာပါပဲလား---ဆန်၊ အသား၊ ငါး၊ ဘဲဥ၊ ကြက်ဥ၊ အသီးအရွက်၊ ငါးပိ၊ ငါးခြောက်စတာတွေ အကုန်ဈေးတက်နေတာပါပဲလား- . . ဒီအထဲမှာ ဆီတစ်မျိုးတော့ မတက်တာ ထူးခြားစွာတွေ့ရသလို၊ ပေါက်နယ်က ကြက်သွန်နီကုန်စည်ဒိုင်မှာ နေ့စဉ်ဈေးနှုန်းကောက်နေတာ ကုန်စည်ဒိုင်မှာ ထိပ်စ တစ်ပိဿာ ကျပ် ၅၀၀ ကျော်ကျော်ပဲရှိတာကို ကျပ် ၉၀၀-၁၀၀၀-၁၂၀၀၀နဲ့ ရောင်းနေတာတွေ့ရသလို၊ ဝယ်လည်းဝယ်ခဲ့ရပါတယ်။ ဘာကြောင့်ဈေးတွေတက်သလဲဆိုတော့ ဝန်ထမ်းတွေ လစာတိုးလို့တက်တာပါ။ ဘာဆိုင်လဲပေါ့။ ဆိုင်တာ မဆိုင်တာအသာထား၊ လစာတိုးခြင်းနှင့် ကုန်ဈေးနှုန်းတက်ရခြင်းမှာ တိုက်ရိုက်အချိုးကျနေတာကို သွားတွေ့နေရပါတယ်။ စာရေးသူလည်း အသက် ၆၀ နီးပါပြီ။ ကုန်ဈေးနှုန်းကျတယ်၊ တက်တယ်ဆိုတာ ကိုယ့်အတွေ့အကြုံအရ ထွက်ရှိမှု၊ လိုမှု၊ ပိုမှုအပေါ်မှာမူတည်တယ်လို့ သုံးသပ်ကြတာကိုတွေ့ရပါတယ်။ ဥပမာ တောင်သူများ ပစ္စည်းပေါ်ချိန် အထွက်များတယ်၊ ဈေးနှုန်းကျတယ် တစ်ခါ၊ ထွက်ရှိမှုအပေါ် ပြည်တွင်းပြည်ပ အဝယ်လိုက်တယ် ဈေးတက်တယ်၊ ခုဟာက နိုင်ငံတော်ဝန်ထမ်းတွေ လစာတိုးပေးတယ်။ ကုန်ဈေးနှုန်းတက်တယ်။ ဘာဆိုင်လဲ ကိုယ့်အိမ်ရှင်မကိုပြောခဲ့သလို ညောင်ဦးက ကမ်းပါးပြိုတာနဲ့ စပွန္နဂိုရ်က နွားမ ပေါင်ကျိုးဆိုတာလိုမျိုးဖြစ်နေတယ်။ ဒါပေမယ့် ယခုကုန်ဈေးနှုန်းတွေတက်နေတယ်ဆိုတာ လက်တွေ့ တစ်နိုင်ငံလုံးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်း ကိုးသိန်းကျော်၊ တစ်သန်းလောက်ရှိပြီး အရာထမ်းအဆင့် ဝန်ထမ်းဦးရေ ခုနစ်သောင်းကျော်၊ အမှုထမ်းအဆင့် ဝန်ထမ်းဦးရေ ကိုးသိန်းနီးပါးရှိကြောင်း ကမ္ဘာ့ဘဏ်နှင့် စီမံဘဏ္ဍာဝန်ကြီးဌာနတို့မှ မကြာသေးခင်က ပူးပေါင်းထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံရဲ့ နိုင်ငံ့ဝန်ထမ်းလစာစရိတ် ချီးမြှင့်ငွေစနစ်နှင့် လူ့စွမ်းအားအရင်း

အမြစ်စီမံခန့်ခွဲခြင်းအစီရင်ခံစာမှာ ထည့်သွင်းဖော်ပြချက်နဲ့ အချိုးချကြည့်ရင် ဝန်ထမ်း (ကြီး၊ငယ်) တစ်သန်းကို လစာတိုးမြှင့်ပေးလိုက်တာနဲ့ ကျန်သောလူဦးရေ သန်း၅၀အား ကုန်ဈေးနှုန်းကြီးမြင့်တဲ့ ဒဏ်ခံရတာနဲ့ ညီမှညီမျှပါ့မလားဆိုတာ တွေးခေါ်ရမလိုဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ နိုင်ငံတော်အစိုးရဟာ သူ့ရဲ့ခွေးသွားစိပ်၊ ပင်နီယံ၊ စက်ပစ္စည်း (ဝန်ထမ်းများကိုဆိုလိုတာပါ)တွေ လည်ပတ်နိုင်ဖို့ ချောဆီ၊ စက်ဆီ(လစာတိုးတာကိုဆိုလိုတာပါ) ထိုးပေးကာမှ လည်ပတ်မှုအားပိုကောင်းတာက နည်းနည်း၊ ထမ်းရတဲ့ဝန်နှစ်ဆပိုလာတာများများလို့ ပြောရမလိုပါ။ ဒါဟာ ဒီခေတ်၊ ဒီစနစ်၊ ဒီအစိုးရလက်ထက်မှဖြစ်တာမဟုတ်ပါဘူး။ လက်လှမ်းမီသရွေ့ကပြန်လေ့လာရရင် ၁၉၇၂ခုနှစ်မှသည် လက်ရှိဘဏ္ဍာနှစ် ၂၀၁၈ ခုနှစ်အထိ စုစုပေါင်း ၄၆ နှစ်အတွင်း လစာ(၁၀)ကြိမ်တိုးခဲ့တာကိုလေ့လာရပြီး နောက်ဆုံး(၁၀)နှစ် အတွင်းမှာ အစိုးရဝန်ထမ်းလစာ (၅)ကြိမ်ထိ တိုးခဲ့ပါတယ်။ ယခင်အစိုးရလက်ထက် ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်ကစပြီး ဘဏ္ဍာနှစ်သုံးနှစ်ဆက်တိုက် လစာတိုးခဲ့ပါတယ်။ လစာတိုးခဲ့တဲ့သမိုင်းတစ်လျှောက် ၂၀၀၆-၂၀၀၇ ဘဏ္ဍာခုနှစ်မှာ စံချိန်တင်လစာတိုးခဲ့ပြီး ယခင်ခံစားနေရတဲ့လစာထက် ငါးဆမှ ဆယ်ဆကျော် (၅၀၀% မှ ၁၀၀၀%)ထိ လစာတိုးခဲ့ပါတယ်။ အဲဒီဘဏ္ဍာနှစ်မှာ ညွှန်ချုပ်လစာကျပ်၁၅၀၀၀မှ ကျပ် ၁၉၀၀၀၀ထိ အနိမ့်ဆုံး ရုံးအကူလစာ ကျပ် ၃၀၀၀မှ ကျပ် ၁၅၀၀၀ထိတိုးခဲ့ပြီး ဒုတိယအများဆုံးကတော့ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်မှာ ယခင်လစာထက် ၆၀%မှ ၁၀၀%ထိ တိုးပေးခဲ့တာကိုတွေ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လစာတိုးရင် ကုန်ဈေးနှုန်းတက်တယ်ဆိုတဲ့ " လစာတိုးတာနဲ့ ကုန်ဈေးနှုန်းတက်တာ တိုက်ရိုက်အချိုးကျတယ်"ဆိုတဲ့သီအိုရီကို သွားအမှတ်ရနေမိပါတယ်။ လစာတိုးတယ်၊ ဝန်ထမ်းများပျော်တယ်။ ဒါပေမယ့် ကုန်ဈေးနှုန်းကရှေ့ကခေါင်းဆောင်ဦးဆောင်နေတယ်။ ဒီတော့နိုင်ငံတော်အပိုင်းက ကုန်ဈေးနှုန်းကျဖို့ သို့မဟုတ် တည်ငြိမ်ဖို့ဆိုရင် ဝယ်လိုအားများတဲ့၊ စားသုံးလိုအားများတဲ့ ကုန်ပစ္စည်းတွေကို ပိုမိုထွက်ရှိအောင်၊ ပေါများအောင် ထုတ်လုပ်နိုင်ရင်ဆိုတဲ့ အတွေးတွေးမိသလို၊ ပြန်လည်သုံးသပ်တော့လည်း သူ့ခေတ်၊ သူ့စနစ်မှာ နိုင်ငံတော်အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့တာတွေ ပြန်မှတ်မိတယ်။ ဆီအတွက် ဘာ" ပဲ" စိုက်စိုက် နေကြာ ညှပ်စိုက်လို့ ဆန်စပါးအတွက်၊ နွေစပါးလို ပဲမျိုးစုံအတွက် နှစ်သီးစား၊ သုံးသီးစား ဆိုတာတွေ လုပ်ခဲ့ပါတယ်။ ဘာပဲပြောပြော စာရေးသူဟာ ဝန်ထမ်းတစ်ဦးပါ၊ လစာတိုးပေးတာကို ဝမ်းသာရပါတယ်။ ဒါတောင် တချို့ဝန်ထမ်းများက လစာတိုးတာနည်းတယ်၊ မပြည့်စုံဘူး ပြောကြတယ်။ နိုင်ငံတော်အစိုးရဟာ သားသမီး များများမွေးထားတဲ့မိသားစုလို အကြီး၊ အလတ်၊ အငယ်၊ အထွေး ထောင့်စုံအောင် စဉ်းစားတွေးခေါ် ဖြည့်ဆည်းပေးရတာဆိုတော့ မျှတအောင်ကြိုးစားရပါတယ်။ ဒါကိုလည်း ဝန်ထမ်းများက ဖြည့်စွက်စဉ်းစားကြစေလိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အုပ်ချုပ်မှုယန္တရား လည်ပတ်ဖို့ဆိုတာ ဒီဝန်ထမ်းတွေ မရှိလို့မဖြစ်ပါဘူး။ ဆောင်းပါးရဲ့အစမှာ တင်ပြထားသလို ဥပမာ------ဝန်ထမ်းတွေဟာ နိုင်ငံတော်အစိုးရရဲ့ စက်ယန္တရားလည်ပတ်ဖို့ ခွေးသွားစိပ်၊ ပင်နီယံ၊ ဘီးစတဲ့ပစ္စည်းတွေပါ။ ဒီယန္တရားတွေလည်ပတ်ဖို့ ချောဆီ၊ စက်ဆီ ဆိုတာတွေ ထည့်ပေး၊ ထိုးပေးရပါတယ်။ ဆိုလိုတာက ခေတ်စနစ်နဲ့အညီ ထိုက်သင့်တဲ့ လစာ၊ ပင်စင်၊ ချီးမြှင့်ငွေတိုးပေးတာတွေဟာ အစိုးရအဆက်ဆက်က တိုးပေးခဲ့တာဖြစ်သလို ၁၉၇၂ ခုနှစ်က စတိုးခဲ့တာဟာ အခုဆိုရင် (၁၀)ကြိမ်တိုင်ပါပြီလို့ တင်ပြခဲ့ပြီးပါပြီ။ ဒီလိုလစာတိုးတယ်ဆိုတဲ့ ရေစီးကြောင်း ဒီရေစီးကြောင်းထဲမှာ ထထပွက်တဲ့ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း ဂယက်ဆိုတာလည်းရှိနေမှာပါ။ ဝန်ထမ်းတွေကို လစာတိုးပေးတဲ့ ရေစီးကြောင်းအပေါ်မှာ ထပွက်တဲ့ ကုန်ဈေးနှုန်းဂယက်ကို ဘယ်လိုထိန်းမလဲ ဆိုတာတွေကို ရှာဖွေစဉ်းစားဖော်ထုတ်လုပ်ကိုင်ကြရမှာပါ။ ဘယ်လိုပဲဆိုဆို ဒီစာစုရဲ့ခေါင်းစဉ်ကိုတော့ လစာတိုးရေစီးကြောင်းပေါ်က ထပွက်တဲ့ ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းဂယက်လို့သာ ပေးပါရစေ စာရှုသူခင်ဗျာ ။ ။ ။ ။ ။




ဆန်သည် ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်၏ အဓိက အစားအစာအဖြစ် ရပ်တည်လျက်ရှိသည့်အလျောက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှစ်စဉ် ဆန်စပါး တန်ချိန်သန်း ၇၀၀ ကျော် ထုတ်လုပ်လျက်ရှိကာ ကြိတ်ခွဲသန့်စင်ပြီး ဆန်အနေဖြင့် တန်ချိန်သန်း ၄၇၀ထုတ်လုပ်ရရှိလျက်ရှိပါသည်။ ကမ္ဘာပေါ်ရှိ ဆန်စားသုံးသော နိုင်ငံများအနက် အချို့သောနိုင်ငံများသည် ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်သုံးစွဲ၍ ပိုလျှံမှုကို ပြည်ပတင်ပို့နိုင်သော နိုင်ငံများရှိသလို ထုတ်လုပ်နိုင်မှုမရှိခြင်းနှင့် လုံလောက်စွာ မထုတ်လုပ်နိုင်ခြင်းတို့ကြောင့် တင်သွင်းရသည့် နိုင်ငံများလည်း ရှိပါသည်။ အာရှဒေသရှိ နိုင်ငံများသည် ဆန်စပါးကို အဓိကစိုက်ပျိုးထုတ်လုပ်နိုင်သော နိုင်ငံများဖြစ်သည့်အလျောက်အကြမ်းဖျင်းအားဖြင့် ကမ္ဘာ့ဆန်ထုတ်လုပ်နိုင်မှု၏ ၉၀ ရာခိုင်နှုန်းသည် အာရှဒေသရှိ နိုင်ငံများမှဖြစ်သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ပြီး လယ်ယာကဏ္ဍသည် အလုပ်အကိုင်များစွာ ဖန်တီးပေးထားသော ကဏ္ဍကြီးတစ်ရပ်လည်း ဖြစ်သည့်အပြင် ပြည်ပပို့ကုန်ဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းအား လယ်ယာကဏ္ဍမှ ရရှိခြင်းဖြစ်ပါသည်။ စုစုပေါင်းလယ်ယာထုတ်လုပ်မှု၏ ၉၅ ရာခိုင်နှုန်းသည် စပါးထုတ်လုပ်မှုဖြစ်ပြီး ဆန်စပါးသည် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အဓိကပို့ကုန်အဖြစ် စွမ်းဆောင်ပေးလျက်ရှိပါသည်။

စစ်တမ်းများအရ ၂၀၀၆ ခုနှစ် မှစ၍ နှစ်စဉ်ဆန်တန်ချိန် သန်း ၃၀ ခန့်ထုတ်လုပ်နိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ဆန်ထုတ်လုပ်မှု၏ ၇၅ ရာခိုင်နှုန်းကျော်ကို ပြည်တွင်း၌စားသုံးကာ ပိုလျှံသော ပမာဏကို ပြည်ပသို့ တင်ပို့လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇- ၂၀၁၈ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ ဆန်တန်ချိန် ၃ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့ကာ အမြင့်ဆုံးစံချိန်သို့ရောက်ရှိခဲ့ပြီး နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးစံချိန်အဖြစ် ရောက်ရှိခဲ့ ပါသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှု အခြေအနေအား ဘဏ္ဍာနှစ်အလိုက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မှ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဖေဖော်ဝါရီလအထိ ) လေ့လာပါက အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | ဘဏ္ဍာနှစ်အမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁ | ၂၀၁၂-၂၀၁၃ | တန် | ၁၄၂၃၇၀၁ | ၅၅၁ |
| ၂ | ၂၀၁၃-၂၀၁၄ | တန် | ၁၂၆၂၆၁၇ | ၄၇၅ |
| ၃ | ၂၀၁၄-၂၀၁၅ | တန် | ၁၈၄၀၅၈၇ | ၆၆၁ |
| ၄ | ၂၀၁၅-၂၀၁၆ | တန် | ၁၄၉၃၂၄၄ | ၅၂၆ |
| ၅ | ၂၀၁၆-၂၀၁၇ | တန် | ၁၇၅၀၅၆၂ | ၅၅၄ |
| ၆ | ၂၀၁၇-၂၀၁၈ (ဧပြီလမှဖော်ဖော်ဝါရီလအထိ) | တန် | ၃၂၅၀၄၆၃ | ၁၀၂၆ |

စာမျက်နှာ ၁၂ သို့






## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဒီဇယ်ရော ဓာတ်ဆီပါ အဝင်လျော့

ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၂၈၃၆၉၄ တန်ဖိုးရှိ ဒီဇယ် ၃၄၄၉၁ ဒသမ ၂၇ တန်ကိုလည်းကောင်း အမေရိကန်ဒေါ်လာ ၅၂၆၉၆၁၅ တန်ဖိုးရှိ ဓာတ်ဆီ ၉၅၅၀ ဒသမ ၄၈ တန်၊ စုစုပေါင်း ၄၄၀၄၁ ဒသမ ၇၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၇၆၂၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၁၇၆၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၅၀၆၁၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၇၀၀၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရော ဓာတ်ဆီပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၆၀သန်းတန်ဖိုးရှိ Re-export ဒီဇယ် ၁၁၂၄၈ ဒသမ ၄၃ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၃၂၀၇၅၀ တန်ဖိုးရှိ Re-export ဒီဇယ်တန်ချိန် ၂၀၀၀ တင်ပို့ခဲ့ပြီး မြဝတီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၆၁၆၀ တန်ဖိုးရှိဓာတ်ဆီ ၁၃၈ ဒသမ ၀၆ တန်၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၅၁၆၇၀ တန်ဖိုးရှိ ဒီဇယ်၁၈၃၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၉၉၂၀ တန်ဖိုးရှိဓာတ်ဆီ ၈၉၇ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၈၄၅ ကျပ်၊ အောက်တိန်း (92) ကျပ် ၈၁၀၊ အောက်တိန်း (95) ၈၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၅၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဧပြီ ၃၀ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၈၀၀၀၀၊ ရောင်းဈေး ကျပ် ၁၈၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဧပြီ ၃၀ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၇၇၀၀၀၊ ရောင်းဈေး ကျပ် ၁၇၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးနည်းနည်း မြင့်လာပေမယ့် ဓာတ်ဆီဈေးငြိမ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)နဲ့ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာအောက်တိန်း (95) တစ်လီတာ ကျပ် ၉၅၀၊ ဒီဇယ် တစ်လီတာ ကျပ် ၉၀၀၊ အဆင့်မြင့်ဒီဇယ်တစ်လီတာကျပ် ၉၁၀၊ အောက်တိန်း (92) တစ်လီတာကျပ်၉၀၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဧပြီလ ၃၀ ရက် တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၈၃၀၀၀၊ ရောင်းဈေး ကျပ် ၁၈၅၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဧပြီ၃၀ ရက်တွင် ဝယ်ဈေး ကျပ် ၁၈၀၀၀၀၊ ရောင်းဈေး ကျပ် ၁၈၃၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအပြောင်းအလဲ သိပ်မရှိဘူးလို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်နဲ့အောက်တိန်း(95) နဲ့ အောက်တိန်း (92)မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင်မြင့်ဒီဇယ် ၈၉၅ ကျပ်၊ အောက်တိန်း (92) ၈၅၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၉၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၁၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၉၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၁၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာကျပ် ၈၇၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၉၀၊ အောက်တိန်း (92) ၈၅၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၁၀၁၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၉၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၈၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 30-April | 14.413139.38 | 2194.74 | 6792.07 | 903.00 | |
| 1-May | - | - | - | - | - |
| 2-May | 16.303113.37 | 2230.23 | 6804.85 | 895.00 | |
| 3-May | 16.393089.35 | 2288.64 | 6771.35 | 894.00 | |
| 4-May | 16.423004.27 | 2273.21 | 6824.91 | 900.00 | |

## ဒေါ်လာဈေးပြန်တက်လာခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် မေလပထမပတ်အတွင်း ဈေးအမြင့်တန်းသို့ ပြန်လည်ချဉ်းကပ်လာနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၃၆ ကျပ်မှ ၁၃၄၃ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန် ပြည်တွင်းစီးပွားရေးလောကအတွင်း အမေရိကန်အစိုးရက ဥရောပသမဂ္ဂ၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့ကို အလူမီနီယံစတီးအခွန် တိုးမြှင့်ကောက်ခံမည့် အစီအစဉ်အား နောက်ထပ် တစ်လထပ်မံဆိုင်းငံ့ပေးခြင်း၊ ဗြိတိန်စီးပွားရေး နှေးကွေးနေမှုကြောင့် စတာလင်ပေါင်တန်ဖိုး လျော့ကျလာခြင်းမှ အမေရိကန်ဒေါ်လာဈေးအပေါ် ရိုက်ခတ်မှုများရှိလာခဲ့သည်ဟု ပြည်တွင်းငွေကြေးအရောင်းအဝယ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဧပြီ ၃၀ ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၃၃၂ကျပ်၊ ဝယ်ဈေးကျပ် ၁၃၃၀ရှိခဲ့ရာမှ မေ ၂ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၃၃၅ ကျပ်၊ ဝယ်ဈေး ၁၃၃၃ ကျပ်ဖြင့် အရောင်းအဝယ်ရှိခဲ့ပြီး မေ ၄ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၃၆ ကျပ်၊ ဝယ်ဈေး ၁၃၃၄ ကျပ်ဖြင့် ဈေးပိတ်သိမ်းသွားခဲ့ကြောင်းသိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး ဆက်လက်ကျဆင်း

ဧပြီလနောက်ဆုံးပတ်မှစတင်ကာ ဈေးကျခဲ့သည့် ပြည်တွင်းရွှေဈေးမှာ မေလပထမပတ်အထိ ဆက်လက်ကျဆင်းခဲ့သလို ကမ္ဘာ့ရွှေဈေးမှာလည်း အမေရိကန်ဒေါ်လာ ၁၃၁၀ ဝန်းကျင်သို့ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ ဧပြီနောက်ဆုံးပတ်က ကျပ် ၉၄၂၀၀၀ ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် မေလပထမပတ်အတွင်း ကျပ် ၉၄၀၅၀၀ သို့ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။

“လတ်တလောရွှေဈေးက ကျနေတယ်ဆိုပေမယ့် ပြန်တက်မယ့်အလားအလာတွေရှိနေပါတယ်။ အမေရိကန်အစိုးရက နိုင်းအလဲဗင်းအကြမ်းဖက်မှုမှာ အီရန်အစိုးရကအယ်ကိုင်ဒါးအကြမ်းဖက်အဖွဲ့ကို နောက်ကွယ်ကနေကူညီခဲ့တဲ့ အထောက်အထားတွေ တွေ့တယ်လို့ပြောနေသလို အီရန်ရဲ့ နျူကလီးယားအစီအစဉ်အတွက် ပိတ်ဆို့မှုတွေ၊ စစ်ရေးတင်းမာမှုတွေ ဖြစ်လာမလားဆိုပြီး စိုးရိမ်တာတွေဖြစ်ပေါ်နေပါတယ်။ စစ်ရေးတင်းမာမှုဖြစ်လာပြီဆိုရင်တော့ ကမ္ဘာ့ရေနံဈေးတက်လာနိုင်သလို ရွှေဈေးလည်း ကွဲကူးရေပါတက်လာနိုင်ပါတယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဧပြီ ၃၀ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၂၅၀၀ ဝန်းကျင်ရှိခဲ့ရာမှ မေ ၂ ရက်တွင် ကျပ် ၉၃၉၀၀၀ သို့ ကျဆင်းခဲ့ပြီး မေ ၄ ရက်တွင် ကျပ် ၉၄၀၅၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဧပြီ ၃၀ ရက်က တစ်အောင်စလျှင် ၁၃၁၆ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ မေ ၂ ရက်တွင် တစ်အောင်စလျှင် ၁၃၁၀ အမေရိကန်ဒေါ်လာသို့ ကျဆင်းခဲ့ပြီး မေ ၄ ရက်တွင် ၁၃၁၃ အမေရိကန်ဒေါ်လာသို့ အနည်းငယ်မြင့်တက်ခဲ့သည်။

**သန်းထိုက်အောင်**

## MTSH ကုမ္ပဏီ၏ ဘဏ္ဍာရေးဌာန အကြီးအကဲ ခန့်အပ်ခြင်းကို အစုရှယ်ယာရှင်များအား အသိပေး

ရန်ကုန် စတော့အိတ်ချိန်းတွင် ဝင်ရောက်ထားသော မြန်မာသီလဝါ အက်စ်အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်(MTSH)က ကုမ္ပဏီ၏ ဘဏ္ဍာရေးဌာန အကြီးအကဲ ခန့်အပ်ခြင်းကို အစုရှယ်ယာရှင်များသို့ အသိပေး ကြေညာထားကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

အဆိုပါရာထူးအတွက် မေ ၃ရက်ကပြုလုပ်သည့် MTSH ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ဘဏ္ဍာရေးဌာန အကြီးအကဲအဖြစ် ဦးမျိုးမြင့်အောင်အားခန့်အပ်ရန် သဘောတူအတည်ပြုခဲ့ကြောင်း သိရသည်။

ဦးမျိုးမြင့်အောင်သည် ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီအတွင်း စီမံကွပ်ကဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည်ဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အစီရင်ခံတင်ပြခြင်း၊ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုတို့တွင် ၁၀နှစ်ကျော် လုပ်သက်အတွေ့အကြုံရှိကြောင်း MTSH ကုမ္ပဏီကဆိုသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီငါးခုမှာ FMI၊ MTSH၊ မြန်မာနိုင်ငံသားများဘဏ်၊ ပထမပုဂ္ဂလိကဘဏ်နှင့် TMH (တီအမ်အိတ်ချ်ဆက်သွယ်ရေး အများပိုင်ကုမ္ပဏီ)တို့ဖြစ်သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

May 4, 2018

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.33 |
| BDT | Bangladesh Taka | 83.84 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.35 |
| EUR | Euro | 0.84 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 66.75 |
| I DR | Indonesia Rupiahs | 13947.22 |
| JPY | Japan Yen | 109.11 |
| MYR | Malaysia | 3.94 |
| PKR | Pakistan Rupees | 115.60 |
| PHP | Philippines Pesos | 51.65 |
| RUB | Russia Rubles | 63.20 |
| SGD | Singapore Dollars | 1.33 |
| KRW | South Korea Won | 1077.06 |
| LKR | Sri Lanka Rupe | 157.80 |
| THB | Thailand Baht | 31.67 |
| GBP | United Kingdom Pounds | 0.74 |
| VND | VietnamDon | 22766.08 |

*Source:xe.com*

## World Gold Price

May-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 30 | 1322 | 1321 | 1320 |
| 1 | - | - | - |
| 2 | 1313 | 1311 | 1311 |
| 3 | 1312 | 1311 | 1310 |
| 4 | 1315 | 1314 | 1313 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 30-4- 2018 | 943.00 | 942.90 |
| 1-5- 2018 | - | - |
| 2-5- 2018 | 940.50 | 939.70 |
| 3-5- 2018 | 939.50 | 939.00 |
| 4-5- 2018 | 939.00 | 938.90 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 30 | 6.33 | 31.54 | 84.32 | 66.38 |
| 1 | 6.35 | 31.68 | 84.16 | 66.78 |
| 2 | 6.26 | 31.70 | 84.15 | 65.67 |
| 3 | 6.36 | 31.69 | 84.14 | 66.61 |
| 4 | 6.35 | 31.67 | 83.84 | 66.75 |

## Energy NYMEX 4-5-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 68.39 | -0.04 | -0.06 |
| Brent Crude Futr (USD/bbl) | 73.60 | -0.02 | -0.03 |
| Gasoline Rbob Fut (Cent/gal) | 208.86 | 0.11 | 0.05 |
| Natural Gas Futr (USD/MMBtu) | 2.73 | 0.01 | 0.29 |
| Heating Oil Futr (Cent/gal) | 211.43 | 0.16 | 0.08 |

## ဘိလပ်မြေ

# ရေလမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေအဝင်ပို

ဧပြီလ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၀၈၈၄ တန်ဖိုးရှိ ဘိလပ်မြေ ၄၆၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၁၂၅ တန်နဲ့ တရုတ်နိုင်ငံမှ ၃၃၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၂၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၆၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဧပြီလ ၂၁ ရက်မှ ၂၇ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၃၁၆၀ ကျော် ရှိခဲ့ပြီး ယခင်သီတင်းပတ်ကဘိလပ်မြေအဝင်မှာတန်ချိန် ၂၉၃၀ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၂၃၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။



# ဘိလပ်မြေဈေးကွက် အရောင်းအေး

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ မိုးကာလရောက်တော့မှာကြောင့် တည်ဆောက်ရေးလုပ်ငန်းများလည်း အားသွန်လုပ်ကိုင်လာတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိလာတယ်။ အရောင်းအဝယ်တက်လာပေမယ့် ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၁၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၅၀၅၀၊ စိန်(ထိုင်း) ကျပ် ၅၇၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီရက်ပိုင်း မိုးနည်းနည်းကောင်းပေမယ့် အရောင်းအဝယ်က ပုံမှန်ရှိတယ်၊ ဘိလပ်မြေဈေးကတော့ အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာကျပ် ၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၄၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ဆင်၊ စိန်၊ အပါချီနဲ့ အေသုံးလုံးမှာ ပစ္စည်းအဝင်နည်းတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ်၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ်၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ခတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၂၅၀၀၀ကျော်ဝင်

ဧပြီလ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၇၆၈၇၈၀ တန်ဖိုးရှိ မြေသြဇာ ၂၅၆၆၀ ဒသမ ၉၆၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၂၃၀၀၊ တရုတ်နိုင်ငံမှ ၃၉၀၁ ဒသမ ၀၄ တန်၊ အီဂျစ်နိုင်ငံမှ ၉၉ ဒသမ ၉၂ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၂၅၀၀၊ အိန္ဒိယနိုင်ငံမှ ၄၃၉ ဒသမ ၂၅ တန်၊ အီရန်နိုင်ငံမှ ၅၀၄ တန်၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၁၃၀၂ ဒသမ ၇၃ တန်၊ မလေးရှားနိုင်ငံမှ၁၀၇၄၂ ဒသမ ၆၇ တန်၊ နော်ဝေနိုင်ငံမှ ၆၄၄ ဒသမ ၈၅၅ တန်၊ ထိုင်းနိုင်ငံမှ ၁၇၇၆ တန်၊ အာရပ်နိုင်ငံမှ တန်ချိန် ၅၂၀ နဲ့ ဗီယက်နမ်နိုင်ငံမှ ၉၀၅ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ အမိုးနီးယားကလိုရိုဒ်၊ ယူရီးယား၄၆%၊ ကွန်ပေါင်း (ရွှေတောင်သူ)၊ အော်ဂဲနစ်၊ ခတ်ဆား၊ ကေစတား၊ ကွန်ပေါင်း(၁၅း၁၅း၁၅)နဲ့ ကွန်ပေါင်း(၁၆း၁၆း၈)တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၃၀၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၂၆၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

# မန္တလေးဈေးကွက်မှာ ပုံမှန်အရောင်းဖြစ်

ဧပြီလ ၂၁ ရက်မှ ၂၇ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၉၇၈၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၂၈၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၆၉၂၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့မန္တလေးမှာ အရောင်းပုံမှန်ရှိပြီး မကွေးနဲ့တောင်ကြီးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** သင်္ကြန်နောက်ပိုင်း ဒီတစ်ပတ်မှ အရောင်းအဝယ်ပုံမှန်ဖြစ်လာတယ်လို့သိရပါတယ်။ အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးပြောင်းလဲမှုတော့မရှိဘူးလို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်)ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း(အစိမ်း) ၁၅း၁၅း ၁၅(ထိုင်း)ကျပ်၄၀၅၀၀၊ ကွန်ပေါင်း(ပန်းရောင်)ကျပ် ၃၂၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိ ရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၆၅၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၅၀၀၊ ခတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၄၀၀၀၊ ယူရီးယား(ယူအေအီး)ကျပ်၂၂၅၀၀၊ မြားကမ္ဘာကျပ် ၁၆၀၀၀ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား(ပုလဲ)မြေသြဇာက ကျပ် ၇၀၀၊ တီစူပါက ကျပ် ၂၀၀၊ တောင်သူမက ကျပ် ၄၀၀၊ အာမို(၁၀း၁၀း၅)က ကျပ် ၆၀၀ ဈေးမြင့် လာပြီး ဆင်(၁၀း၁၀း၅)က ကျပ်၆၀၀ နဲ့ သီးစုံ(ဝါစိမ်းပြာ)က ကျပ် ၁၀၀ ဈေးကျလာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၈၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၈၀၀၊အာမို ၁၀း၁၀း၅ ကျပ် ၁၇၅၀၀၊သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင် ကမ္ဘာ ၁၀း၁၀း၅ကျပ်၁၈၀၀၀၊မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၃၀၀၀၊ တောင်သူမ ကျပ် ၁၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီး ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ (၄၆% တရုတ်)ကျပ် ၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၅၂၀၀၊ ပန်းသီးစုံ ကျပ် ၁၅၈၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ ပိုတက် ကျပ် ၂၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၃၇၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၂၆၀ကျော်တင်သွင်း

ဧပြီလ ၂၂ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၄၁၉၆၀ တန်ဖိုးရှိ နို့ဆီ ၃၇၂ ဒသမ ၀၉၆ တန်ကိုပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မာရီဂိုးနို့ဆီ ၈၇ ဒသမ ၅၅၂ တန်၊ အိုကေနို့ဆီ ၂၁၈ ဒသမ ၈၈ တန်၊ ဒွန်းနို့ဆီ ၆၅ ဒသမ ၆၆၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန်၄၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၆၃၆၀၅၂ တန်ဖိုးရှိ နို့မှုန့် ၂၆၆ ဒသမ ၃၇၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၂၁၇ ဒသမ ၃၇၅ တန်နဲ့ ဂျာမနီနိုင်ငံမှ ၄၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၆၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၄ မှ ၂၇/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၄ မှ ၂၀/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၄.၀၀ | - | (+) | ၃၄.၀၀ |
| ၂။ | လွယ်ဂျယ် | - | ၆၀.၀၀ | (-) | ၆၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၅၅၈.၀၀ | ၁၃၂၀.၀၀ | (+) | ၂၃၈.၀၀ |
| ၅။ | တာချီလိတ် | ၈၃၀၀.၀၀ | ၁၅၀၀.၀၀ | (+) | ၆၈၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၈။ | မြိတ် | ၃၂၇၅.၀၀ | - | (+) | ၃၂၇၅.၀၀ |
| | စုစုပေါင်း | ၁၃၁၆၇.၀၀ | ၂၉၃၀.၀၀ | (+) | ၁၀၂၃၇.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၄ မှ ၂၇/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၄ မှ ၂၀/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၅၀၉.၃၀ | ၁၂၄၁.၅၀ | (+) | ၁၄၂၆၇.၈၀ |
| ၂။ | လွယ်ဂျယ် | ၈၀.၀၀ | - | (+) | ၈၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၈၃၁.၀၀ | - | (+) | ၈၃၁.၀၀ |
| ၄။ | ကန်ပိုက်တီး | ၁၂၆၆.၀၀ | ၇၂၀.၀၀ | (+) | ၅၄၆.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၂၁၀၀.၀၀ | ၉၀၀.၀၀ | (+) | ၁၂၀၀.၀၀ |
| | စုစုပေါင်း | ၁၉၇၈၆.၃၀ | ၂၈၆၁.၅၀ | (+) | ၁၆၉၂၄.၈၀ |

ခင်မိုးသူ

## နှမ်း

# တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ နှမ်းနက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧပြီနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၁၁၂၀ တန်ဖိုးရှိ နှမ်းနက် ၉၂တန်ခွဲကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၄၀၃၁၂တန်ဖိုးရှိနှမ်းနက် ၃၂တန်ကျော်ကို ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ နှမ်းနက် ၂၈ တန်ကျော် တင်ပို့ခဲ့ပြီး ချင်းရွှေဟော်မှ နှမ်းတင်ပို့မှု မရှိခဲ့ကြောင်း သိရပါတယ်။ မူဆယ်မှာ နှမ်းတင်ပို့မှု မရှိပေမယ့် ဧပြီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၈၄၃၄၇၁ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ကျပ် ၁၉၄၇၂၇၀ ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ဆီစက်များက အဝယ်ရှိလို့ ဆီကြိတ်နှမ်းနီဈေးပြန်တက်လာတဲ့ ပြည်ဈေးကွက်

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် နှမ်းအရောင်းအဝယ်မှာ ရက်ခြားသာဖြစ်ပြီး ဝင်ရောက်မှုနည်းသွားတာတွေ့ရပါတယ်။ ယခုတစ်ပတ် ဆီစက်များမှ နှမ်းနီကိုရသလောက် အဝယ်ရှိနေသဖြင့် ဈေးတက်လာတာတွေ့ရပါတယ်။ ဈေးအတက်နဲ့ ဖွင့်ထားပေမယ့် နှမ်းမရှိလို့ ရံဖန်ရံခါအိတ် ၁၀၀ခန့်သာအရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

နှမ်းနက်နဲ့ စမုံနက်နှမ်းကိုတော့ ဝယ်လက်ပုံမှန်ရှိပြီး ဈေးငြိမ်နေတာတွေ့ရပါတယ်။ ရန်ကုန်၊ မန္တလေးဝယ်လက်များကလည်း တစ်ခါတရံအဝယ်ရှိလျှင် အိတ် ၂၀၀ လောက် အသန့်ကိုရွေးချယ်ဝယ်ယူတာတွေ့ရပါတယ်။ နှမ်းသန့်ရင် သန့်သလို ဈေးပေးပြီး အဝယ်ရှိတာတွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီးသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ကျပ် ၅၀၀၀ဈေးမြင့်လာပြီး၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ဖြင့် ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## စားအုန်းဆီ



# ပဲပုပ်ဆီနေ့အလိုက်ဈေးနှုန်းမြင့်တက်မှုကြောင့် စားအုန်းဆီဈေးပါမြင့်တက်

မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးသည်နံနက်ပိုင်းတွင် အနည်းငယ်တန့်နေရာမှ ပဲပုပ်ဆီဈေးများနေ့အလိုက်မြင့်တက်မှုနှင့်ရင်းဂစ်တန်ဖိုးကျဆင်းမှုတို့ကြောင့် မေ ၃ရက်နေ့လယ်ဘက်ဈေးကွဲချိန်တွင် ဈေးနှုန်းများပြန်လည်မြင့်တက်လာကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဇူလိုင်အတွက် စားအုန်းဆီအခြေခံစံထားဈေးနှုန်းမှာ တစ်တန်ကို ၂၃၆၅ ရင်းဂစ်(အမေရိကန် ဒေါ်လာ ၆၀၀ ဒသမ ၇၁) နှုန်းရှိခဲ့သဖြင့် သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

စားအုန်းဆီဈေးနှုန်းများသည် ဝယ်လိုအားကျဆင်းမှုကြောင့် ယခင်ရက်သတ္တပတ်က ငါးရက်ဆက်တိုက်ကျဆင်းခဲ့ရာမှ မေ ၂ရက်နေ့တွင်ဈေးနှုန်းများ ရုတ်တရက်ပြန်လည်မြင့်တက်လာခဲ့သည်။

မေ ၃ ရက်နေ့လယ်ဈေးကွဲချိန်အထိ ရောင်းချရသော စားအုန်းဆီပမာဏမှာ ၂၅တန်ရှိ အတွဲပေါင်း ၁၄၄၂၆ တွဲရှိခဲ့သည်။ သို့သော်လည်း ရက်သတ္တပတ်အလိုက်ကြည့်ပါက ဈေးနှုန်းက သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းသဖြင့် ဒုတိယမြောက်ရက်သတ္တပတ်အဖြစ် ကျဆင်းခဲ့ခြင်းဖြစ်သည်။

"အမေရိကန်ပြည်ထောင်စုမှာ ပဲပုပ်ဈေးမြင့်တက်တဲ့အတွက် စားအုန်းဆီဈေးမြင့်တက်ခဲ့ပါတယ်"ဟု ကွာလာလမ်ပူအခြေစိုက်ကုန်သည်တစ်ဦးက ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေးနေ့အလိုက်မြင့်တက်မှုကို ရည်ညွှန်း၍ ပြောသည်။ စားအုန်းဆီဈေးကို ရင်းဂစ်တန်ဖိုးကျဆင်းမှုက အထောက်အကူပေးကြောင်း အခြားကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးကပြောသည်။ ရင်းဂစ်ငွေကြေးသည်စားအုန်းဆီရောင်းဝယ်ရာတွင် အသုံးပြုသောငွေကြေးဖြစ်ပြီး ရင်းဂစ်တန်ဖိုးကျဆင်းပါက နိုင်ငံခြားငွေကြေးဖြင့်ဖလှယ်၍ ဝယ်ယူသူများအတွက် စားအုန်းဆီဈေးကသက်သာစေသည်။

ရင်းဂစ်တန်ဖိုးသည် မေ ၃ ရက် မွန်းတည့်ချိန်က သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၃ ဒသမ၉၃၇၀ ရင်းဂစ်နှုန်းရှိခဲ့ရာ နှစ်လခွဲအတွင်း အနိမ့်ဆုံးဈေးဖြစ်သည်။ ရင်းဂစ်တန်ဖိုးသည်ဧပြီလဆန်းပိုင်းမှစ၍ ၁ဒသမ ၉ရာခိုင်နှုန်းကျဆင်းခဲ့သည်။

အခြားဆီတစ်မျိုးဖြစ်သည့် ချီကာဂိုပဲပုပ်ဆီ၏ ဇူလိုင်အတွက် ချုပ်ဆိုသောဈေးနှုန်းမှာ မေ ၂ ရက်က သုည ဒသမ ၉ ရာခိုင်နှုန်းအထိမြင့်တက်ပြီး မေ ၃ ရက်တွင် သုည ဒသမ ၁ ရာခိုင်နှုန်းထပ်မံမြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံ၏ဒါလီယံကုန်စည်ဒိုင်တွင် စက်တင်ဘာအတွက် ပဲပုပ်ဆီကြိုရောင်းဈေးမှာ သုည ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး ဒါလီယံစက်တင်ဘာ စားအုန်းဆီဈေးမှာ သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

စားအုန်းဆီနှင့် ပဲပုပ်ဆီတို့မှာ ကမ္ဘာ့ဟင်းရွက်ဆီ ဈေးကွက်တွင် ဈေးကွက်ဝေစုလုနေရသဖြင့် ပြိုင်ဖက်ဆီများ၏ ဈေးနှုန်းအတက်အကျက စားအုန်းဆီဈေးနှုန်းအတက်အကျကို ဂယက်ရိုက်ခတ်တတ်သည်။

စားအုန်းဆီ၏အနိမ့်ဆုံးဈေးသည် တစ်တန်ကို ၂၃၅၆ ရင်းဂစ်နှုန်းအထိကျဆင်းနိုင်ပြီး ထိုထက်ပို၍ကျဆင်းမည်ဆိုပါက တစ်တန်ကို ၂၃၁၅ မှ ၂၃၃၈ရင်းဂစ်နှုန်းအကြား ကျဆင်းသွားနိုင်ကြောင်း ရိုက်တာသတင်းဌာန၏ကုန်စည်နှင့်စွမ်းအင်ဆိုင်ရာဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောသည်။

## ပြည်တွင်းဆီဈေးနှုန်းများ (၄-၅-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၇၀၀ | ၅၇၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၉၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၄၈၀၀ | ၄၆၀၀ | ▽ | ၅၅၀၀ | ၅၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၅၀၀ | △ | ၄၃၀၀ | ၄၅၀၀ | △ | ၁၇၅၀ | ၂၀၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၄-၅-၂၀၁၈ US$/Ton

| အမျိုးအစား | ဧပြီလစတုတ္ထပတ် | ဧပြီလပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၃၇.၀၀ | - | |
| RBD P.Olein | ၆၃၉.၅၀ | ၆၃၆.၅၀ | ▽ |
| RBD P.Stearin | ၆၄၀.၀၀ | ၆၂၁.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၄-၅-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၅၉.၃၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၃၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၉၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၀.၂၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၈.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၉၈.၈၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၄-၅-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၆၅ ဒေါ်လာနှင့် USD ဈေး ၁၃၄၃ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၄-၅-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၄၃ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

**စာမျက်နှာ (၈) ပို့ကုန်ကဏ္ဍ အားထားရမည့် …… မှအဆက်**

မြန်မာနိုင်ငံ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဖေဖော်ဝါရီလအထိ) ပို့ကုန် တင်ပို့နိုင်မှု အခြေအနေမှာ အမေရိကန်ဒေါ်လာ ၁၃၁၄၃ ဒသမ ၈၈ သန်းဖြစ်ပြီး ယခင်ဘဏ္ဍာနှစ် အလားတူ ကာလတွင် အမေရိကန် ဒေါ်လာ ၁၀၈၀၆ ဒသမ ၃၇ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကာလတူထက် အမေရိကန်ဒေါ်လာ ၂၃၃၇ ဒသမ ၅၀၉ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ လယ်ယာထွက်ကုန်အနေဖြင့် ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁၆၁ဒသမ ၆၃၆ သန်း ပိုမို တင်ပို့နိုင်ခဲ့ပါသည်။

ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဖေဖော်ဝါရီလအထိ) လယ်ယာထွက်ကုန် ပစ္စည်းတင်ပို့မှုများအနက် ဆန်နှင့်ဆန်ကွဲ ပြည်ပ တင်ပို့မှု မှာ တန်ချိန် ၃ ဒသမ ၂ သန်းကျော်၊ တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၂၆ သန်း ၊ ပို့ကုန်တင်ပို့မှု၏ ၇ ဒသမ ၈၁ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ပါသည်။ ယခင် ဘဏ္ဍာနှစ် ကာလတူတွင် ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၅ သန်း ၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၇၉ ဒသမ ၈၅၅ သန်း တင်ပို့နိုင်ခဲ့သဖြင့် ကာလတူထက် တန်ချိန် ၁ဒသမ၇ သန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၃၆ ဒသမ ၁၄၅ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။

ဆန်နှင့်ဆန်ကွဲ တင်ပို့မှုနှင့်ပတ်သက်၍ အများဆုံး တင်ပို့သည့် နိုင်ငံများမှာ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ Cote D'Ivoire၊ ဘယ်လ်ဂျီယံ၊ GUINEA၊ မန်ဒါဂန်စကာ၊ သီရိလင်္ကာနှင့် အာဖဂန်နစ္စတန်နိုင်ငံ၊ ပိုလန်နှင့်ဆီနီဂေါနိုင်ငံတို့ ဖြစ်ပါသည်။ စျေးကွက်အသစ် ရရှိသည့် နိုင်ငံပေါင်း ၂၁ နိုင်ငံရှိပြီး ယင်းနိုင်ငံများသို့ ဆန်တင်ပို့မှုသည် စျေးကွက်ပျောက်သွားသည့် နိုင်ငံများသို့ တင်ပို့ခဲ့မှုထက် ပိုမိုခဲ့ကြောင်း တွေ့ရှိရ ပါသည်။

မြန်မာ့ဆန်တင်ပို့မှု စျေးနှုန်းများအနေဖြင့် ဖေဖော်ဝါရီလအတွင်း ညွှန့်မထဆန်စျေးနှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ မှ အမြင့်ဆုံး အမေရိကန်ဒေါ်လာ ၄၂၀ ထိရရှိသည်ကို သိရှိခဲ့ရပါသည်။ ပြည်ပတွင်ဖြစ်ပေါ်နေသော ဆန်စျေးနှုန်းများအနေဖြင့် ၂၆-၂-၂၀၁၈ နေ့တွင် ဖြစ်ပေါ်နေသော စျေးနှုန်းများအရ ဆန်အကျိုးအကြေပါဝင်မှု ရာခိုင်နှုန်းပေါ် မူတည်၍ ထိုင်းနိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၆ မှ ၅၄၃ အထိ စျေးရရှိခဲ့ကာ ဆန်စျေးများ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဗီယက်နမ်နိုင်ငံတွင်မူ ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂ မှ၄၁၂အထိ၊ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၄ မှ ၃၈၆ အထိ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၈၅ ပေါက်စျေးရှိခဲ့ကြောင်း သိရှိခဲ့ရသဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလဆန်း၊ လလယ်တို့တွင် ဖြစ်ပေါ်ခဲ့သော စျေးနှုန်းများထက် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် စျေးနှုန်း အနည်းငယ်ကျဆင်းလာသည်ကို တွေ့ရှိခဲ့ရပါသည်။

အာရှဒေသ အတွင်းရှိ အခြားသော နိုင်ငံများ၏ ဆန်စျေးကွက်ကို လေ့လာကြည့်ပါမူ VNA သတင်း website တွင် ထိုင်းနိုင်ငံ ဆန်စပါးတင်ပို့သူများအသင်း ဥက္ကဋ္ဌ၏ ပြောကြားချက်အရ ထိုင်းနိုင်ငံသည် ၂၀၁၈ ခုနှစ် အတွင်းတွင် ဆန်တန်ချိန် သန်း ၃၀ ထုတ်လုပ်နိုင်ပြီး ၎င်းအနက်မှ ၉ဒသမ၅ သန်းအား တင်ပို့သွားနိုင်ရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ ထိုင်းဆန်စျေးများ ထူးထူးခြားခြား မြင့်တက်နေသည်ကိုတွေ့ရှိရပြီး ဟုန်မာလီဆန်စျေးသည် ဖေဖော်ဝါရီလက အမေရိကန်ဒေါ်လာ ၅၄၃ အထိ စျေးရရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ၎င်းစျေးနှုန်းသည် ငါးနှစ်တာကာလအတွင်း အမြင့်ဆုံးရရှိသော စျေးနှုန်းဖြစ်ပြီး ဆန်စျေးများကြီးမြင့်လျက်ရှိသော်လည်း ထုတ်လုပ်မှုကို တိုးမြင့်ခြင်းမပြုရန် ထိုင်းအစိုးရက တောင်သူလယ်သမားများကို အကြံပြု တိုက်တွန်းထားပါသည်။

ထိုင်းနိုင်ငံ၌ စျေးကောင်းရရှိနေသည့် ဟုန်မာလီဆန် တစ်မျိုးတည်းသည်ပင်လျှင် ၂၀၁၈ ခုနှစ်အတွင်းတွင် တန်ချိန် ၇ သန်းခန့် ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားကြောင်းလည်း သိရှိရသည်။ ထို့အပြင် နောက်တစ်ကြိမ် ဆန်ရိတ်သိမ်းရာသီ မရောက်မီအထိ အဆိုပါ ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၁၀၀ မှ ၁၁၅၀ အထိ စျေးရရှိတည်ငြိမ်နိုင်မည်ဟု ခန့်မှန်းထားကြောင်းနှင့် ရာသီဥတုအခြေအနေကြောင့် စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းသဖြင့် အချို့သော လယ်သမားများ သည်လည်း အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုး ကြကြောင်းလည်း သိရှိရပါသည်။ ပို့ကုန်ဝယ်လိုအား ကောင်းမွန်နေသော်လည်း မကြာမီက သဘာဝ ဘေးအန္တရာယ် ကျရောက်ခဲ့ပြီး နောက်ပိုင်းထုတ်လုပ်မှု အားလျော့လာသည့်အတွက် ရောင်းလိုအား ကျဆင်းကာ ဆန်စျေးများတက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။



ကမ္ဘာ့စျေးကွက်တွင် ဖြစ်ပေါ်နေသော အနေအထားများအရ ဗီယက်နမ်နိုင်ငံ၏ ဆန်စျေးနှုန်းအနေဖြင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ်၏ စျေးနှုန်းများသည် လဆန်း၊ လလယ်တို့တွင် ဖြစ်ပေါ်ခဲ့သော စျေးနှုန်းများထက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃ ဒေါ်လာခန့် ကျဆင်းခဲ့သည့်အတွက် ဆန်စျေးအနည်းငယ်ကျဆင်းသည်ကိုတွေ့ရှိရပြီး ဗီယက်နမ်နိုင်ငံ၏ နှစ်သစ်ကူးကာလဖြစ်၍ ကုန်သွယ်မှုဘက်ကိုအာရုံစိုက်မှု အားနည်းကာ ဆန်စျေးကျခြင်းဖြစ်ကြောင်း ဟိုချီမင်းမြို့ရှိဆန်ကုန်သည်များ အဆိုအရ သိရှိရပါသည်။

အာရှ စျေးကွက်အပြင် ကမ္ဘာ့စျေးကွက်ရှိ အခြားသော နိုင်ငံများကို လေ့လာကြည့်ပါမူ အာဖရိကဒေသသည် ဆန်စားသုံးမှု မြင့်မားသဖြင့် ကမ္ဘာ့ဆန်စျေးကွက်တွင် တင်သွင်းမှု မြင့်မားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ စုစုပေါင်းတင်သွင်းသော နိုင်ငံများ တန်ဖိုး၏ ၂၀ မှ ၃၀ ရာခိုင်နှုန်းခန့်သည် အာဖရိကနိုင်ငံများမှ တင်သွင်းခြင်းဖြစ်ပြီး အဓိကအားဖြင့် ဆာဟာရ အာဖရိကဒေသရှိ နိုင်ငံများ၏ လိုအပ်ချက်အရဖြစ်ပါသည်။ အာဖရိကဒေသတွင် နှစ်စဉ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ပျမ်းမျှဧက ၇ ဒသမ၃ ဟက်တာပေါ်တွင် တန်ချိန် ၁၄ဒသမ၆ သန်းထုတ်လုပ်နိုင်ပြီး ကမ္ဘာ့ဆန် ထုတ်လုပ်နိုင်မှု၏ ၂ဒသမ၆ ရာခိုင်နှုန်း ရှိသော်လည်း စားသုံးမှုနှုန်းသည် ထုတ်လုပ်နိုင်စွမ်းထက်မြင့်မားသဖြင့် တင်သွင်းမှုများခြင်းဖြစ်ပြီး မြန်မာနိုင်ငံထံမှ ဆန်အများဆုံးတင်ပို့ရသည့်နိုင်ငံများတွင်လည်း အနောက်အာဖရိကနိုင်ငံများ ပါဝင်လျက်ရှိပါသည်။

USDA နှင့် Statistica တို့တွင် ဖော်ပြထားသော စာရင်းအချက်အလက်များအရ ကမ္ဘာ့ဆန်ကုန်သွယ်မှုကဏ္ဍကို လေ့လာကြည့်ပါက ဆန်အများဆုံးတင်ပို့သည့်နိုင်ငံများဖြစ်သော အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့ပြီးလျှင် မြန်မာနိုင်ငံသည် ပဉ္စမမြောက် အများဆုံးဆန်တင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း ပြည်ပမှအများဆုံး ဆန်တင်သွင်းလျက်ရှိသည့် နိုင်ငံများမှာ တရုတ်၊ နိုင်ဂျီးရီးယား၊ ဥရောပသမဂ္ဂ၊ ဘင်္ဂလားဒေ့ရှ်၊ Cote d'Ivore နိုင်ငံတို့ဖြစ်ကြောင်း သိရှိရပါသည်။ ထို့အပြင် ယခုကာလများတွင် အင်ဒိုနီးရှားနိုင်ငံသည်လည်း ဆန်ပိုမို တင်သွင်းလာကြောင်း သိရှိရပါသည်။

USDA ၏ ဆန်စပါးစျေးကွက် သုံးသပ်ချက်များအရလည်း မြန်မာ၊ ဗီယက်နမ်၊အိန္ဒိယတို့သည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆန်ပိုမိုတင်ပို့နိုင်ခဲ့ပြီး တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ဆန်ပိုမို တင်သွင်းခဲ့ကြောင်း ဖော်ပြထားပြီး မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ဆန်အဓိကတင်ပို့သည့် နိုင်ငံအဖြစ် သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရကြောင်း လည်း ဖော်ပြထားပါသည်။

ဆန်အသစ် ပေါ်ထွက်လာသည့် ဖေဖော်ဝါရီလက ဆန်ဟောင်းများသည် လက်လီစျေးနှုန်းတွင် တစ်ပြည် လျှင် ကျပ် ၅၀၀ ခန့်စျေးတက်ခဲ့သဖြင့် တစ်တင်းခွဲ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀ ခန့် စျေးတက်ခဲ့ကြောင်းလည်း တွေ့ရှိရပါသည်။ ပြည်တွင်းဆန်စျေးနှုန်းသည် စျေးကွက်ဖြစ်တည်မှုပေါ် မူတည်၍ မြို့များအလိုက် စျေးနှုန်းအတက်အကျများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတကာသို့ တင်ပို့မှုတွင် ဆန်စျေး ပိုမိုရရှိခြင်းဖြင့် မိမိနိုင်ငံ၏ ကုန်သည်လုပ်ငန်းရှင်များအတွက် အကျိုးဖြစ်ထွန်းမှုရှိသည့်အတွက် ကောင်းမွန်သော်လည်း ပြည်သူများ၊ အခြေခံလူတန်းစားများအတွက် ပြည်တွင်းရှိ အခြေခံစားကုန်စျေးနှုန်း တည်ငြိမ်ရေးသည် လွန်စွာအရေးကြီးသည့်အတွက် စျေးကစားခြင်းများ မဖြစ်အောင်လည်း ဂရုပြု ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လက်ရှိပြည်တွင်းစျေးနှုန်းများအရ တွက်ခြေကိုက်မှု အခြေအနေကို လေ့လာကြည့်ပါမူ ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ ၊ ကုန်သည်များ၊ စက်ပိုင်များအနေဖြင့် ပိုမို တွက်ခြေကိုက် အကျိုးအမြတ်ရှိသည်ကို တွေ့ရှိရပြီး Exporter များ အနေဖြင့် FOB ကျသင့်စျေးဖြင့် တွက်ချက်ပါက ပင်လယ်ရေကြောင်းမှ တင်ပို့မှုထက် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ တင်ပို့မှုက ပိုမိုတွက်ခြေကိုက်သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စပါးစိုက်ပျိုးမှုတွင် မိုးစပါးနှင့် နွေစပါး စိုက်ဧက ၂ ဒသမ ၄၆ သန်းရှိပြီး ထွက်ရှိမည့် တင်းလျာထားချက်မှာ တင်း ၁၃၁၇ သန်း ရှိပါသည်။ စပါး စိုက်ပျိုးရန်အတွက် လိုအပ်သည့် မျိုး၊ အလေအလွင့်၊ စားသုံးမှုမှာ ခန့်မှန်းခြေ တင်း ၈၂၆ သန်းရှိသဖြင့် ပိုလျှံမည့် စပါးတင်း ၄၉၂ သန်း၊ စပါး တန်ချိန်အားဖြင့် ၁၀ သန်း ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ ယခုနှစ်တွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှာ တန်ချိန် ၂ ဒသမ၅ သန်းခန့်တင်ပို့နိုင်မည့် အခြေအနေရှိကြောင်း လေ့လာသုံးသပ်ခဲ့ကြပြီး ယခုလက်ရှိ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ မြန်မာနိုင်ငံမှတင်ပို့ပြီးသည့်စာရင်းများအရ ဆန်တန်ချိန် ၃ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့ပြီးဖြစ်သဖြင့် မြန်မာ့ဆန်တင်ပို့မှုအတွက် ကောင်းမွန်သော ရလဒ်များ ရရှိပြီးဖြစ်ပါသည်။

ကမ္ဘာ့စျေးကွက် ဆန်စျေးနှုန်း အတက်အကျ များသည် မြန်မာ့ဆန် ပြည်ပစျေးကွက်နှင့် ဆက်စပ်လျက်ရှိပါသည်။ ယခုဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံအနေဖြင့် ဆန်တင်ပို့မှု စံချိန်သစ်ရရှိခဲ့ပြီး ပြည်ပစျေးကွက်သစ်များကိုလည်း ကောင်းမွန်စွာရှာဖွေ ထားနိုင်ခြင်းကြောင့် လာမည့် ဘဏ္ဍာနှစ်များတွင်လည်း အလားအလာကောင်းများရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဖရိကတိုက်နှင့် မိမိနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့သာ အဓိကထား တင်ပို့သော်လည်း ဥရောပသမဂ္ဂနိုင်ငံများသို့ စျေးကွက်ထိုးဖောက် ဝင်ရောက်ရန်အတွက် အခြားနိုင်ငံများ၏ စိုက်ပျိုးရေးနည်းစနစ်များ၊ ရာသီဥတုအခြေအနေ၊ စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေများ၊ စျေးကွက်ဝယ်လိုအားရှိနိုင်မှု အခြေအနေများကို လေ့လာ၍ အရည်အသွေးမြင့်ဆန် ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ပို့ကုန်ကဏ္ဍ တိုးတက်လာမည်ဖြစ်ပါသည်။

အရည်အသွေးမြင့်ဆန်ထုတ်လုပ်နိုင်ရန်အတွက် မျိုးစေ့ စီမံခန့်ခွဲမှုစနစ်၊ ရေအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များကို တိုးတက်အောင် ဆောင်ရွက်ခြင်း၊ ကြိတ်ခွဲမှု ၊ သိုလှောင်မှုအပိုင်းများတွင်လည်း နည်းပညာပိုင်း ဆိုင်ရာအထောက်အပံ့များ၊ ချေးငွေနှင့် စက်ယန္တရားများ စသည့် စိန်ခေါ်မှုများစွာ တွေ့ကြုံရပြီး ပြည်ပသို့ တင်ပို့ရောင်းချမှုအပိုင်းတွင်လည်း ဆိပ်ကမ်းဝန်ဆောင်မှု အခက်အခဲများ၊ ပို့ဆောင်ရေး ကုန်ကျစရိတ်မြင့်မားခြင်း စသည့် အခက်အခဲများ ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

လက်ရှိ ကမ္ဘာ့စျေးကွက်၏ ဆန်တင်ပို့မှုတွင် အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့က ဦးဆောင်နေသော်လည်း မဝေးတော့သည့် အနာဂတ်တွင် မြန်မာ၊ အာဂျင်တီးနား၊ ဘရာဇီးနှင့် ကမ္ဘောဒီးယားတို့ကလည်းစျေးကွက် ထိုးဖောက်၍ တင်ပို့မှု တိုးတက်လာနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ဆန် စျေးကွက် သုံးသပ်သူများက ခန့်မှန်းထားကြသည်။ သို့ဖြစ်၍ ကမ္ဘာ့စျေးကွက်တွင် မြန်မာ့ဆန် ထိုးဖောက်ဝင်ရောက်ရန်အတွက် မိမိပို့ကုန်များ၏ အဆင့်အတန်းစံသတ်မှတ်ချက်များ စံချိန်စံညွှန်းပြည့်မီရေးသည် အထူးအရေးကြီးလှပါသည်။ ထိုကဲ့သို့ စံချိန်စံညွှန်း ပြည့်မီရန်အတွက် မျိုးကောင်းမျိုးသန့်၊ စက်ယန္တရားများ၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် အခြေခံအဆောက်အဦများမှာ အရေးကြီးသကဲ့သို့ မြန်မာနိုင်ငံလူဦးရေ ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍမှာလည်း အရေးပါလှပါသည်။

ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍအတွက် နှစ်စဉ်သုတေသန လုပ်ငန်းများအား နိုင်ငံတကာအဆင့်မီ လုပ်ဆောင်ရန်လိုအပ်ပြီးရရှိလာမည့် အတွေ့အကြုံများ၊ နည်းစနစ်များအား တောင်သူလယ်သမားများထံသို့ ပြန်လည်ဖြန့်ဝေရေး၊ အသိပညာပေးရေး လုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်ရန် လိုအပ်ပါသည်။

ထို့အပြင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် Production - Processing - Sale ကို တစ်ဆက်တည်း လုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာသည်ကို လေ့လာတွေ့ရှိရပါသည်။ ယနေ့ခေတ်သည် နည်းပညာတိုးတက်လာသည့်ခေတ်ဖြစ်သည့်အားလျော်စွာ Market Penetration ဆောင်ရွက်ရာတွင်Digital နည်းပညာများ၏အားသာမှုကို ထိရောက်စွာအသုံးချ၍ ကုန်ကျစရိတ်အနည်းဆုံးဖြင့် အထိရောက်ဆုံးစျေးကွက် ထိုးဖောက်နိုင်ရေး ဆောင်ရွက်နိုင်ရန်လည်း ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပေသည်။

သို့ဖြစ်၍ကမ္ဘာ့စျေးကွက်တွင် မြန်မာ့ဆန် ပိုမိုထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် Mass Production၊ Processing နှင့် Marketing ပိုင်းများတွင် အစိုးရ၊ ပုဂ္ဂလိကနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## စီးပွားရေးအခွင့်အလမ်းများအတွက် မြောက်ကိုရီးယားနိုင်ငံကို လေ့လာမှုများပြုလုပ်ရန် စိတ်ဝင်စားလာကြ

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးကိုဦးတည်သည့် အပြုသဘောဆောင်သည့်ဆက်ဆံရေးကြောင့် စီးပွားရေးလုပ်ငန်းအများစုသည် မြောက်ကိုရီးယားနိုင်ငံနှင့်ပတ်သက်၍ လေ့လာသုံးသပ်မှုများ စတင်လုပ်ကိုင်ရန် ကြိုးပမ်းလျက်ရှိကြပြီး အထူးသဖြင့် ကြီးမားသည့်အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို မျှော်လင့်နေသည့် ဆောက်လုပ်ရေးကုမ္ပဏီများသည် လေ့လာမှုများပြုလုပ်ရန် ပိုမိုစိတ်ဝင်စားလျက်ရှိကြသည်။ တောင်ကိုရီးယား ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း ပြန်လည်ပေါင်းစည်းရေးဖိုရမ်တစ်ခုကို လာမည့်မေလအတွင်းပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခင်က ပြန်လည်ပေါင်းစည်းရေးကော်မတီကို အဓိကဆောက်လုပ်ရေးကုမ္ပဏီအနည်းငယ်ဖြင့်သာ ဖွဲ့စည်းခဲ့သော်လည်း အသေးစားနှင့်အလတ်စားကုမ္ပဏီများမှ ပါဝင်လိုမှုကြောင့် ဖိုရမ်အဖြစ် ချဲ့ထွင်ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။

မြောက်ကိုရီးယားနိုင်ငံတွင် စီးပွားရေးလုပ်ငန်းအတွေ့အကြုံရှိသည့်လုပ်ငန်းများအနေဖြင့် လာမည့် အခွင့်အလမ်းများအတွက် တက်ကြွစွာပြင်ဆင်နေကြပြီး အထူးလုပ်ငန်းအဖွဲ့များဖွဲ့စည်းကာ မြောက်ကိုရီးယားစီမံကိန်းများနှင့်ဆက်စပ်သည့် ၎င်းတို့အချက်အလက်များကို ပြန်လည်သုံးသပ်ခြင်းကိုဆောင်ရွက်လျက်ရှိကြသည်။

မြောက်ကိုရီးယားတွင် လုပ်ငန်းအတွေ့အကြုံများစွာရှိသည့် Hyundai Engineering and Construction (E&C) ကလည်း မြောက်ကိုရီးယားစီမံကိန်းများအတွက် မည်သည့်ကုမ္ပဏီကိုမဆိုကြိုဆိုသွားမည်ဖြစ်ကြောင်းနှင့် ၎င်းတို့အနေဖြင့်လည်း မြောက်ကိုရီးယားတွင်လုပ်ငန်းအတွေ့အကြုံ များစွာရှိခဲ့ခြင်းကြောင့် များစွာမျှော်လင့်ထားကြောင်း ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောကြားခဲ့သည်။ Daewoo E&C သည်လည်း အထူး လုပ်ငန်းအဖွဲ့တစ်ခု ဖွဲ့စည်းရန် ပြင်ဆင်လျက်ရှိပြီး ဒေဝူးအုပ်စု၏ ယခင်ဥက္ကဋ္ဌဟောင်းဖြစ်သူ Kim Woo-choong သည်မြောက်ကိုရီးယား ခေါင်းဆောင်ဟောင်း Kim Il-sung နှင့် တွေ့ဆုံခဲ့ဖူးသည့်အတွက် မြောက်ကိုရီးယားနိုင်ငံနှင့်ပတ်သက်သည့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရှိရသည်။ မြောက်ကိုရီးယားအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများစတင်ရန်မှာ အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်မည်မှာဧကန်မလွဲဖြစ်၍ အထူးသဖြင့် ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် ပိုမိုတက်ကြွစွာလေ့လာမှုများ ပြုလုပ်နေကြခြင်းဖြစ်သည်။ မြောက်ကိုရီးယားတွင် အဝေးပြေးလမ်းများသည် စုစုပေါင်း ၇၇၄ ကီလိုမီတာသာရှိသဖြင့် တောင်ကိုရီးယားနိုင်ငံ၏ ၁၇ ဒသမ ၄ ရာခိုင်နှုန်းခန့်သာရှိနေရာ အဆိုပါကဏ္ဍတွင် ဝမ် ၃၅ ထရီလီယံတန်ဖိုးခန့် ရင်းနှီးမြှုပ်နှံသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရထားလမ်းစနစ်အဟောင်းများကိုလည်း မြေအောက်ရထားလမ်းသစ်စနစ်များဖြင့် အစားထိုးနိုင်ရေးနှင့် ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများလည်း ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သဖြင့် အခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တစ်ရှိန်ထိုးတိုးတက်လာမည့်အနေအထားဖြစ်ကြောင်း လေ့လာသုံးသပ်ကြသည်။

မြောက်ကိုရီးယားအနေဖြင့် ၎င်း၏မြို့တော်ပြုံယမ်းမှအပ ကျန်မြို့အများစုမှာ သေးငယ်သည့်အတွက် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများလည်း လိုအပ်မည်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်မှုအတွက် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ဆိုရှယ်လစ်စီးပွားရေးနမူနာပုံစံဖြစ်သည့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အထူးစီးပွားရေးဇုန်များမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိသည့်ပုံစံအတိုင်း မြောက်ကိုရီးယားအနေဖြင့် ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း၊ မြောက်ကိုရီးယား၏ အခြေခံအဆောက်အဦနှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများသည် တောင်ကိုရီးယားဆောက်လုပ်ရေးကုမ္ပဏီများအတွက် သမိုင်းကဏ္ဍသစ်တစ်ရပ်အဖြစ် ပြောင်းလဲမှုကိုပေးနိုင်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်သူများကဆိုကြသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အရည်အသွေးမပြည့်မီသည့် အစားအသောက်များတရုတ်ဖယ်ရှား

တရုတ်အစိုးရမှ ကျောင်းများအနီးတစ်ဝိုက်တွင် ရောင်းချနေသည့် အရည်အသွေးမပြည့်မီသည့် အစားအသောက်များကို ဖယ်ရှားရန် Campaign တစ်ခု ဆောင်ရွက်မည်ဖြစ်ကြောင်း State Administration for Market Regulation က ပြောကြားထားပါသည်။

8-cent snacks ဟုခေါ်သည့် အရည်အသွေးမပြည့်မီသည့် Spice Strips၊ dried tofu ၊ ice treats နှင့် soft drinks များအား ထုတ်လုပ်ရောင်းချမှုကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း၊ စက်ရုံများနှင့် ဈေးဆိုင်များအား random inspection ပြုလုပ်၍ အရည်အသွေးမပြည့်ဝသည့်၊ သန့်ရှင်းမှုမရှိသည့် တရားမဝင်ထုတ်လုပ်ရောင်းချမှုများကို ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း Food Authority က ထုတ်ပြန်ထားပါသည်။ food safety နှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၊ ကျောင်းသား၊ မိဘများနှင့် Campaign ပြုလုပ်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ထုတ်လုပ်သည့်ကုမ္ပဏီအမည်နှင့် ထုတ်လုပ်သည့် ရက်စွဲမပါဝင်သည့် အစားအသောက်များအား သတင်းပေးပို့သွားရန် အသိပေးထုတ် ပြန်ထားပါသည်။

Food Authority သည် ကျန်းမာရေးအတွက် စိတ်မချရသည့် အစားအသောက်များနှင့်ပတ်သက်၍ ယခင်က မကြာခဏ အရေးယူဆောင်ရွက်ခဲ့သော်လည်း အခြားပုံစံမျိုးစုံဖြင့် ဈေးကွက်တွင် ရောင်းချနေဆဲဖြစ်သည်ကိုတွေ့ရပြီး အများအားဖြင့် ကျေးလက်ဒေသများတွင် ပိုမိုတွေ့ရှိရပါသည်။ ကျေးလက်ဒေသကလေးများက ဝယ်ယူစားသုံးလျက်ရှိသည့်အတွက် ကလေးသန်းပေါင်းများစွာ၏ ကျန်းမာရေးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း၊ ထိရောက်စွာဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ကျေးလက်ဒေသအချို့တွင် တရားမဝင်စက်ရုံငယ်များဖြင့် နေရာ ရွှေ့ပြောင်းထုတ်လုပ်နေသည့်အတွက် ထိန်းချုပ်ဆောင်ရွက်ရန် မလွယ်ကူ ကြောင်း၊ စာသင်ကျောင်းများအနေဖြင့် ကလေးများအား ကျန်းမာရေးနှင့် ညီညွတ်သည့် နေ့လယ်စာများ ပံ့ပိုးပေးသင့်ကြောင်းဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## ဥရောပသို့ သရက်သီးများတင်ပို့ရန် West Bengal ပြည်နယ်စီစဉ်

West Bengal ပြည်နယ် Malda ခရိုင်ထွက် အကောင်းဆုံးသရက်သီးများကို ဗြိတိန်၊ အီတလီ၊ ပြင်သစ်နှင့် အခြားဥရောပနိုင်ငံများရှိ ဈေးဝယ်စင်တာများ၌ စတင်ရောင်းချနိုင်ရန် ပြည်နယ်အစိုးရ က ပြင်ဆင်မှုများစတင်ပြုလုပ်နေပြီဖြစ်ကြောင်း၊ ယခုနှစ်ဇွန်လမှစတင်ကာ Himsagar၊ Lyangral Fazli၊ Laxmanbhog ကဲ့သို့သော သရက်မျိုးများကို ယခုနှစ်ဇွန်လမှ စတင်ကာ ဥရောပသို့တင်ပို့မည်ဖြစ်ကြောင်း၊ အိန္ဒိယစိုက်ပျိုးရေးပညာရှင်များ၏ ခန့်မှန်းချက်အရ ယခုနှစ် နွေရာသီတွင် အိန္ဒိယနိုင်ငံ၏ သရက်သီးထုတ်လုပ်နိုင်မှု တန်ချိန်မှာ တန် ၄၀၀ ခန့်ရှိမည်ဖြစ် ကြောင်း သိရှိရသည်။

ပြည်နယ်စိုက်ပျိုးရေးတာဝန်ရှိသူများက ပြောကြားရာ၌ သရက်သီးများ တင်ပို့ရန်မှာ အရွယ်အစားနှင့် အရည်အသွေးကို ဂရုတစိုက်ရွေးချယ်ရန် လိုအပ်ကြောင်း၊ တင်ပို့မည့်အသီးတစ်လုံးချင်းတွင် အလေးချိန်မှာ ၃၀၀ ဂရမ်နှင့် ၃၅၀ ဂရမ်အကြားတွင် ရှိရမည်ဖြစ်ကာ အသီးပေါ်တွင် အစက်အပျောက်ကင်း ရန်လည်း လိုအပ်ကြောင်း၊ ထို့မျှသာမက အသီးရင့်မှည့်ရမည်ဖြစ်သော်လည်း ထုပ်ပိုးရန်အတွက် လုံလောက်အောင် မာနေရန်လည်းလိုအပ်ကာ သင့်တင့် သည့်ကာလတစ်ခုကြာအထိ လတ်လတ် ဆတ်ဆတ်ရှိနေရန်လည်း လိုအပ်ကြောင်း ပြောကြားထားပါသည်။

သို့ဖြစ်၍ နိုင်ငံတကာစံချိန်စံညွှန်း နှင့်အညီ သီးနှံများထုပ်ပိုးနိုင်မည့် ခေတ်မီထုပ်ပိုးစက်ရုံများကို ပြည်နယ် အစိုးရက တည်ဆောက်လျက်ရှိပြီး လိုအပ်သည့်အထူးရေပူစက်ရုံများကိုလည်း တည်ဆောက်နေကြောင်း၊ ပြည်ပသို့ တင်ပို့သည့်သရက်သီးအများစုမှာ Malda ခရိုင်မှဖြစ်သည့်အတွက် ယင်းခရိုင်တွင် သရက်သီးထုပ်ပိုးရုံများနှင့် Treatment ပြုလုပ်ရန် လိုအပ်သည့် စက်ရုံများကိုတည်ဆောက်နေကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ကိုရီးယား-အမေရိကန် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်သည် အမေရိကန်ဘက်၌ အားသာချက်ပိုများနေ

အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီချက်သည် အမေရိကန်အတွက် အလုပ်အကိုင်ရရှိမှုကိုထိခိုက်စေပြီး ကုန်သွယ်မှုလိုငွေပြမှုကို ဖြစ်ပေါ်စေသည်ဟု အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်က ဝေဖန်သုံးသပ်ခဲ့သော်လည်း ယခုအခါမှ အမေရိကန်အတွက် အားသာချက်များ ပိုမိုရရှိသည့် အနေအထားသို့ပြောင်းလဲသွားခဲ့သည်ဟု သုံးသပ်ချက်များအရ သိရှိရသည်။ တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အဆိုပါ ကိုရီးယား-အမေရိကန် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်နှင့်ပတ်သက်၍ သုံးသပ်ချက်ကို ဧပြီလအတွင်း လွှတ်တော်သို့တင်ပြခဲ့ပြီး ယင်းသို့သုံးသပ်ခြင်းသည် အဆိုပါ သဘောတူညီချက် စတင်အသက်ဝင်သည့် ၂၀၁၂ ခုနှစ်ကတည်းက ယခုအချိန်ထိ ပထမဆုံးအကြိမ် သုံးသပ်ချက်ဖြစ်သည်။

အဆိုပါအစီရင်ခံစာအရ အမေရိကန်နိုင်ငံသို့ တောင်ကိုရီးယားမှ ပို့ကုန်တင်ပို့နိုင်မှုသည် ကိုရီးယား-အမေရိကန် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် စတင်အသက်မဝင်မီ ငါးနှစ်ကာလနှင့် နှိုင်းယှဉ်ပါက တစ်နှစ်လျှင်ပျမ်းမျှအမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄ ဘီလီယံတန်ဖိုး တိုးတက်ခဲ့ကြောင်း၊ တိုးတက်ခဲ့သည့် ပို့ကုန်တင်ပို့နိုင်မှုကို လေ့လာကြည့်ပါက လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကြောင့် တိုးတက်ရရှိမှုသည် ခန့်မှန်းရာခိုင်နှုန်းအားဖြင့် ၁၇ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၃၆ ရာခိုင်နှုန်းခန့်ကြားရှိကြောင်း၊ အမေရိကန်မှ တောင်ကိုရီးယားသို့ သွင်းကုန်တင်သွင်းနိုင်မှုသည်လည်း နှစ်စဉ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံ တန်ဖိုးခန့် တိုးတက်ခဲ့ကြောင်း သုံးသပ်ချက်များအရ သိရှိရသည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူညီချက်သည် အမေရိကန်နိုင်ငံသို့ တောင်ကိုရီးယားလုပ်ငန်းများ သွားရောက်ရင်းနှီးမြှုပ်နှံမှုကိုလည်း တိုးတက်စေခဲ့ပြီး သဘောတူညီချက်စတင် အသက်ဝင်ချိန်မှစ၍ နှစ်စဉ် ရင်းနှီးမြှုပ်နှံမှုပမာဏပျမ်းမျှ ၆၁ ဒသမ ၂ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့သည်ကိုတွေ့ရသည်။ တောင်ကိုရီးယားနိုင်ငံအတွင်း အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ၁၈၄ ဒသမ ၂ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့သည်ကို တွေ့ရသော်လည်း လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ကြောင့် တိုးတက်မှုနှုန်းသည် ၂၉ ဒသမ ၃ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

အမေရိကန်အနေဖြင့် တောင်ကိုရီးယားထက် ဈေးကွက်ခွဲဝေမှုပိုမိုတိုးတက်ရရှိခဲ့သည်ကိုလည်း တွေ့ရှိရပြီး အဓိကအားဖြင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် စတင်ပြီးချိန်တွင် တောင်ကိုရီးယားမှ အမေရိကန်သို့ ဝန်ဆောင်မှုကဏ္ဍတင်ပို့မှု ၉ ရာခိုင်နှုန်းသာ တိုးတက်တင်ပို့နိုင်ချိန်တွင် အမေရိကန်မှ တောင်ကိုရီးယားသို့ ၁၇ ဒသမ ၃ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့သည်။ တောင်ကိုရီးယားအနေဖြင့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် နှစ်စဉ်ထုတ်လုပ်နိုင်မှုလည်း ကျဆင်းခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင်ဖော်ပြထားပြီး ကိုရီးယား-အမေရိကန်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်သည် နှစ်နိုင်ငံကုန်သွယ်မှုကို မျှတစွာတိုးတက်စေခြင်းဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုအတွက် အပြန်အလှန်အကျိုးရှိစေရန် ကောင်းမွန်သည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ဆော်ဒီအာရေဗျနိုင်ငံ၏ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

ကျော်စိန်ဝင်း(ပြည်တွင်း၊ ပြည်ပ)

**(ယခင်တစ်ပတ်မှအဆက်)**

ဒါ့အပြင် သီးခြားလိုအပ်ချက်များအနေနဲ့ ဟာလာ လိုအပ်ချက်များနှင့်အညီ စားသောက်ကုန်ထုတ်လုပ်မှု၊ GSO သားသတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းစံချိန်စံညွှန်းအမှတ် ၉၉၃: ၁၉၉၈ မှာ ပြဋ္ဌာန်းထားတဲ့ သားသတ်ခြင်းဆိုင်ရာလိုအပ်ချက်များနဲ့အညီ ထုတ်လုပ်ထားသည့် အသားများဖြစ်ရန် လိုအပ်ချက်၊ ကူးစက်နိုင်သည့်တိရစ္ဆာန်ဦးနှောက်နှင့် အာရုံကြောဆက်စပ်ရောဂါ (Transmissible Spongiform Encephalitis) ဆိုင်ရာ အန္တရာယ်ရှိနိုင်ခြေ သတ်မှတ်ချက်၊ ဟာလာသားသတ်လုပ်ထုံးလုပ်နည်းများအား သက်သေခံသည့် အဖွဲ့အစည်း၊ ဆော်ဒီအစားသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့မှ ဖော်ပြမထားသည့် အခြားအထောက်အကူပြုစာရွက်စာတမ်းများ၊ ကြော်ငြာချက်နှင့် တင်ပြချက်များကို ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ မှတ်ပုံတင်ဆောင်ရွက်ခြင်းကို အတည်ပြုဖို့နဲ့ ဆော်ဒီအာရေဗျနိုင်ငံသို့တင်ပို့ရန် အရည်အသွေးပြည့်မီကြောင်း ဖော်ပြပေးဖို့ ပြည်ပမှ သားသတ်ရုံများနှင့် အသားထုတ်လုပ်သည့် ဆက်စပ်ပစ္စည်းများ၊ ကြက်/ဘဲ အသားနှင့် ငါးထွက်ကုန်များကို စစ်ဆေးရန် ဆုံးဖြတ်နိုင်တယ်လို့လည်း သိရပါတယ်။

**တင်သွင်းမှုလုပ်ငန်းစဉ်များ**

ဆော်ဒီအာရေဗျနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်သွင်းခြင်းအတွက် လိုအပ်တဲ့ လုပ်ငန်းစဉ်များကို ဆော်ဒီအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့မှ သတ်မှတ်ထားပါတယ်။ တင်သွင်းသူများဟာ စားသောက်ကုန်တင်သွင်းမှုနှင့် ဖြန့်ဖြူးရောင်းချမှုတို့ အပါအဝင်ဖြစ်တဲ့ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ မှတ်ပုံတင် (Commercial Register) ရရှိဖို့ လိုအပ်ပါတယ်။ တင်သွင်းသူများဟာ အထက်မှာ ဖော်ပြခဲ့ပြီးဖြစ်တဲ့ အီလက်ထရောနစ်အကောင့်လည်း ဖွင့်ထားရန် လိုအပ်ပြီး ၎င်းတို့တင်သွင်းခဲ့တဲ့ စားသောက်ကုန်ပစ္စည်းအားလုံးကို မှတ်ပုံတင်ထားရမှာ ဖြစ်ပါတယ်။ စားသောက်ကုန်တွေကို လိုအပ်တဲ့ စစ်ဆေးမှုတွေ ဆောင်ရွက်နိုင်ဖို့အတွက် တင်ပို့တဲ့ကုမ္ပဏီတည်ရှိရာနိုင်ငံမှ ကုန်သည်အသင်းတစ်ခုက အတည်ပြုထားတဲ့ ကုန်ပို့လွှာ (မူရင်း)လည်း လိုအပ်ပါတယ်။ စားသောက်ကုန်အမျိုးအစားပေါ် မူတည်ပြီးတော့ ထပ်မံလိုအပ်တဲ့ အထောက်အထားတွေကတော့ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်(မိတ္တူ)၊ ဟာလာသက်သေခံလက်မှတ် (မူရင်း)၊ ကြက်/ဘဲနှင့် အသားအတွက် သားသတ်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်(မူရင်း)၊ SFDA အရလိုအပ်တဲ့အခြား စာရွက် စာတမ်းများ (သို့မဟုတ်) သက်သေခံလက်မှတ်များ လိုအပ်ပါတယ်။ အဆိုပါလိုအပ်ချက်များအပြင် တင်သွင်းသည့် စားသောက်ကုန် ပစ္စည်းရဲ့ သဘောသဘာဝအရ SFDA က အထူးလိုအပ်ချက်များကို သီးခြားသတ်မှတ်နိုင်တယ်လို့လည်း သိရပါတယ်။

**နယ်စပ်စစ်ဆေးရေးစခန်းများ၌ စစ်ဆေးခြင်းလုပ်ငန်းစဉ်များ**

ဆေးဖက်ဝင်ပစ္စည်းများ၊ ကျန်းမာရေးနှင့် ဖြည့်စွက်အစာများမှအပ တိရစ္ဆာန်အရှင်များ၊ အပင်များ၊ မျိုးစေ့များ၊ အစေ့အဆန်များနှင့် တင်သွင်းလာသည့် စားသောက်ကုန်များအားလုံးကို ဆော်ဒီ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့(SFDA) ရဲ့ တင်သွင်းသည့် စားသောက်ကုန်ထိန်းချုပ်ရေးဌာန (Executive Department of Imported Food Control) က ဆော်ဒီအာရေဗျနိုင်ငံရဲ့ ဝင်ပေါက်များ (သို့မဟုတ်) နယ်စပ်စစ်ဆေးရေးစခန်းများမှာ စစ်ဆေးပါတယ်။ တင်သွင်းသည့် ဆင့်တက်ပြုပြင်ထားသော တိရစ္ဆာန်အစာများနှင့် အစာပါဝင်ပစ္စည်းများကိုတော့ SFDA ရဲ့ တိရစ္ဆာန်အစာဌာန (Executive Department of Animal Feed) က စစ်ဆေးဆောင်ရွက်ပါတယ်။

စစ်ဆေးတဲ့သူများဟာ တင်သွင်းလာတဲ့ စားသောက်ကုန်တွေကို SFDA ရုံးချုပ်ရဲ့ဝင်ရောက်စွက်ဖက်မှုမပါဘဲ အမှီအခိုကင်းကင်းနဲ့ စစ်ဆေးဆောင်ရွက်တာဖြစ်တယ်လို့သိရပါတယ်။ ဓာတ်ခွဲစစ်ဆေးတဲ့ အရာရှိများဟာ ကုန်စည်အားလုံးထံမှ နမူနာများအား ကျပန်းထုတ်ယူပြီး စမ်းသပ်စစ်ဆေးမှုကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ပါတယ်။ တင်သွင်းလာတဲ့ ကုန်စည်များဟာ သက်ဆိုင်ရာ ပင်လယ်ကွေ့ စံချိန် စံညွှန်းများ- GSO (သို့မဟုတ်) ဆော်ဒီအာရေဗျနိုင်ငံရဲ့စံချိန်စံညွှန်း များ၊ လုပ်ထုံးလုပ်နည်းများနဲ့ ကိုက်ညီမှုရှိတယ် ဆိုရင် အကောက် ခွန် ရှင်းလင်းထုတ်ယူနိုင်ပြီး မကိုက်ညီခဲ့ရင် ငြင်းပယ်ခံရမှာဖြစ်ပါတယ်။ SFDA ဟာ စစ်ဆေးတဲ့ စားသောက်ကုန်တွေရဲ့ ငြင်းပယ်ခံရမှုဖြစ်စေ၊ ကိုက်ညီမှုဖြစ်စေ ၎င်းတို့ရဲ့နောက်ဆုံးဆုံးဖြတ်ချက်ကို တင်သွင်းသူများထံ အသိပေးအကြောင်းကြားပေးပါတယ်။ တင်သွင်းခွင့်ငြင်းပယ်ခံရတဲ့ စားသောက်ကုန်တွေဟာ ပြန်ပို့ခြင်း (သို့မဟုတ်) SFDA ၏ ကြီးကြပ်မှုဖြင့် ဖျက်ဆီးခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

---

# စိုက်ပျိုးမှန်ကန် ပင်လုံးသန့်၊ ဝင်ငွေထွက်တိုး တောင်သူပြုံး

စန္ဒာစိုးလွင် (မကွေး)

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသဖြစ်၍ မြေပဲ၊ နှမ်း၊ လျှော်ဖြူ၊ ပဲအမျိုးမျိုး စသည့်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့်ဒေသလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီးကို ဆီအများဆုံးထွက်ရှိရာဒေသ(ဆီအိုးကြီး)ဟုလည်း ခေါ်ဝေါ်မှုပြုကြပါသည်။ မကွေးတိုင်းဒေသကြီးတွင် မြေပဲနှင့်နှမ်းကို အများဆုံး စိုက်ပျိုးလျက်ရှိပြီး နှမ်းစိုက်ပျိုးမှုမှာ ဆီထွက်သီးနှံစုစုပေါင်း စိုက်ပျိုးဧက၏ ၅၁ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိသည်ဟုလည်း သိရှိရပါသည်။ နှမ်းကို မိုးကြို၊ မိုးလယ်နှင့် မိုးနှောင်းရာသီတို့မှာ စိုက်ပျိုးကြပြီး မြန်မာနိုင်ငံ အပူပိုင်းဒေသများဖြစ်တဲ့ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့မှာ နှမ်းသီးသန့် (သို့မဟုတ်) ပဲစင်းငုံနှင့် သီးညှပ်စိုက်ပျိုးလျက်ရှိပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းဖြစ်သော ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင်မူ စပါးစိုက်ပျိုးပြီး သီးထပ်အနေဖြင့် စိုက်ပျိုးကြပါသည်။ နှမ်းသီးနှံမျိုးမှာ ရေစီးရေလာကောင်းပြီး မြေဆီသြဇာထက်သန်သည့်မြေမျိုး၊ အစိုဓာတ်ထိန်းသိမ်းနိုင်ပြီး ရေမဝပ်နိုင်သည့် မြေအမျိုးအစားကိုကြိုက်နှစ်သက်သောကြောင့် နုန်းမြေ၊ သဲနုန်းမြေ၊ နုန်းစနယ်မြေနှင့် မြေနီသဲဝန်းမြေများမှာ စိုက်နိုင်ပါကြောင်း သိရသည်။ နှမ်းစိုက်ပျိုးရာတွင် ဆင်းပဒေသာ-၃ နှမ်းနက်မျိုးနဲ့ ဆင်းရတနာ-၄ နှမ်းမျိုးတို့ကို ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ဆင်းရတနာ-၄နှင့် ဆင်းရတနာ-၅ နှမ်းဝါမျိုးများကို စိုက်ပျိုးနိုင်သည့်အပြင် ဆင်းရတနာ-၈-၉-၁၂ တို့ကိုလည်း စိုက်ပျိုးနိုင်ပါသည်။ ကြဲပက်စိုက်ပျိုး မည်ဆိုလျှင် တစ်ဧကကို ၂-၃ ပြည်နှုန်း၊ အတန်းလိုက်စိုက်လျှင် ၁ ဒသမ ၅-၂ ပြည်နှုန်း စိုက်ပျိုးသင့်ကြောင်းလည်း သိရှိရပါသည်။ နှမ်းမစိုက်မီ အပင်ပေါက်ရာနှုန်း စမ်းသပ်ရန်လိုအပ်ပြီး အပင်ပေါက်ရာနှုန်း ၈၀ အထက်ရှိမှသာ စိုက်ပျိုးသင့်ပါကြောင်း သိရှိရပါသည်။ နှမ်းစိုက်ပျိုးရာတွင် တစ်ဧကလျှင် အပင်ဦးရေတစ်သိန်းလောက်ရရန် အတန်းလိုက်စိုက်ပျိုးလျှင် သင့်တော်တဲ့ အပင်တန်းကြားကတော့ ဆင်းရတနာ-၄ နှင့် ၁၂ တို့လို တစ်ပင်တိုင်မျိုးများတွင် တန်းကြား ၁၂ လက်မနှင့် ပင်ကြား ၄ လက်မထားရှိပြီး ဆင်းရတနာ-၃-၅-၈-၉ တို့လို ကိုင်းဖြာမျိုးများအတွက် တန်းကြား ၁၅ လက်မနှင့် ပင်ကြား ၄ လက်မထားသင့်ကြောင်း သိရှိရပါသည်။ နှမ်းစိုက်ပျိုးရန် အသင့်တော်ဆုံး ရာသီဥတုမှာ မိုးဦးမှာဆိုလျှင် မေ-ဇွန်၊ မိုးလယ်မှာဆိုလျှင် ဩဂုတ်၊ မိုးနှောင်းမှာဆိုလျှင် အောက်တိုဘာ- နိုဝင်ဘာ၊ မိုးကြိုမှာဆိုလျှင် ဖေဖော်ဝါရီ-မတ်တို့တွင် စိုက်ပျိုးသင့်ပါကြောင်း သိရှိရပါသည်။ ဆီထွက်သီးနှံများတွင် နှမ်း၏ဈေးကွက်မှာ တရုတ်နိုင်ငံမှ အရည်အသွေးမကြည့်သည့်အတွက် အများဆုံးဝယ်ယူနေပြီး ဈေးနှုန်းရရှိမှုမှာ နည်းပါးသော်လည်း ပုံမှန်ရောင်းချနိုင်သည့်အခြေအနေတွင်ရှိကာ ပြီးခဲ့သည့်နှစ်ပိုင်းမှစ၍ အရည်အသွေးမြင့် နှမ်းနက်စိုက်ပျိုးမှုကြောင့် ဂျပန်ဈေးကွက်သို့ ဈေးနှုန်းများများဖြင့် ရောင်းချခွင့်ရရှိရန် စတင်ဆောင်ရွက်နေခြင်းကြောင်း သိရသည်။ ၂၀၁၇ ခုနှစ်တွင် ဂျပန်သို့ စမ်းသပ်တင်ပို့ရန် တန် ၃၀၀ ဝန်းကျင် GAP စနစ်ဖြင့် လျာထားစိုက်ပျိုးခဲ့သော်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် အထွက်နည်းပါးခဲ့ပြီး တန် ၇၀ ကျော်ဝန်းကျင်သာ တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။ အဆင့်တစ်အရည်အသွေးရှိသောနှမ်းမှာ တစ်တင်းလျှင် ဒေသပေါက်ဈေးထက် တန်ဖိုးငွေကျပ် ၄၀၀၀ နှင့် အဆင့်နှစ်အရည်အသွေးရှိသော နှမ်းမှာ ဒေသပေါက်ဈေးထက် ကျပ် ၃၅၀၀ ပိုရခဲ့ပြီး ယခုနှစ်များတွင်လည်း တန်ချိန် ၅၀၀ ဝန်းကျင် တင်ပို့နိုင်ရန် ထပ်မံလျာထား ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ ထိုသို့တင်ပို့နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် NAG မှဦးဆောင်ကာ မကွေး၊ မင်းဘူး၊ မင်းလှနှင့် နတ်မောက်မြို့နယ်များမှ တောင်သူ ၈၆၅ ဦးကိုစည်းရုံးနိုင်ခဲ့ပြီး ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ယခုနှစ်တွင် ပွင့်ဖြူ၊ မြို့သစ်၊ ရေနံချောင်းမြို့နယ်တို့ကို စည်းရုံးထားပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ပူးပေါင်းဆောင်ရွက်လိုသည့် အခြားမြို့နယ်များကိုလည်း စုစည်းဆောင်ရွက်သွားရန် လျာထားကြောင်းသိရှိရပါသည်။ နှမ်းနက်များစိုက်ပျိုးရာတွင် ပါဝင်လိုသည့် ကျေးရွာများ၌ ကိုယ်စားလှယ်များ၊ ကြီးကြပ်ခေါင်းဆောင်များထားရှိပြီး တစ်လတစ်ကြိမ် ဆွေးနွေးမှုများဖြင့် ဖြေရှင်းဆောင်ရွက်နေကြောင်း၊ လိုအပ်သည့် သွင်းအားစုများအတွက် ကုမ္ပဏီတချို့နှင့် ချိတ်ဆက်၍ စုပေါင်းဝယ်ယူခြင်းများ ဆောင်ရွက်နေကြောင်းလည်း သိရှိရပါသည်။

ယခုအခါ တောင်သူများ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးတတ်စေရန်နှင့် အထွက်တိုးပြီး တောင်သူ ဝင်ငွေတိုးစေရန် ရည်ရွယ်လျက် ဧပြီ ၂၂ရက်တွင် မကွေးမြို့ နန်းထိုက်သူဟိုတယ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဆီထွက်သီးနှံတောင်သူများ တွေ့ဆုံပွဲကိုလည်း ပြုလုပ်ဆောင်ရွက်ခဲ့ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး တောင်သူများလိုအပ်သည့် နည်းပညာ၊ စက်ကိရိယာ၊ သွင်းအားစုများ ပံ့ပိုးမှုများလည်း ပြုလုပ်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကဏ္ဍစုံမှချိတ်ဆက်ရန်လိုအပ်သည့်အပြင် တောင်သူများမှ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ တောင်သူတို့မှ အရည်အသွေးမီမြေပဲ၊ နှမ်းများကို ဆီစက်များမှ ခေတ်မီစက်ကြီးများဖြင့် ကြိတ်ခွဲဖြန့်ဖြူးရောင်းချနိုင်ပါက ဆီထွက်နှုန်းကောင်းပြီး အရည်သွေးမီ ထုတ်လုပ်လာနိုင်မည်ဖြစ်ပါသည်။ ဆီစက်များမှ ထုတ်လုပ်သော ဆီများအရည်အသွေးမီ/မမီကို FDA၊ စားသုံးသူရေးရာ ဦးစီးဌာန စသည့်ဌာနများမှ ချိတ်ဆက်၍ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ရပါမည်။ အရည်အသွေးမီသော၊ ကျန်းမာရေးနှင့် ညီညွတ်သော ဆီကောင်းဆီသန့်များကို စားသုံးသူတို့ထံ ဖြန့်ဖြူးရပါမည်။ စံချိန်စံညွှန်း၊ ကျန်းမာရေးနှင့်ညီသော ဆီများစားသုံးပါက ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး ကျန်းမာသန်စွမ်းသော လူ့စွမ်းအား အရင်းအမြစ်များ ရရှိလာခြင်းနှင့်အတူ ဆီကြိတ်ခွဲရာမှရရှိလာသော ကြိတ်ဖတ်များကို တိရစ္ဆာန်များ ကျွေးခြင်းဖြင့် ကြီးထွားနှုန်း၊ ဥနှုန်းများတိုးကာ စီးပွားများဖြစ်ထွန်းလာမည့်အပြင် နှစ်စဉ် ပြည်ပမှ ပဲပုပ်ဖတ် တန်ချိန် ငါးသိန်းတင်သွင်းနေမှုကိုလည်း လျှော့ချနိုင်မည် ဖြစ်ပါသည်။ ပြည်တွင်း စားသုံးသူများ စားသုံးလာနိုင်ခြင်းဖြင့် ဆေးရုံ၁၀ ရုံတိုးချဲ့ဆောက်လုပ်ရမှု လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များ ဥက္ကဋ္ဌ ဦးခင်စိုး(ဧရာဝတီ)က သုံးသပ်တင်ပြထားပါသည်။ ထို့ပြင် အရည်အသွေးမီ ဆီကောင်း ဆီသန့်များကို အခြားနိုင်ငံများသို့လည်း တင်ပို့ ရောင်းချနိုင်ပြီး တောင်သူများအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာကာ စိုက်ပျိုးမှန်ကန် ပင်လုံးသန့်၊ ဝင်ငွေထွက်တိုး တောင်သူပြုံးဟူသည့်အတိုင်း တိုင်းပြည်ဝင်ငွေတိုးကာ တောင်သူများလည်း ပြုံးပျော်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

■

## မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်တင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဧပြီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၇၉ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၉၀၉၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၂၉၀ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၉၉ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန် ပိုမိုတင်ပို့ခဲ့ပေမယ့် ကော့သောင်းကုန်သွယ်ရေး စခန်းနဲ့မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန် လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုလိုလျော့နည်းရခြင်း ဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၀၆ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်းတို့ကို ၁၈၃ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈၄ သန်း တန်ဖိုးရှိ ငါးမှုန့်၊ ငါးမျိုးစုံ၊ ကင်းမွန်၊ အေးခဲပုစွန်၊ ပုစွန်၊ ရေချိုပုစွန်၊ ငါးခြောက်၊ ကင်းမွန်(လိပ်)၊ ပုစွန်ခြောက်၊ သဲကဏန်းတို့ကို ၂၅၄၁ တန်၊ ကော့သောင်း ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်၊ ကဏန်း၊ ပင်လယ်ငါးရှဥ့်၊ ရေဘဝဲနဲ့ အခြားရေထွက်တို့ကို ၆၃၆၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **ခင်မိုးသူ**

## မူဆယ် (၁၀၅)မိုင်ဇုန်မှ ပို့ကုန်ရော သွင်းကုန်ရော ပိုမိုလာ

ဧပြီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်မှာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၉၄၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၉၆၇ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉၁၁ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ သီတင်းပတ်မှာ သင်္ကြန်လွန်ကာလဖြစ်သည့်အတွက် ပို့ကုန်ပိုင်းမှာ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာ၊ ပဲမျိုးစုံ၊ ရေထွက်ကုန်၊ ဆိတ်/ကျွဲ(အရှင်)၊ Re-Export သကြားနှင့် ဒီဇယ်ဆီ တင်ပို့မှု ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ချုပ်ပြီးအဝတ်အထည်များ၊ အလှကုန်ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ဓါတုဗေဒပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်အပိုပစ္စည်းများနှင့် မီးဖိုချောင်သုံး ပစ္စည်းများကိုလည်း ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏ ပိုမို ခဲ့ပါသည်။

ပြင်ပငွေလဲနှုန်း အနေဖြင့် တစ်ဒေါ်လာ ၁၃၂၆ကျပ်၊ တစ်ဒေါ်လာ ၆ ဒသမ ၂၉၄ ယွမ်၊ ကျပ် ၁၀၀ လျှင် သုညဒသမ ၄၈၀ ယွမ်နှုန်း ထားရှိကြောင်း သိရပါတယ်။ ဧပြီ ၂၁ ရက်မှ ၂၇ ရက်အတွင်း မူဆယ်ဇုန်မှ ပို့ကုန်ကားစီးရေ ထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၂၂၅၆ စီး၊ ၁၂ ဘီးယာဉ် ၃၆၆၂ စီး၊ ၆ဘီးယာဉ် ၁၂၁၆ စီး၊ ၄ ဘီးယာဉ် ၂၇၂ စီးဖြစ်ပြီး သွင်းကုန်ကားစီးရေထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၅၇၂ စီး၊ ၁၂ ဘီးယာဉ် ၁၄၅၂ စီး၊ ၆ဘီးယာဉ် ၂၈၂ စီး၊ ၄ ဘီးယာဉ် ၁၄ စီးတို့ ဖြစ်ကြောင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါသည်။ **မော်မော်အောင်**

## ပင်လယ်ရေကြောင်းမှ ရော်ဘာ ပိုမိုတင်ပို့

ဧပြီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ရော်ဘာ RSS-3 အမျိုးအစား၇၁၅ တန်ကျော်နဲ့ MSR-20 အမျိုးအစား ၇၃၃ တန်၊ စုစုပေါင်း ၁၄၄၈ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ ခဲ့ရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈၇ သန်း ဝင်ငွေရရှိခဲ့ကြောင်း သိရပါတယ်။

ယခင်တစ်ပတ်က မြန်မာ-တရုတ် နယ်စပ်မှ ရော်ဘာ တင်ပို့မှုမရှိခဲ့ပါဘူး။ မြန်မာ-ထိုင်းနယ်စပ်မှ မြိတ်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတန်ချိန် ၂၀၀ တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ မြိတ်နဲ့တာချီလိတ်မှ ရော်ဘာတင်ပို့မှု မရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS-3 အမျိုးအစား တစ်တန် ကျပ် ၁၆ ဒသမ ၁၅ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် အနည်းငယ်သာ အတက်အကျရှိကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း ရော်ဘာ MSR-20 အမျိုးအစား ၉၈ တန်ကိုဂျပန်နိုင်ငံသို့လည်းကောင်း၊ MSR-20 အမျိုးအစား ၁၀၅ တန်ကို မလေးရှားနိုင်ငံနဲ့ MSR-10 အမျိုးအစား တန်ချိန် ၆၀ ကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ရော်ဘာတင်ပို့မှုမှရရှိသော ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၃၃၇ သန်းဖြစ်ကြောင်း သိရှိရပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ RSS-1 အမျိုးအစား တန်ချိန် ၂၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၄၃ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေး အတက်အကျ အနည်းငယ်ရှိတဲ့အတွက် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးကိုလည်း ယခင်တစ်ပတ်ဈေးအတိုင်း ထုတ်ပြန်ခဲ့ကြောင်း သိရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၇၅၀-၁၈၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

## တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် နှစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းများမှ ဧပြီနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ဒသမ ၅၅၂ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် နှစ်သောင်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၇၀၅၇ တန်ကျော်၊ လွယ်ဂျယ် မှ ၂၈၈၁ တန်ခွဲနဲ့ ကန်ပိုက်တီမှ တန် ၉၀ ဖြစ်ပါတယ်။

ယခင် တစ်ပတ်က သင်္ကြန်ကာလဖြစ်တာကြောင့် တန်ချိန်လေးထောင်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် တန် တစ်သောင်းခွဲကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်တွင် ပြောင်းတစ်တန်ရဲ့ မိမိဘက်ဈေးမှာ ကျပ် ၃၄၉၄၉၀ ရှိခဲ့ပြီး ဧပြီ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်မှာ ၃၄၈၇၆၅ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကား ၅၈၇ စီး ဝင်ရောက်ခဲ့ သဖြင့် ယခင်တစ်ပတ်ထက် ၄၉၆ စီး ပိုမိုခဲ့ကြောင်း၊ မန္တလေး- မူဆယ် သယ်ယူစရိတ်နှုန်းထားမှာ ပြောင်းတစ်ပိဿာလျှင် ၆၀-၇၀ ကျပ်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ဧပြီလအတွင်း မူဆယ်မှ ရေထွက်ကုန်တန်ချိန် ၈၀၀၀ ကျော် တင်ပို့နိုင်

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၃၂ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၂၆၁၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၁၈ တန်ကျော် နဲ့ နှိုင်းယှဉ်ပါက ၁၉၉၉တန်ခန့်ပိုမိုခဲ့ပြီး တန်ဖိုးအားဖြင့်လည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၅၅ သန်း ပိုမိုခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ငါးရှဉ့်၊ ကဏန်း၊ ငါးဆားနယ်၊ ငါးလေးခြောက်၊ ငါးစီဖောင်း၊ ပုစွန်ခြောက်၊ ငါးပူတင်း ရေခွံခြောက်နှင့် ပုစွန်ဖွဲတင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့် ပိုမိုခဲ့ရကြောင်း၊ ဧပြီလ တစ်လလုံး မူဆယ်မှ ရေထွက်ကုန် တန်ချိန် ၈၀၀၀ ကျော် တင်ပို့နိုင်ခဲ့ ကြောင်း သိရပါတယ်။ **မော်မော်အောင်**

## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့မှုပို

ဧပြီ၂၁ရက်မှ ၂၇ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၄၅၂၄ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၀၈ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၇ တန်နဲ့နှိုင်းယှဉ်ပါက ၆၁ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၃၃၉၄ တန်ဖိုးရှိလက်ဖက်ခြောက် တန် ၆၀ တင်ပို့ခဲ့ ပါတယ်။ တာချီလိတ်မှ ယခင်တစ်ပတ်က လက်ဖက်ခြောက်တင်ပို့မှု မရှိခဲ့ပါဘူး။

Green Tea ထုတ်ကုန်များအဖြစ် ကမ္ဘာပေါ်တွင် အမျိုးအစား ရာကျော်ရှိပြီး နိုင်ငံအချို့တွင် Green Tea ရေနွေးကြမ်းသောက်သည့် စနစ်ကို သဘာဝပစ္စည်းများနဲ့ ပေါင်းစပ်ပြီး ဆန်းသစ်တီထွင်မှုတွေ ပြုလုပ်လာကြောင်း၊ မြန်မာ့လက်ဖက်အနေဖြင့် ဆက်လက်လုပ်ဆောင်မည့် လမ်းကြောင်းများစွာ ကျန်ရှိနေပြီး နိုင်ငံအချင်းချင်း ဈေးရောင်းပွဲတော်များ ဖန်တီးပေးရန်လိုကြောင်း မြန်မာ့လက်ဖက်အသင်းအစုအဖွဲ့မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုလျော့ကျ

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှဧပြီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄၈ သန်း တန်ဖိုးရှိ ကွမ်းသီး၁၂၉၃ တန်ကို တင်ပို့ ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၀၃၇ တန်ကို တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် မှာ ၂၇၄၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းရော တမူးကုန်သွယ်ရေးစခန်းပါ ကွမ်းသီးတင်ပို့မှု ကျဆင်းခဲ့တဲ့အတွက် ယခုလို လျော့နည်းရခြင်းဖြစ်ကြောင်း သိရပါတယ်။ တင်ပို့မှုကို ကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၇ သန်း တန်ဖိုးရှိ ကွမ်းသီး ၈၂ တန်၊ တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၄၁ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၂၁၁ တန် တင်ပို့ခဲ့ပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀၆ သန်း တန်ဖိုးရှိနန့်ဖာလုံ ကုန်စုံ၊ ငရုတ်ကောင်း၊ ငါးမျိုးစုံ၊ စီးကရက်တို့ကို ၆၂ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၀ သန်း တန်ဖိုးရှိ စောင်၊ မုန့်မျိုးစုံ၊ ပလတ်စတစ်အိတ်၊ တီရှပ်တို့ကို ၇၈ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များပိုမိုဝင်ရောက်

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဧပြီ ၂၁ ရက်မှ ၂၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၁၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃၀၈၅ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၅၈ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၉၂၇ စီးပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များ လျော့နည်းတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၁၉ သန်းတန်ဖိုးရှိဆိုင်ကယ် ၁၂၇၅၈ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅၉ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၉၇ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၆ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၁၄ စီးတို့ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# သင်္ကြန်ကာလအပြီး မြန်မာနိုင်ငံ ငါးဈေးကွက်အခြေအနေ

မြန်မာ့ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းအတွက် ငါး၊ ပုစွန်သယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်အရ ငါးမဖမ်းရ ရာသီကာလကို မေ ၁၅ ရက်မှ ဩဂုတ် ၁၅ ရက်အထိ (၃)လ သတ်မှတ်ကာ ငါးဖမ်းခွင့်ကို တားမြစ်လိုက်ပြီဖြစ်ပါသည်။ ငါးဖမ်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများတွင် ကြုံတွေ့ရမည့်အခက်အခဲများနှင့် နိုင်ငံသားများ၏ ငါးရိက္ခာအတွက် သုံးသပ်၍ ငါးဖမ်းရေယာဉ်များ၏ ၂၀ ရာခိုင်နှုန်းကို ဖြေလျှော့ဖမ်းဆီးခွင့်ပြုခဲ့သော်လည်း ပင်လယ်ငါးဖမ်းလုပ်ငန်း၏ ငါးဖမ်းဆီးရရှိမှု အခြေအနေမှာ များစွာလျော့နည်းကျဆင်းသွားမည်ဖြစ်ပါသည်။

ရေချိုအင်း၊ အိုင် ငါးဖမ်းလုပ်ငန်းများအနေဖြင့်လည်း ငါးဖမ်းရာသီကုန်ဆုံးပြီဖြစ်ကာ ငါးရစ်၊ ငါးသန်ဖမ်းဆီးခွင့် တားမြစ်သည့် ကာလသို့ရောက်ရှိလာပြီဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငါးစားသုံးမှုဈေးကွက်တွင် ရေချိုငါး မွေးမြူရေးငါးများသည် အဓိကအားထားစားသုံးရမည့် အခြေအနေသို့ ရောက်ရှိလာပါသည်။ မွေးမြူရေးငါးများသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစတင်၍ ပြည်တွင်းငါးစားသုံးမှု၏ အဓိကအားထားစားသုံးရာ ငါးရိက္ခာအဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။ ပြည်တွင်းစားသုံးမှုအတွက် သာမက ပြည်ပတင်ပို့မှုတွင်လည်း အဓိကမွေးမြူရေး ငါးဖြစ်သည့် ငါးမြစ်ချင်းငါးသည် မြန်မာနိုင်ငံ၏ အများဆုံးတင်ပို့နိုင်သည့် ငါးဖြစ်လာခဲ့ပါသည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံပြီးနောက် ငါးမြစ်ချင်း ဒုတိယအများဆုံး မွေးမြူသည့်နိုင်ငံဖြစ်ပြီး ပြည်ပဈေးကွက်များသို့ အများဆုံးတင်ပို့ရောင်းချနိုင်သည့်နိုင်ငံဖြစ်ပါသည်။

သို့ပါသော်လည်း ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်နောက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံ၏ မွေးမြူရေးငါးတင်ပို့ ရောင်းချသည့် အဓိကဈေးကွက်ဖြစ်သည့် အရှေ့အလယ်ပိုင်းဒေသ ဆော်ဒီအာရေးဗျနိုင်ငံအစိုးရမှ မြန်မာနိုင်ငံ၏ မွေးမြူရေး ငါးတင်ပို့ရောင်းချမှုကို ယာယီရပ်ဆိုင်းခဲ့သည့်အတွက် ပြည်တွင်းလက်ကားဈေးကွက်တွင် ငါးမြစ်ချင်းနှင့် ငါးကြင်း ဖြူဈေးနှုန်းများ များစွာလျော့နည်းကျဆင်းလာကာ မွေးမြူထုတ်လုပ်မှုစရိတ်အောက်သို့ရောက်ရှိပြီး မွေးမြူထုတ်လုပ်သူများ အရှုံးဖြင့် ကြုံတွေ့ရသည့်အခြေအနေသို့ရောက်ရှိလာခဲ့ပါသည်။

ဆော်ဒီအာရေးဗျနိုင်ငံသည် မြန်မာနိုင်ငံမှ မွေးမြူသည့် မွေးမြူရေးငါးများကို တိုက်ရိုက်ကုန်သွယ်ရေးနည်းလမ်းဖြင့်လည်းကောင်း၊ ယူအေအီးနိုင်ငံမှတစ်ဆင့်ခံကုန်သွယ်ရေး နည်းလမ်းဖြင့်လည်းကောင်း ဝယ်ယူလျက်ရှိရာတွင် မွေးမြူရေးငါးများ ပြည်ပတင်ပို့မှု၏ ၃၁ ရာခိုင်နှုန်း၊ ငါးမြစ်ချင်း ငါးပြည်ပတင်ပို့မှု၏ ၄၂ ရာခိုင်နှုန်းကို တင်ပို့ရောင်းချနေရသည့် အဓိကဈေးကွက်ဖြစ်ပါသည်။

ပြည်တွင်းငါးဈေးနှုန်းများ၏ ၂၀၁၈ ခုနှစ် သင်္ကြန်ကာလအပြီး ဖြစ်ပေါ်နေသည့်အခြေအနေမှာ ပင်လယ်ငါးကုန်တက်နှင့် အင်းအိုင်ငါးကုန်တက်များ လျော့နည်းကျဆင်းလျက်ရှိပြီး မွေးမြူရေးငါးများ အများဆုံး ရောင်းချဖြန့်ဖြူးနေရသည့် အချိန်ကာလဖြစ်ပါသည်။ သို့သော်လည်း ပြည်ပတင်ပို့မှုဈေးကွက်မှ သိသိသာသာ ဝယ်လိုအား လျော့နည်းကျဆင်းလာသည့်အတွက် ငါးဈေးနှုန်းများ ကျဆင်းနေသည့် အခြေအနေအတိုင်းပင် ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး အမြတ်အစွန်း မရရှိသည့် ငါးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ်မှုလျော့နည်းကျဆင်းသွားမည့်အခြေအနေတွင် ရောက်ရှိလျက်နေပါကြောင်း တင်ပြလိုက်ပါသည်။

**ခိုင်သဥ္ဇာ TIR(Myantrade)**

# အခြေခံစိတ်ဓာတ်များ မြင့်မြင့်ထားစေချင်

ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့ ထိန်ပင် သုသာန်အနီး အမှိုက်ပုံကြီးရှိ အမှိုက်ပောင်းများ မီးလောင်ကျွမ်းမှု အခြေအနေများကို သတင်းများ၊ Facebook သတင်းများအရ မြင်တွေ့ကြားသိရခြင်းကြောင့် ကိုယ်ချင်းစာတရားကြီးမားစွာဖြင့် စိတ်မကောင်းဖြစ်ရပါသည်။ ထိုသို့ ဖြစ်ပေါ်ရခြင်းကြောင့် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အသိတရားကြီးမားစွာ စင်ကာပူနိုင်ငံမှ လူငယ်တစ်ဦးက မီးကူညီငြိမ်းသတ်ရန် ရည်ရွယ်ချက်ဖြင့် အမိနိုင်ငံသို့ပြန်လာကြောင်း Facebook သတင်းအရ မြင်တွေ့ရခြင်းအပေါ် မျည်ရည်ကျသည်အထိ ဝမ်းသာပီတိများစွာ ဖြစ်မိခဲ့ပါသည်။

ထိုအမှိုက် ဘယ်က စဖြစ်သလဲ ----- တွေးကြည့်မိသည်။ ငယ်ငယ်တုန်းက အသား/ငါး၊ ကြာဆန်သုပ်၊ ခေါက်ဆွဲသုပ်၊ခေါက်ဆွဲကြော် များများဝယ်လျှင် အင်ဖက်နှင့်ထုပ်၊ နှီးကြိုးဖြင့် ချည်ပေးခြင်း၊ အဝတ်အစား၊ ဆေးဘာဝယ်ဝယ် သတင်းစာ စက္ကူကိုစာအိတ်လုပ်၍ထည့်ပေးခဲ့ကြခြင်းကို သတိရမိပါသည်။ ယခုကာလ ဘာကိုဝယ်ဝယ် ကြွပ်ကြွပ်အိတ်နှင့် ထည့်ပေး၍ ထိုကြွပ်ကြွပ်အိတ်များက တော်တော်နှင့် မပျက်စီး၊ ကာလကြာသည်အထိ ဖျက်ဆီး၍ မရနိုင်၊ လောကကြီးကို အကျည်းတန်စေသော အရာများ ဖြစ်ခဲ့လေပြီ။ ကုန်းတွင်သာမက မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်သမုဒ္ဒရာများအထိ ထိုကြွပ်ကြွပ်အိတ် အမှိုက်ဆိုးများဖြင့် အကျည်းတန်ခဲ့ရလေပြီ။ ပင်လယ်၊ အင်းအိုင်၊ မြစ်ချောင်း၊ သမုဒ္ဒရာများ အတွင်းမှ ရေနေသတ္တဝါ များလည်း ကြွပ်ကြွပ်အိတ် အဆိပ်သင့်ခြင်း အပြင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ များတွင်လည်း အစာအိမ်ထဲထိ ရောက်ရှိနေခဲ့ကြပြီ ဖြစ်သည်။

နောက်ဆုံး ဘယ်သူမပြု မိမိမှုသာလျှင် ဖြစ်သည်။ ထိုကြွပ်ကြွပ်အိတ်များကို လူတွေကဖန်တီး၊ အသုံးပြုပြီးတော့ လူတွေကို ပြန်ဒုက္ခပေးခြင်းကို ခံကြရလေပြီ။ အသိတရားကိုယ်စီလက်ကိုင်ထား၍ ကြွပ်ကြွပ်အိတ်များ အသုံးပြုခြင်းမှ ရှောင်ကြဉ်ရန်၊ သတိမူရန် လိုအပ်ပြီ ဖြစ်လေပြီ။ ထိုအမှိုက်ပုံ မီးလောင်မပြီး ဖြစ်နေရခြင်းမှာ ကြွပ်ကြွပ်အိတ်များ အဆွေးများက တအိအိတမြေ့မြေ့လောင်မြိုက် နေခြင်းဖြစ်၍ ထိုအငွေ့များသည် အဆိပ်ငွေ့များအဖြစ် ပတ်ဝန်းကျင်တွင် ပျံ့နှံ့နေရာ တာဝန်ရှိသူများ ချက်ချင်း ငြိမ်းသတ်၍ မရနိုင်အောင် အခက်အခဲများ ဖြစ်ပေါ်နေပြီး သဘာဝကို ညစ်ညမ်းစေ၍ လူသားများ အသက်ရှင်သန်မှုကိုပါ ခြိမ်းခြောက်မှုများ ပြုလာချေပြီဖြစ်လေပြီ။ လူသားများ တီထွင်ဆန်းသစ်မှုများကပင် လူသားများအတွက် အန္တရာယ် ကျရောက်စေခဲ့ပြီ။ သို့ပါ၍ မိမိထုတ်လုပ်သော ပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးကိုပါ ထည့်၍စဉ်းစား တွက်ချက်စေချင်ပါသည်။ အသုံး ပြုရာတွင်လည်း ချင့်ချိန်စဉ်းစားသုံးစွဲကြရန်နှင့် လူသားတိုင်း အခြေခံစိတ်ဓါတ် မြင့်မြင့်ထား၍ လူသားများနေထိုင်ကြရာ ဤကမ္ဘာကြီးကို သာယာသန့်ရှင်းစေမှု အခြေပြုနိုင်ရန် ရည်သန်၍ ဤစာစုကို ရေးသားရခြင်းဖြစ်ပါသည်။

**တတိုင်းမွှေး(DOCA)**



# မြန်မာ့သရက်ဇုန်အစ ရှမ်းပြည်နယ် မြရတနာက

သရက်ကို တောင်နှင့်မြောက်လတ္တီတွဒ် ၃၀ ဒီဂရီအတွင်းရှိ အပူပိုင်း ရာသီဥတုဒေသများ၊ သမပိုင်း ရာသီ ဥတု၊ ပင်လယ်ရေမျက်နှာပြင် အထက် ၃၀၀၀နှင့်အောက်ဒေသများရှိ နုန်းမြေ၊ သစ်ရွက်ဆွေးမြေ၊မြေနီမြေစေး၊ မြေသားထူပြီး ရေစီးရေလာကောင်းသော နေရာများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် ရှမ်းပြည်နယ်တွင် သရက်ကို မြို့နယ် အတော်များများ၌ စိုက်ပျိုးထားရှိတာကို တွေ့ရပါတယ်။

အထူးသဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင်သရက်ကို ဇုန်အလိုက် ဖော်ထုတ်ပြီး စိုက်ပျိုးထားရှိတာ တွေ့ရပြီး ရပ်စောက် သရက်ဇုန်၊အင်တော ကျောက်ဂူသရက်ဇုန်၊ ညောင်ရွှေ သရက်ဇုန်၊ ဆီဆိုင်မြရတနာ သရက်ဇုန်၊ တောင်ကြီး၊ ပင်းတယနှင့် ဟိုပုံးသရက်ဇုန်များ ရှိပါတယ်။ သရက်စိုက်ပျိုးထားရှိတဲ့ မြို့နယ်တွေကတော့ ရပ်စောက်၊ တောင်ကြီး၊ ပင်းတယ၊ ရွှေညောင်၊ ဆီဆိုင်၊ ရွာငံ၊ ဖယ်ခုံ၊ ကလော၊ ပင်လောင်း၊ လွိုင်လင်၊ လဲချား၊ နမ့်စန်၊ ကွန်ဟိန်း၊ ကျေးသီး၊ မိုင်းကိုင်၊ မိုင်းရှူး ၊ လင်းခေး၊ မိုးနဲ၊ မောက်မယ်နှင့် မိုင်းပန် မြို့နယ်တို့မှာ စိုက်ပျိုးထားရှိတယ်လို့ရှမ်း(တောင်) သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှတစ်ဆင့် သိရပါတယ်။

ရှမ်းပြည်နယ်တွင် သရက်စီးပွားဖြစ် ဇုန်ဖော်ထုတ်ပြီး စိုက်ပျိုးခဲ့မှုကို ၂၀၀၆ ခုနှစ်လောက်ကတည်းက ဆီဆိုင်မြို့နယ် ဆိုက်ဂေါင်ကျေးရွာရှိ မြရတနာ သရက်စိုက်ပျိုးမှုဇုန်က စတင်ခဲ့တယ်လို့ သရက်လောကသားတို့က ဆိုပါတယ်။

ရှမ်းပြည်နယ်ကုန်သွယ်မှု မြင့်မားရေးအတွက် စားသုံးသူရေးရာ ဦးစီး ဌာနဒုတိယညွှန်ကြားရေးမှူးချုပ် -၂ ဦးအောင်မောင်း၏ မေ ၃ ရက်က သွားရောက်ခဲ့သော ခရီးစဉ်တွင် အဆိုပါ မြရတနာ သရက်ဇုန်သို့ သွားရောက် ကွင်းဆင်းကြည့်ရှု အားပေးခဲ့ပါတယ်။ မြရတနာ သရက်ဇုန် ဖြစ်ပေါ်လာမှုကို လေ့လာရာတွင် ရှေးဦးစွာ သရက်ပင် ဧက ၄၅၀ စိုက်ပျိုးခဲ့ပြီး ပြည်တွင်း/ ပြည်ပ ဈေးကွက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကာ ထိုမှတစ်ဆင့် နိုင်ငံတကာတွင် သီးနှံနှင့် သစ်သီးဝလံများကို စိုက်ပျိုးရေးဇုန်များ ထူထောင်ပြီး ခေတ်မီနည်းပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည်များကို အားကျလာခဲ့ပြီး ရှမ်းပြည်နယ်ကုန်သွယ်မှုမြှင့် တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနသို့ လာရောက်ချိတ်ဆက် ဆောင်ရွက်ခဲ့ပါတယ်။

ထို့နောက် ဝန်ကြီးဌာန၏ သီးနှံ/သစ်သီးဝလံဇုန်များ ဖော်ထုတ်ဆောင်ရွက်မှု၊ အစုအဖွဲ့ ဖွဲ့စည်းမှုများ၊ သင်းဖွဲ့စည်းမျဉ်းစည်းကမ်းများ၊ သီးနှံဇုန်တွင် ကုန်ထုတ်လမ်းထားရှိမှုများမှအစ စမ်းသပ်စိုက်ကွက် ထားရှိမှုများ၊ နည်းပညာပေး သင်တန်းခန်းမများ၊ ဈေးနှုန်းဈေးကွက်သတင်း ချိတ်ဆက် ဖြန့်ချိမှု အစီအစဉ်များ၊ ပုံမှန်အစည်းအဝေးကျင်းပရန် လိုအပ်ပုံတို့ကို ဆွေး နွေးခဲ့ပြီး သရက် ၅ ဧကအထက် စိုက်ပျိုးသူ တောင်သူများ၊ လုပ်ငန်းရှင်များကို စုစည်းပြီး မြို့နယ် သရက်အစုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့၍ သရက်ဇုန်ကို ဖော်ထုတ်ပေးခဲ့ကြောင်း သိရပါတယ်။

အဲဒီလိုဖွဲ့စည်းပေးခဲ့ရာက ဆီဆိုင်မြို့နယ်မှာ မြရတနာသရက်ဇုန်ဆိုတာ စတင်ပေါ်ပေါက်ခဲ့ရာကအစ သရက်ဇုန်များ မြို့နယ်အလိုက် ရှမ်းပြည်နယ် အတွင်း ပေါ်ပေါက်ပြီး နောက်တစ်နှစ်အကြာမှာတော့ မန္တလေးတိုင်းအတွင်းရှိ ဟံမြင့်မိုရ်သရက်ဇုန် ထိုမှတစ်ဆင့် စာရေးသူတို့နေထိုင်ရာ စစ်ကိုင်းတိုင်းအတွင်း ကန့်ဘလူအေးမြစိုး ဧက ၁၀၀၀ သရက်ဇုန်၊ ကျွန်းလှ လင်းရောင်ဝင်းဧက ၅၀၀ သရက်ဇုန်တို့ ပေါ်ပေါက်လာပြီး ရှမ်း ပြည်နယ်(တောင်ပိုင်း)ရှိ သရက်ဇုန်များကို တိုင်းနဲ့ ပြည်နယ် (စားသုံးသူ ရေးရာ ဦးစီးဌာန)အရာထမ်း/အမှုထမ်းများ လာရောက်လေ့လာကြခြင်း၊ စစ်ကိုင်းတိုင်း ကန့်ဘလူနှင့် ကျွန်းလှမြို့နယ် သရက်ဇုန်များသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောဝန်ကြီးဌာနတို့မှ သုတေသနပြုလိုကြသည့် ကျောင်းသား/သူများ ၊ သုတေသီများ လာရောက်လေ့လာနေကြတာကို တွေ့မြင်နေရပါတယ်။ ရှမ်းပြည်နယ်တွင် သရက်ကိုအများအပြား စိုက်ပျိုးကြရာ လက်ရှိအချိန်ထိ စိုက်ဧက ၁၅၀၀၀ ခန့်ရှိတယ်လို့ သိရပါတယ်။

သရက်ဇုန်အစ ရှမ်းပြည်နယ် မြရတနာကဆိုသည့် စတင်အသက်ဝင် လှုပ်ရှားခဲ့မှုသည် ယနေ့အချိန်တွင် ပြည်နယ်နှင့်တိုင်းများ၌ သီးနှံဇုန်များ ဖော်ထုတ် လုပ်ကိုင်ခြင်းဖြင့် အပေါင်းအစု၏ အင်အား၊ စုဖွဲ့ဆောင်ရွက်ခြင်းများ၏ ရလဒ်များကို လက်တွေ့ခံစားနေရပြီဖြစ်၍ ယနေ့အောင်မြင်မှု လမ်းကြောင်းပေါ်သို့ ရောက်နေပြီဖြစ်ကြောင်း ထင်ရှားစွာတွေ့မြင်နေရပြီ ဖြစ်ပါတယ်။

**စောမောင်(တောင်ကြီး)**


ဈေးနှုန်းချိုသာပြီး၊ ပစ္စည်းကောင်းကြိုက်သူများအတွက်
အသင့်တော်ဆုံးမွေ့ယာ
GoldCoil
SLEEP WELL
ဟိုတယ်သုံးမွေ့ယာ Size မျိုးစုံကို လိုအပ်သလိုမှာယူနိုင်ပါသည်။
နယ်ကိုယ်စားလှယ်ယူလိုသူများလည်း ဆက်သွယ်နိုင်ပါသည်။
GoldCoil Leather Beds
USA Foam Mattres
သယ်ဆောင်ရလွယ်ကူသော
Roll မွေ့ယာ
GoldCoil Memory Foam Pillow
ကျီးပေါင်းတက်ခြင်းမှ
ကာကွယ်ပေးသော ခေါင်းအုံး
GoldCoil မွေ့ယာအစွပ်
GoldCoil ခေါင်းအုံး ဖက်ခေါင်းအုံး
Bedsheet Set
GoldCoil
SLEEP WELL
Furniture အမှတ်(၁၃၆)၊ ပထမထပ်၊ဗိုလ်မြတ်ထွန်းလမ်း၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။
Tel - 297 585 , 201 620
Call : 09-731 56440
ရရှိနိုင်သောနေရာများ
▪ ယုဇနပလာဇာ (စတုတ္ထထပ်)
▪ ယုဇနစင်တာ (ရွှေဂုံတိုင်)
▪ Capital Hyper Mart (ဒေါပုံ)
▪ ဂမုန်းပွင့် (ဘိုကလေးဈေး)
▪ Royal Cupid (မွှာရှုံလမ်း၊လှိုင်)
▪ စိန်နှင့်မြ (ကမ္ဘာအေးဘုရားလမ်း)
▪ စိန်နှင့်မြ (ဗိုလ်ချုပ်လမ်း၊ကျောက်မြောင်း)
▪ ရတနာဦး ပရိဘောဂ (ဗဟိုလမ်း၊စမ်းချောင်း)
▪ မြနန်းပုံ ပရိဘောဂ (ဝေဇယန္တာလမ်း)
▪ Easten Furniture (ဗိုလ်အောင်ကျော်လမ်း)
▪ Gandamar Wholesales
▪ Smart Furniture (ဦးချစ်မောင်လမ်း)
▪ Casabella (Mandalay)
၇၇ လမ်းနှင့် ၃၂ လမ်းထောင့်
▪ Capital Hyper Mart (နေပြည်တော်)
▪ Fine Furniture (လားရှိုး)
▪ Dream Home Furniture (တောင်ကြီး)
▪ Nan Hteik Thu (Meikhtila)
▪ Phaung Pyin Store (Monywa)
▪ တက်နေအောင် (လားရှိုး)

# pool safe

One Stop Solution for Swimming Pools & Spas

## Sustainable Living Technology Co., Ltd.

design, construction, maintenance, accessories, chemicals, equipment

- Mineral Therapy Pools
- Salt Water Pools
- Pool Pumps
- Robotic Pool Cleaners
- Pool Window
- Pool Heating
- Water Testing
- Specialty Chemicals
- Pool & Spa Chemicals
- Spa's & Swim Spa's
- Optic Fiber & LED Lights
- Spare Parts
- Water Softerner
- Cleaning Accessories
- Equipment Repairs



Pool Safe Swimming Pool Chemicals | Dolphin Robotic Pool Cleaners | Sapphire Spa's & Swim Spa's | Lochlor Spa Chemicals | Parlintest Water Testing Equipment

Australian Swimming Pool & Spa Chemical and Maintenace Expert - John Arbidans lead a team with International Swimming Pool & Spa Designers, Master Builders and Skill Craftsman.

Yangon: No. 17, Shwe Tha Pyay Yeik Mon No.2, Nawarat Street, Ward 10, Thaketa Township.
Nay Pyi Taw: U-216, Pwe Yone Tan Road, Tha Pyay Gone Market, Zabu Thiri Township.
Hotline: 09 250033709 Email: zzm@sustainablelt.com, pzt@sustainablelt.com
Web: www.SustainableLT.com
Facebook: Pool Safe-Myanmar

# SPIRITS

**Shop-1 (Fancy, Cosmetics)**
No17 to 29, Padonmar Stadium, Bagayar Road, Sanchaung Township,Yangon.
Tel: 09775330034, 09762379059, 09779833651

**Shop-2 (Money Exchange) Mini Mart**
No-9 and 10 Padonmar Stadium, Bagayar Road, Sanchaung Township,Yangon.
Tel: 01532165, 09449273295, 09443075610

**Shop-3 (Money Exchange-2) Gift Shop**
No 251-A Bagayar Road, Myaynigone, Sanchaung Township,Yangon.
Tel: 01512041, 09778178635

# အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ကုန်သွယ်မှုအခြေအနေများ

ကေခိုင်ကျော် (နှစ်နိုင်ငံ)



**(ယခင်အပတ်မှအဆက်)**

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံစားသုံးမှု အခြေအနေကိုလေ့လာကြည့်ပါက ပဲ အမျိုးမျိုးမှာ သက်သတ်လွတ် စားသုံးသူများအတွက် အသားဓာတ်ကြွယ်ဝစွာရရှိသည့် ရင်းမြစ်တစ်ခုဖြစ်၍ အိန္ဒိယနိုင်ငံ၏ စားသုံးမှုတွင် အဓိကကျသော စားသုံးသီးနှံတစ်မျိုး ဖြစ်ပါသည်။ ကုလားပဲ (Chickpea)၊ ပဲစင်းငုံ (pigeon pea)၊ ပဲနီလေး (lentil)၊ ပဲတီစိမ်း (mung bean)၊ မတ်ပဲ(urad bean) နှင့်ပဲလုံး (field pea)တို့မှာ အိန္ဒိယနိုင်ငံတွင် အဓိက စိုက်ပျိုး၊ စားသုံးသည့် ပဲများဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ ပဲစားသုံးမှုမှာ တန်ချိန် ၂၂ သန်းခန့်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ပြည်တွင်း ပဲလိုအပ်ချက်မှာ တန်ချိန် ၃၂ သန်းသို့ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

ပဲမျိုးစုံသည် လူသားတို့၏ အစာအာဟာရအတွက် အပင်မှရရှိသော အသားဓာတ်ဖြစ်ပြီး လူတစ်ဦး နေ့စဉ်စားသုံးသင့်သည့် ပမာဏမှာ အမျိုးသားများအတွက် ၆၀ ဂရမ်နှင့် အမျိုးသမီးများအတွက် ၅၀ ဂရမ်ဖြစ်သော်လည်းအိန္ဒိယ တွင် လူတစ်ဦး နေ့စဉ်စားသုံးနိုင်သည့် ပမာဏမှာ ၄၂ ဂရမ်သာရှိနေသဖြင့် လူတစ်ဦး နေ့စဉ်စားသုံးမှုအတွက် လိုအပ်ချက် ရှိနေပါသည်။

အိန္ဒိယတွင် ပဲမျိုးစုံစားသုံးမှုပုံစံ လေ့လာချက်များအရ တန်ချိန် ၈ သန်းမှ ၁၀သန်းအထိကို မူလအတိုင်း ချက်ပြုတ်စားသုံးပြီး တန်ချိန် ၁၂ သန်းခန့်ကိုပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှုအတွက် မုန့်ပဲသားရေစာများအဖြစ် တန်ဖိုးမြှင့် ထုတ်ကုန်များပြုလုပ်၍ သွယ်ဝိုက်သော နည်းလမ်းဖြင့် စားသုံးကြပါသည်။ အိန္ဒိယတွင် ဩဂုတ်လမှ အောက်တိုဘာလအထိ ဟိန္ဒူပွဲတော်များ ရှိနေသဖြင့်ပဲစားသုံးမှု မြင့်တက်လာနိုင်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်း အခြေအနေကို လေ့လာကြည့်ပါက အိန္ဒိယနိုင်ငံသို့ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံကို အများဆုံးတင်ပို့သည့်နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပြီး ပညာရှင်များ၏ လေ့လာသုံးသပ်ချက်အရ အိန္ဒိယ၏ ပြည်တွင်းစားသုံးမှုအတွက် ပဲလိုအပ်ချက်သည် အတက်ဘက်သို့သာရှိနေပါသည်။ ၂၀၁၅ ခုနှစ်နှင့်၂၀၁၆ ခုနှစ်အတွင်း အိန္ဒိယသို့ အဆိုပါ ပဲများကို အဓိကတင်ပို့သူသည် မြန်မာနိုင်ငံဖြစ်ခဲ့သော်လည်း ဩစတြေးလျ၊ တန်ဇန်းနီးယားနှင့် ကင်ညာနိုင်ငံတို့မှ အိန္ဒိယနိုင်ငံသို့ ဈေးကွက်ထိုးဖောက်လာမှုကြောင့် မြန်မာနိုင်ငံ၏ ဈေးကွက်ရရှိမှုသည် ၇၆ ရာခိုင်နှုန်းမှ ၆၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။

အိန္ဒိယအစိုးရ၏ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့အပေါ် သွင်းကုန်အရေအတွက် ကန့်သတ်ခြင်းနှင့် ပဲလုံး၊ ပဲနီလေး၊ ကုလားပဲတို့အပေါ် အကောက်ခွန် တိုးမြှင့်ခဲ့ခြင်းတို့သည်လည်း ပြည်တွင်း ပဲဈေးနှုန်းမြင့်တက်လာစေရန် မျှော်မှန်းထားသလောက် အကျိုးသက်ရောက်မှု မရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ အရေအတွက် ကန့်သတ်ချက်မှာ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိသာ အကျုံးဝင်မည်ဖြစ်သော်လည်း လက်ရှိပြည်တွင်းပဲဈေး ကျဆင်းမှုများကြောင့် အစိုးရအနေဖြင့် အဆိုပါကန့်သတ်ချက်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ဆက်လက်တိုးမြှင့်သွားမည့် အလားအလာများ ရှိနေပါ သည်။

ပဲအများစုမှာ အနိမ့်ဆုံးဈေး (Minimum Support Price-MSP)အောက်တွင်သာ ကျဆင်းနေသေးကြောင်း အစိုးရမှကြေညာခဲ့ပြီး လွန်ခဲ့သည့်၁၂ လအတွင်း ဈေးနှုန်း ကျဆင်းခဲ့ခြင်းသည် လာမည့် Kharif ရာသီ သီးနှံစိုက်ပျိုးမှု ဆုံးဖြတ်ချက်အပေါ် အကျိုးသက်ရောက်နိုင်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် အစိုးရမှ ပဲမျိုးစုံ အတွက် အနိမ့်ဆုံးဈေး (Minimum Support Price- MSP) ရရှိရေး အာမခံချက်မပေးနိုင်ခြင်းကြောင့် တောင်သူများအနေဖြင့် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် စဉ်းစားနိုင်သော်လည်း ဆီထွက်သီးနှံကဲ့သို့သော သီးနှံများ၏ ဈေးနှုန်းမှာလည်း မြင့်မားခြင်းမရှိသဖြင့် လာမည့်Kharif ရာသီတွင် ပဲစိုက်ပျိုးမှုမှ အခြားသီးနှံသို့ ဧကအနည်းငယ်သာ ပြောင်းလဲစိုက်ပျိုးနိုင်ကြောင်း ခန့်မှန်းထားပါသည်။

Indian Institute of Pulses Research အဖွဲ့အစည်းမှ ပြုစုခဲ့သော ၂၀၃၀ ပြည့်နှစ်အတွက် မျှော်မှန်းချက်အရ အိန္ဒိယနိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်၌ ပဲမျိုးစုံခန့်မှန်းလိုအပ်ချက် တန်ချိန် ၃၂ သန်းကိုပြည့်မီရန် ထုတ်လုပ်မှု ၄ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန် လိုအပ်ပါ သည်။ ထိုသို့ထုတ်လုပ်မှု တိုးတက်စေရန် ပဲမျိုးစုံ မျိုးစေ့အရည်သွေးနှင့် မျိုးရိုးဗီဇ မြှင့်တင်ခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# Alibaba မှ ထိုင်းနိုင်ငံ၏ EEC အတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်စီစဉ်

သန်းသန်းနိုင်

ကမ္ဘာ့အကြီးဆုံးE-commerce ကုမ္ပဏီကြီးဖြစ်သည့် Alibaba GroupမှCEOဖြစ်သူ Mr. Jack Ma သည် ဧပြီ ၁၉ ရက်တွင် ထိုင်းနိုင်ငံသို့လာရောက်ခဲ့ပြီး ထိုင်းနိုင်ငံ၏ စီးပွားရေးရာဝန်ကြီးနှင့် တွေ့ဆုံခဲ့ပါသည်။ Mr Jack Ma လာရောက်သည့် ခရီးစဉ် အတွင်းAlibaba Group နှင့် ထိုင်းနိုင်ငံ အစိုးရအဖွဲ့အစည်းများအကြား နားလည်မှုစာချွန်လွှာ ၄ စောင်အား လက်မှတ်ရေးထိုးခဲ့ပါသည်။ အဓိကအားဖြင့် ထိုင်းနိုင်ငံ၏ The Eastern Special Economic Zone (EEC) အတွင်း ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရန်၊ ထိုင်းနိုင်ငံ၏ Digital စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ SMEs လုပ်ငန်းများ အဆင့်မြှင့်တင်ရန်နှင့် တစ်ကိုယ်တော် စွမ်းရည်များ တိုးတက်စေရန်အတွက်ဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံဘက်မှ သယ်ယူပို့ဆောင်ရေးကဏ္ဍအား တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး Alibaba Group မှနည်းပညာပိုင်းဆိုင်ရာအား တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင်ခရီးသွားလာရေးလုပ်ငန်းများကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ အစိုးရသည်၂၀၁၆ ခုနှစ်အတွင်း Alibaba Group နှင့် ပူးတွဲကြေညာချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့ခြင်းသည် အဆိုပါ Groupနှင့် ပူးပေါင်း ဆောင်ရွက်ရန် ရည်ရွယ်ချက်ကို ဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ထုတ်ပြန်ချက်၏ ရလဒ်အရ ယခုလိုပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းအစိုးရနှင့်Alibaba Group တို့၏ အဓိကရည်မှန်းချက်မှာ ထိုင်းနိုင်ငံအတွင်းရှိ စွန့်ဦးတီထွင်သူများ၏အလားအလာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တီထွင်ဆန်းသစ်မှုများဖြင့် ဈေးကွက်အသစ်သို့ ဝင်ရောက်နိုင်ရန် တွန်းအားပေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Alibaba Group သည် the Eastern Seaboard ဧရိယာအတွင်း အချက်အချာ ကျသည့်နေရာများတွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ထားပြီး ပတ်ဝန်းကျင်အခြေအနေအား လေ့လာနေကြောင်း၊ ထိုင်းနိုင်ငံ၏ မူဝါဒများနှင့် အနာဂတ်ကောင်းမွန်နေသည့် စီးပွားရေး အခြေအနေအား ယုံကြည်မှုရှိနေကြောင်း၊ အချက်အချာကျသည့် နေရာများတွင် ဆောင်ရွက်ရန်အတွက် အရေးကြီးဆုံးအချက်မှာ SMEs လုပ်ငန်းများနှင့် ချိတ်ဆက်နိုင်ရေးဖြစ်ကြောင်း၊ ပြည်တွင်းရှိOTOP အဖွဲ့များ၊ လယ်သမားထုများနှင့် ချိတ်ဆက်၍ တရုတ်ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်တို့တွင် ဈေးကွက် ပိုင်ဆိုင်မှုရရှိရန် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် SMEs လုပ်ငန်းများနှင့် ထိုင်းလယ်သမားများ အကျိုးကျေးဇူးရရှိနိုင်မည့် အခွင့်အလမ်းများ ရှိပါကြောင်း၊ ထို့အပြင် ခရီးသွားလာရေးလုပ်ငန်း များတွင် ပိုမိုတိုးတက်၍ စက်မှုလုပ်ငန်းများကိုလည်း အကျိုးသက်ရောက်မှုရှိမည် ဖြစ်ပါကြောင်း၊တစ်ချိန်တည်းမှာပင် Digital Economicကိုလည်း ခိုင်မာစေမှာဖြစ်ပါကြောင်း သိရှိရပါသည်။

Mr.Jack Ma မှ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော စားသုံးသူဈေးကွက်ကြီး ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အလယ်အလတ် အဆင့် လူတန်းစားမှာသန်း ၃၀၀ ကျော်ရှိ၍ ဝယ်လိုအားလည်း မြင့်တက်လာမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၏ ကုန်သွယ်မှု မူဝါဒမှာလည်း လွတ်လပ်မှုရှိပါကြောင်း၊ ယခုအချိန်ထက်ကောင်းမွန်သည့် အချိန်ရှိမည်မဟုတ်ကြောင်း၊ အဆိုပါ အခွင့်အလမ်းများကို အသုံးချ၍ တရုတ်ဈေးကွက်သို့ ကုန်ပစ္စည်းတင်ပို့ကြရန်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ အဓိက လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့်စပယ်ဆန်မွှေး၊ ဒူးရင်းသီးနှင့် သစ်သီးများ၊ အခြားသော တရုတ်လူမျိုးများ ကြိုက်နှစ်သက်သည့် ပစ္စည်းများတင်ပို့ရန် ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ စက်မှုဝန်ကြီးဖြစ်သူ Mr.Uttama Saranayana က တရုတ်နိုင်ငံ၏ စီးပွားရေး လုပ်ငန်းများဆိုင်ရာ ဥက္ကဋ္ဌအား ဖိတ်ခေါ်ရခြင်းမှာ Alibaba Group ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံချက်များအား သိရှိလိုခြင်းကြောင့်ဖြစ်ပြီး အဆိုပါ Group နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်သားများ၏ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အဆင့် မြှင့်တင်လို၍ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည်၂၀၁၆ ခုနှစ်ကတည်းကပင် Mr.Jack Maအား ဖိတ်ခေါ်ရန် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား စက်မှုဝန်ကြီးဌာနမှဦးဆောင်ပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ဆွေးနွေးခဲ့ကြပါကြောင်း၊ EEC တွင်ပါဝင်သည့် အဖွဲ့အစည်းများမှာ The Department of International Trade Promotion (DITP), The Ministry of Commerce (MOC), The Board of Investment, The Customs Department, The Tourism Authority of Thailand (TAT) And Thailand Post တို့ဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့အစည်း များသည် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကဏ္ဍ ၅ ရပ်ကို ဆောင်ရွက်ရန် အကြမ်းဖျင်းလျာထားပြီး စက်မှုကဏ္ဍနှင့် နည်းပညာပိုင်းတို့အား ပိုမိုအဆင့်မြှင့်တင်ရန်ဖြစ်ကြောင်း၊ EECအတွင်း Smart Digital Hub ကိုလည်း ထူထောင်ရန်နှင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အကြား ကုန်စည်ပို့ဆောင်စီးဆင်းမှု မြန်ဆန်ရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍကို Alibaba ၏ နည်းပညာများဖြင့် လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် CLMV လေးနိုင်ငံနှင့် အခြားနိုင်ငံများအတွက်လည်း ကောင်းမွန်သောရလဒ်များ ဖြစ်လာမည်ဖြစ်ပါကြောင်း လေ့လာသိရှိရပါသည်။

# ကျေးလက်နှင့် မြို့ပြ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်နေသော ရန်ကုန်တိုင်းဒေသကြီးအစိုးရ

**မောင်လွင်ပြင်**

ဧပြီ ၂၅ ရက်ထုတ်ကြေးမုံသတင်းစာတွင် အထူးကဏ္ဍအဖြစ် "နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" ဖော်ပြပါရှိခဲ့သည်။ ယင်းနေ့ထုတ်ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ အထူးကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏အင်တာဗျူးကိုလည်းဖော်ပြထားသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်နှင့်မြို့ပြတစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးတည်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေသော ရန်ကုန်တိုင်းဒေသကြီးတွင် ကျေးလက်ဒေသများကိုပါ ချန်မထားဘဲ တစ်ပြေးညီ ဆောင်ရွက်ရေးစီစဉ်နေကြောင်း ပြောကြားခဲ့သည့်အတွက် တိုင်းဝန်ကြီးချုပ်ကို ကျေးဇူးတင်ရသည်။

လက်ရှိအခြေအနေသည် ရန်ကုန်တိုင်းဒေသကြီးကို အသာထား၊ တစ်နိုင်ငံလုံးအနေအထားဖြင့် ပြောရမည်ဆိုလျှင် မြို့ပြနှင့် ကျေးလက်သည် ဖွံ့ဖြိုးတိုးတက်မှုများ အနည်းနှင့်အများကွာဟနေဆဲဖြစ်သည်။ လက်ရှိပြည်သူ့အစိုးရသည် နိုင်ငံတော်ကို ဒီမိုကရေစီအသွင်ပြောင်းလဲခြင်းနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများပြုလုပ်နေရာတွင် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုကွာဟနေခြင်းကိုအဟကျဉ်းမြောင်းသွားအောင် တစ်ပါတည်းဆောင်ရွက်နေဆဲအနေအထားရှိသည်။ ဤတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းအတွင်းရှိ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုမကွာဟရေးတစ်ပြေးညီဆောင်ရွက်နေသည်ဟု သတိတရဖြင့် ပြောလာသောအခါ ဝမ်းသာဂုဏ်ယူဖြစ်ရပါသည်။ တိုင်းအတွင်းရှိကျေးလက်ဒေသများကို မြို့ပြနှင့်တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးပြုလုပ်မည်ဆို၍ ဝမ်းသာရသည်ကတော့ဟုတ်ပါပြီ။ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးပြုလုပ်မည်ဆိုလျှင် ဘတ်ဂျက်လိုသည်။ မည်သည့်ဘတ်ဂျက်ဖြင့်ဆောင်ရွက်ကြမည်နည်း။ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုလိုပြောသည်။ "အဓိက ကတော့ ပထမဦးဆုံးတာဝန်ယူရတဲ့အချိန်မှာ တိုင်းဒေသကြီးအစိုးရရဲ့ဘတ်ဂျက်မှာ ခုံကျော်တံတားတွေဆောက်ဖို့ပါတယ်။ တံတားနှစ်စင်းလုပ်ဖို့ပါတယ်။ ဒီတံတားနှစ်စင်းကို ဆက်မလုပ်တော့ဘူး။ ဒီကနေရလာတဲ့ ၃၂ ဘီလီယံရှိပါတယ်" ဟုဆိုသည်။ ယင်းကျပ် ၃၂ ဘီလီယံဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့်လက်ရှိတွင် မြို့ပြနှင့်ကျေးလက်ဒေသတစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးစီစဉ်ဆောင်ရွက်နေရာတွင် တိုင်းအတွင်း မြို့နယ်အချို့၌ သောက်သုံးရေဖူလုံစွာရရှိရေးကိုလည်း ဦးစားပေးတစ်ရပ်အဖြစ် ဆောင်ရွက်နေပါသေးသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီးလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်က "ကျွန်တော်တို့တိုင်းဒေသကြီးဟာ ပင်လယ်နဲ့နီးပါတယ်။ ပင်လယ်နဲ့နီးတဲ့အတွက် မြေအောက်ရေကိုသုံးစွဲမယ်ဆိုရင် နေရာတော်တော်များများဟာ ရေမကောင်းပါဘူး။ ရေမကောင်းတဲ့အတွက် ရေရှားပါးမှုလည်းရှိပါတယ်။ ရေကောင်းရေသန့်သုံးစွဲနိုင်ဖို့ အားနည်းတာတွေရှိပါတယ်။ မြို့တိုင်းရေကောင်းရေသန့်ရဖို့ဆိုတာ လိုအပ်ချက်တစ်ခုဖြစ်နေပါတယ်။ မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ ရေနဲ့ပတ်သက်တဲ့ အခက်အခဲရှိနေပါတယ်။ ဒီနေရာမှာနှစ်ပိုင်းရှိပါတယ်။ မြို့တော်စည်ပင်သာယာရေးရဲ့ရေပိုက်လိုင်း ရေမရသေးတာရှိသလို၊ အဲဒီမှာ ပျောက်ဆုံးနေတဲ့ရေတွေရှိနေတာကိုလည်း ကြုံနေရပါတယ်။ ဒါကြောင့်မို့ ဒီနှစ်ပိုင်းစလုံးကို စနစ်တကျဖြစ်အောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ရေမရတဲ့နေရာတွေကို ရေပိုက်လိုင်းနဲ့ ရေရနိုင်ဖို့အတွက် ကြိုးစားရမှာဖြစ်ပါတယ်။ ဒလမြို့မှာ ပုဂ္ဂလိကကဏ္ဍနဲ့ စည်ပင်သာယာရေးတို့ အကျိုးတူပူးပေါင်းပြီး ရေရရှိရေးစဉ်းစားထားပါတယ်။ ပုဂ္ဂလိက၊ အစိုးရနဲ့ ပြည်သူကြားပူးပေါင်းဆောင်ရွက်ပြီး ရေရရှိရေးကိစ္စရပ်တွေလုပ်မယ်ဆိုရင် ကျွန်တော်တို့အတွက် အလားအလာကောင်းများစွာရှိပါတယ်။ ကျွန်တော်တို့မှာ ရေအရင်းအမြစ်ရှိတယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေက ရေတိုသန့်စင် (Treatment) လုပ်ပေးချင်တယ်။ မြို့တော်စည်ပင်ကနေပြည်သူလူထုဆီကို ရေကိုစနစ်တကျပေးဝေမယ်ဆိုရင် မြို့တိုင်းမြို့တိုင်းရေပိုက်လိုင်းနဲ့ ရေပေးဝေနိုင်တဲ့ အခြေအနေတစ်ခုဖြစ်ပါမယ်။ ကျွန်တော်တို့နှစ်နှစ်တာကာလအတွင်း ဒလမြို့ကို ရေအရောက်ပို့နိုင်ပြီ။ ဒီကနေတစ်ဆင့် ဒီနွေမှာ ရေကားတွေနဲ့ ရေကိုအခမဲ့ဖြန့်ဝေပေးမယ်။ အရင်က အမြို့မြို့အနယ်နယ်က ဒလကိုရေသွားဝေရတယ်ဆိုတာ အားလုံးအသိပါ။ အခုဒလမှာပိုက်လိုင်းနဲ့စနစ်တကျရေဝေဖို့လုပ်မှာဖြစ်ပါတယ်။ အခုပိုက်လိုင်းနဲ့ စနစ်တကျရေဝေဖို့လုပ်မှာဖြစ်ပါတယ်။ အခုပိုက်လိုင်းနဲ့ရေမပေးနိုင်သေးခင်မှာ ရေကောင်းရေသန့်ကို ပြည်သူကိုပေးနိုင်ဖို့ ဆောင်ရွက်ထားပါတယ်" ဟု ဝန်ကြီးချုပ်ကရှင်းပြထားသည်။

ပြည်သူလူထု၏ နေ့စဉ်နေထိုင်မှုဘဝတွင် သောက်သုံးရေကိုအလုံအလောက်သုံးစွဲခွင့်ရရေးသည် အဓိကကျသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဟူသည်လည်း ရေကောင်းရေသန့်သုံးစွဲခွင့်ရရေးသည် အရေးတကြီးလိုအပ်သည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များတွင် သောက်သုံးရေလုံလောက်စွာသုံးစွဲခွင့်ရရေးနှင့် ရေကောင်းရေသန့်သုံးစွဲခွင့်ရရှိရေးကိုလည်း အချက်တစ်ချက်အဖြစ် ထည့်သွင်းရေးဆွဲဆောင်ရွက်နေပေသည်။ ယခုရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှုမကွာဟစေရေးအတွက် တိုင်းအတွင်းရှိမြို့နယ်အများစုတွင် ပိုက်လိုင်းဖြင့်ရေဖြန့်ဝေပေးပို့နိုင်ရေး တိုင်းအစိုးရကကြီးကြပ်ဆောင်ရွက်နေသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ် ၄၅ မြို့နယ်ရှိသည်။ စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် မြို့နယ် ၃၃ မြို့နယ်အကျုံးဝင်သည်။ အချို့သော မြို့နယ်များပိုက်လိုင်းဖြင့်ရေပို့လွှတ်သုံးစွဲခွင့်မရကြသေးပေ။ ယင်းမြို့နယ်များတွင် အများစုမှာ အဝီစိတွင်းရေကိုသာ အားထားသုံးစွဲနေကြရသည်။ အချို့သော အဝီစိတွင်းရေကိုမှီခိုအားထားနေရသည့်မြို့နယ်များတွင် အဝီစိတွင်းရေတို့သည် မြေအောက်ရေကြောများ မသန့်ရှင်းသောကြောင့် မသန့်စင်သောအဝီစိတွင်းရေကို မိမိတို့ဘာသာ ကြံဖန်သန့်စင်သုံးစွဲနေကြရသည်ဟုကြားသိရသည်။ အချို့မြို့နယ်များတွင် ရေစည်လှည်းများအားကိုးပြီး ဝယ်သုံးနေရသည်။ တစ်နေ့တာအသုံးစရိတ်တွင် ရေဖိုးကလည်း အတော်ထောင်းနေသည်ဟုဆိုသည်။ အထူးသဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော်နေပြည်သူများ ရေကိုဝယ်သုံးနေရသည်မှာ ကာလကြာမြင့်နေပြီဖြစ်သည်။ ယင်းမြို့တော်အိမ်ရာများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများနှင့်မခြား ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည်။ ယင်းဥယျာဉ်မြို့တော်အိမ်ရာကြီး ပြန်လည်ဖွံ့ဖြိုးလာရေးစီစဉ်ဆောင်ရွက်ရပါဦးမည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြနှင့် ကျေးလက်ဒေသတစ်ပြေးညီဖွံ့ဖြိုးရေးအတွက် တိုင်းဝန်ကြီးချုပ်က လျှပ်စစ်ဓာတ်အားသုံးစွဲမှုအခြေအနေကိုလည်း ပြောပြထားပါသေးသည်။ ရန်ကုန်တိုင်းဒေသကြီးသည် တစ်နိုင်ငံလုံး ဓာတ်အားအသုံး၏ ထက်ဝက်ကျော်ကို အသုံးပြုနေသည့် တိုင်းဒေသကြီးဖြစ်သည်။ ထို့ကြောင့် ဓာတ်အားလုံလောက်စွာရရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်နေရ၏။ ယင်းဆောင်ရွက်ရမှုနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုလိုပြောထားပါသေးသည်။ "ရန်ကုန်ဟာ မြန်မာတစ်နိုင်ငံလုံးလျှပ်စစ်ထုတ်လုပ်မှုရဲ့ ထက်ဝက်ကျော်ကို သုံးပါတယ်။ ကျွန်တော်တို့သုံးနေတာ မဂ္ဂါဝပ် ၁၃၀၀ ကနေ ၁၅၀၀ ကြားရှိပါတယ်။ လျှပ်စစ်မီးနဲ့ပတ်သက်ပြီး လုံလောက်မှုဖြစ်လာနိုင်ဖို့အတွက် ရန်ကုန်မှာပြုပြင်ပြောင်းလဲမှုတွေရှိပါတယ်။ YESC (ရန်ကုန်လျှပ်စစ်ဓာတ်အားလုပ်ငန်းအဖွဲ့) အနေနဲ့လည်း အချို့ရှုပ်ထွေးလျှပ်စစ်ကြိုးတွေ လိုက်ရှင်းပေးနေတာတို့ လျှပ်စစ်မီးပုံမှန်ရဖို့တို့ ဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့မှာ မီးပုံမှန်ရနေဖို့ အခြေအနေတစ်ခုကိုလည်း ကြိုးစားနေပါတယ်။ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုကိုနည်းသွားနိုင်ဖို့ အခြေအနေတစ်ခုကိုလည်း ကြိုးစားနေပါတယ်။ ဒေါပုံမြို့နယ်မှာဆို ရှေ့ပြေးစီမံချက်တစ်ခုလုပ်နေတယ်။ မီးဘယ်လောက်သုံးစွဲနေတာကို ကိုယ်ရဲ့လက်ကိုင်ဖုန်းကနေတစ်ဆင့် ကြည့်နိုင်မယ်။ မီးကအိမ်မှာဖွင့်ခဲ့သလား။ ဒီလိုမီးဘေးအန္တရာယ်ကင်းစေနိုင်တဲ့မီတာတွေပြောင်းလဲတပ်ဆင်နိုင်ဖို့ ဒေါပုံမြို့နယ်မှာ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ လျှပ်စစ်မီးနဲ့ပတ်သက်ရင် လျှပ်စစ်မီးထုတ်လုပ်တဲ့စရိတ်နဲ့ ပြည်သူလူထုရဲ့ သုံးစွဲမှုအပေါ်ပြန်လည်ပေးချေတဲ့နှုန်းနဲ့ ကြည့်မယ်ဆိုရင် ဈေးနှုန်းဟာ နိုင်ငံတော်ကနေအရှုံးခံပြီး ဆောင်ရွက်ပေးနေတဲ့အခြေအနေတွေရှိနေသေးတယ်ဆိုတာတွေ့ရမှာဖြစ်ပါတယ် " ဟုပြောကြားထားသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်နှင့်အဝန်း တိုင်းပြည်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်နေချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း တိုင်းအတွင်းရှိ ကျေးလက်ဒေသများ မြို့ပြနှင့်တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့အရေး စီစဉ်ဆောင်ရွက်နေကြသည့် သတင်းများကိုလည်း ပိုမိုကြားသိလာရသည်။

ယင်းသို့စီစဉ်ဆောင်ရွက်နေစဉ်အတွင်း ပြည်သူလူထုဆီက ကောင်းသောအကြံဉာဏ်များ၊ စေတနာကောင်းဖြင့်ဝေဖန်ထောက်ပြသည်များကိုလည်း ပြောင်းလွယ်ပြင်လွယ်သောစိတ်ထားဖြင့် လက်ခံကြိုဆိုသင့်ပါကြောင်းကိုလည်း တိုင်းဒေသကြီးအဖွဲ့အားတိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

စာမျက်နှာ (၃) ဆီထွက်သီးနှံတန်ဖိုး ...... မှအဆက်

အပြီးသတ်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာကဏ္ဍများမှ ပုဂ္ဂိုလ်များ၏ သဘောထားမှတ်ချက်များ တောင်းခံနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာကုန်စည်ဒိုင် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမျိုးသားစီမံကိန်းမန်နေဂျာ (ITC) မှ ဒေါက်တာဒေါ်သစ်သစ်လွင်က လက်စွဲစာအုပ်ဖြစ်ပေါ်လာပုံနှင့် အရည်အသွေးသတ်မှတ်ချက်များ၊ အစားအစာ ဘေးကင်းရေးပြဿနာများကိုလည်းကောင်း၊ ပဲနှမ်းအသင်းမှ အကြံပေး ဦးစိုးဝင်းမောင်က ဆီထွက်သီးနှံဆိုသည်မှာနှင့် ဆီထွက်သီးနှံအသုံးပြုပုံတို့ကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမျိုးသူက ဂိုဒေါင်တည်ဆောက်ထားသိုပုံတို့ကို လည်းကောင်း၊ CTQM မှ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)ဦးဇော်ဝင်းက ပွဲစားကုန်သည် အဝယ်ဒိုင်များတွင် ကျင့်သုံးသင့်သော လုပ်ငန်းလုပ်ဆောင်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ အပင်ပိုးမွှားကာကွယ်ရေးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဦးကိုကိုက ဂိုဒေါင်များတွင်ထားရှိအပ်သော အစီအမံများနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်းအကြောင်းကိုလည်းကောင်း၊ OMIC မှ ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်မောင်မြင့်က နမူနာယူခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်းအကြောင်းကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြကာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူ လုပ်ငန်းရှင်များနှင့် တောင်သူပွဲစားများမှ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**နှင်းပန်းဖြူ**

Commerce ကာတွန်း



# ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး-လားရှိုး-မူဆယ် ကုန်သယ်ခနှုန်းများ

၂၀၁၈ ခုနှစ် ဧပြီလအတွင်း မန္တလေး-လားရှိုး-မူဆယ် ကုန်ပစ္စည်း သယ်ယူခများမှာ ဧပြီပထမပတ်တွင် ဈေးမြင့်ခဲ့ပေမယ့် ဒုတိယပတ်မှစ၍ ဈေးအနည်းငယ် ကျဆင်းသွားခဲ့ပြီး ဧပြီလကုန်ပတ်ထိ ဈေးနှုန်းပြောင်းလဲမှု မရှိတာတွေ့ရပါတယ်။ ပို့ကုန်ပစ္စည်းတွေကတော့ ဆန်၊ ပဲ၊ ပြောင်း၊ ရော်ဘာ၊ ရေထွက်ကုန်၊ ဖရဲ၊ သခွား၊ သရက်၊ နနွင်း၊ ကြက်သွန်၊ ဝါနဲ့ Re-Export သကြား အစရှိတဲ့ ကုန်များဖြစ်ကြပြီး မြန်မာနိုင်ငံသို့ ပြန်လည်တင်သွင်းခဲ့တဲ့ ကုန်ပစ္စည်းများမှာ ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်းများ၊ ဓာတုကုန်ကြမ်း၊ ပလပ်စတစ်၊ ဆေးပစ္စည်း၊ စားရေးကိရိယာများ ဖြစ်ပါတယ်။ ဧပြီလရဲ့ ကုန်စည်သယ်ယူခနှုန်းထားများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်။

**မော်မော်အောင်**

| ပို့ကုန် | ၁.၄.၂၀၁၈ မှ ၆.၄.၂၀၁၈ ထိ | ၇.၄.၂၀၁၈ မှ ၁၃.၄.၂၀၁၈ ထိ | ၁၄.၄.၂၀၁၈ မှ ၂၀.၄.၂၀၁၈ ထိ | ၂၁.၄.၂၀၁၈ မှ ၂၇.၄.၂၀၁၈ ထိ |
|---|---|---|---|---|
| ပြောင်း | ၆၃-၆၈ | ၆၃ | ၆၃ | ၆၃ |
| ဆန် | ၆၅-၇၀ | ၆၃ | ၆၃ | ၆၃ |
| ပဲတီစိမ်း | ၆၄-၇၀ | ၆၃ | ၆၃ | ၆၃ |
| နှမ်း | ၆၄-၇၀ | ၆၃ | ၆၃ | ၆၃ |
| ရော်ဘာ | ၆၃-၆၈ | ၆၃ | ၆၃ | ၆၃ |
| **သွင်းကုန်** | | | | |
| မြေဆီ | ၂၄-၃၀ | ၂၅-၃၀ | ၂၅-၃၀ | ၂၅-၃၀ |

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာလ်ဖတ် (၂၀၀၄) | D | ၃၃၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အေဒီဗင် (၂၀၁၁) | G | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ပါဆို (၂၀၀၉) | F | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဟွန်ဒါဖစ်/ရှပ်တဲလ် (၂၀၁၁) | G | ၂၁၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၅။ | ရက်တစ် (၂၀၀၉) | H | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဆူဇူကီး(ဝက်ဂွန်) (၂၀၁၀) | J | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ပစ်ကပ်(ဒိုင်ဟတ်စု) (၂၀၀၆) | F | ၇၅ သိန်း | 0.6 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ကလူဂျာ (၂၀၀၂) | J | ၃၄၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၁၃၅ သိန်း | ကားကောင်း |

# မေလဆန်းကားဈေးကွက်တွင် ကားလေးများသာ အခြေအနေကောင်းလာ



ရန်ကုန်မြို့ကားဈေးကွက်၏ မေလဆန်းပိုင်းအခြေအနေမှာ ရန်ကုန်လိုင်စင်သတင်းကြားတွင် အရောင်းအဝယ် ဖြစ်သင့်သလောက် ဖြစ်နေပြီး ကားသေးများသာများ၍ စလစ်ကပ်ကားများနှင့် အင်ဂျင်ပါဝါကြီးကားများ အရောင်းအဝယ် အေးနေဆဲပင်ဖြစ်ကြောင်း ဈေးကွက်သတင်းအရ သိရသည်။

ရန်ကုန်ဈေးကွက်ထဲတွင် ကားလေးများယခုလတ်တလော ပြန်အဝယ်ရှိနေပြီး တန်ဖိုးများများစားစား မဟုတ်ဘဲ သိန်း ၁၅၀ ဝန်းကျင်ကားများသာဖြစ်ကြောင်း၊ နယ်လိုင်စင် ကားလေးများ မော်ဒယ်လ်အမြင့် ယခင်ကဈေးကွက်ရှားသလိုဖြစ်ပြီး ယခုပြန်လည်အဝယ်ရှိလာကြောင်း၊ အချို့နံပါတ် အနီတက္ကစီကားများလည်း အဝယ်ရှိလာပြီး ဖီလ်ဒါ၊ ကာလ်ဒီးနားစသည့် အကြမ်း/အချောရကားများသာ ရောင်းရကြောင်း၊ စလစ်ကပ်ကားများမှာမူ ၂၀၁၈ မူဝါဒများနှင့် မယဉ်ပါးသေးသောကြောင့်လည်းကောင်း၊ ဈေးကွက်တွက်ခြေကိုက်မှုအရ လည်းကောင်း အသွင်းမရှိသလောက် နည်းနေပြီး ဈေးများအနည်းငယ်ကျဆင်းကာ ဝယ်သူရှားနေဆဲ ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်အတွင်း လတ်တလောအခြေအနေမှာ ကားဈေးကွက်ဦးဆောင်နေသည့် ရန်ကုန်လိုင်စင်ကားများ ရောင်းအားကောင်းမှသာ ကျန်သည့်လိုင်စင်ကားများ ဈေးကွက်ပါမှာဖြစ်သည့်အလျောက် ရန်ကုန်လိုင်စင်အား မူဝါဒအသစ်ပီပီပြင်ပြင် ပြဋ္ဌာန်းပေးနိုင်ရေး လိုလားစောင့်ကြည့်နေကြပြီး လက်ရှိတွင် ကြိုက်ရောင်းကြိုက်ဝယ်သဘောဖြင့် ရန်ကုန်လိုင်စင်ကားများ အက္ခရာနိမ့်/မြင့် မရွေး အရောင်းအဝယ်ရှိကြောင်း၊ ထိုအတောအတွင်း ဒလီဗာရီဗင် အုပ်စုကားများမှာလည်း စည်းကမ်းသတ်မှတ်ချက် ကန့်သတ်လာသဖြင့် ယခင်ဈေးကွက်ရှိပြီးသားကားများမှာ ယုံကြည်စိတ်ချရသည့် အတိုင်းအတာရှိမှသာ ရောင်းကြဝယ်ကြသဖြင့် ဈေးကွက်ပြန်ငြိမ်နေကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက ပြောသည်။

**SN**

# ကယားပြည်နယ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၂)ဦးအောင်မောင်းသည် ၂၀၁၈ ခုနှစ် မေ လ ၂ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အသင်းအဖွဲ့များ ခိုင်မာရေး၊ အလားအလာရှိသော သီးနှံများကိုအသင်းများ ထပ်မံတိုးချဲ့ဖွဲ့စည်းနိုင်ရေး၊ ဆန်စပါး စိုက်ပျိုး၊ ထုတ်လုပ်ရောင်းချသူများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ ဈေးကွက်ဈေးနှုန်းကောင်းများ ပုံမှန်ရရှိနိုင်ရေး၊ ဒေသအတွင်း စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနိုင်သော သီးနှံများ၊ ဈေးကွက်ဝင်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် သီးနှံများကိုအဆင့်မြင့် စက်မှုလယ်ယာများဖြင့် ဖော်ထုတ်ပြီး ဈေးကွက် ထိုးဖောက်နိုင်အောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ပါသည်။

ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် မိမိတို့ဒေသ၌ အစေ့ထုတ်ပြောင်းကိုအဓိကစိုက်ပျိုးပြီး ပြောင်းစိုက်ဧက ၅ သောင်းကျော်ရှိကြောင်း၊ တစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ ၆၅ တင်းခန့် ထွက်ရှိကြောင်း၊ သီးနှံအထွက် ၇၀ ရာခိုင်နှုန်းခန့်ကို လွိုင်ကော်-မန္တလေး-မူဆယ်-တရုတ်သို့ တင်ပို့ကြကြောင်း၊ ၃၀ရာခိုင်နှုန်းခန့်ကို ရန်ကုန်မြို့ရှိ တိရစ္ဆာန်အစာထုတ်လုပ်သည့် စက်ရုံများသို့ တင်ပို့လျက်ရှိကြောင်း၊ စပါးအနေဖြင့် တရုတ်မျိုးရင်းများဖြစ်သည့် ရွှေရင်အေး(၁)နှင့် ရွှေရင်အေး (၂)၊ တရုတ်မွှေးတို့ကို အများဆုံးစိုက်ပျိုးကြပြီး ထွက်ရှိသည့်ဆန်များကို လွိုင်ကော်-မန္တလေး-မူဆယ်-တရုတ် ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း၊ နှမ်းသီးနှံအနေဖြင့် ဘောလခဲခရိုင်သာလျှင် တစ်နှစ် တစ်သီးနှုန်းဖြင့် စိုက်ပျိုးလျက်ရှိပြီး မန္တလေးမြို့သို့လည်းကောင်း တင်ပို့လျက်ရှိကြောင်း၊ အနည်းငယ်စိုက်ပျိုးထားသည့် လျှော်ဖြူဈေးကွက်မရှိကြောင်းနှင့် အစေးထုတ်ပြီးကြာလျှင် မည်းသွားခြင်းကြောင့် နည်းပညာလိုသေးကြောင်း၊ သီးနှံအခြောက်ခံစက်များ အလုံအလောက်မရှိကြောင်း၊ သီးနှံများ ရိတ်သိမ်းချိန်လွန်နည်းပညာများ လိုအပ်လျက်ရှိကြောင်းတို့ကို ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ဒုတိညွှန်ကြားရေးမှူးချုပ် (၂) ဦးအောင်မောင်းက သီးနှံများကို စံပြစိုက်ကွက်များ ထားရှိပြီးစိုက်ပျိုး သင့်ကြောင်း၊ သီးနှံအခြောက်ခံစက်အနေဖြင့် စီပီကုမ္ပဏီက လာရောက်တည်မည်ကို သတင်းရရှိထားကြောင်း၊ သီးနှံများ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ပတ်သက်ပြီး သက်ဆိုင်သည့်ဌာနဖြင့် ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ အလားအလာရှိသော သီးနှံကို အရည်အသွေး ကောင်းမွန်စွာဖြင့် တိုးချဲ့စိုက်ပျိုး ထုတ်လုပ်သင့်ကြောင်း၊ လျှော်ဖြူဈေးကွက်ကို ချိတ်ဆက်ပေးသွားမည် ဖြစ်ပါကြောင်း စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

# ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ်(၆) ထူးချွန်ဆုရရှိသူများစာရင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး) တွင် ဖွင့်လှစ်သည့် ကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၆) ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်မှ ဧပြီ ၈ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၈ ရက် နံနက်တွင် ကျင်းပပြုလုပ်ခဲ့ရာ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှု ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းဂုဏ်ပြုလွှာ၊ အုပ်စုလိုက် စာမေးပွဲ အကောင်းဆုံးဆု ရရှိသည့် အုပ်စုနှင့် အုပ်စုလိုက် စာတမ်း အကောင်းဆုံးဆု ရရှိသည့် သူတို့အား ဆုများချီးမြှင့် ပေးခဲ့ပါသည်။ အုပ်စုလိုက် စာမေးပွဲ အကောင်းဆုံးဆုကို စာမေးပွဲအုပ်စု (၁) မှ မအေးမြသွယ်၊ မနန်းနှင်းဖြူအေး၊ မမိုးမိုးသန့်၊ မအေးငြိမ်းစိုး၊ အုပ်စုအလိုက် စာတမ်း အကောင်းဆုံးဆုကို စာတမ်းအုပ်စု (၁)မှ မသိင်္ဂီအောင်၊ ကိုဇာနည်ရန်၊ မနန်းနှင်းဖြူအေး၊ ကိုကျော်သက်လှိုင်၊ မအေးမြသွယ်၊ ကိုသက်ဇင်၊ မမိုးမိုးသန့်၊ မကေဇင်လုပန်၊ ကိုဘုန်းပြည့်ထူး၊ မလဝန်းမေတို့မှ အသီးသီး ရရှိကြပါသည်။

**ပို့သွင်းရုံး (မန္တလေး)**

# စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (SRCCI) အလုပ်အမှုဆောင်အသစ် ပြန်လည်ရွေးချယ်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SRCCI ) အလုပ်အမှုဆောင်သစ်ပြန်လည်ရွေးချယ်ပွဲကို ဧပြီ ၃၀ ရက်က မုံရွာမြို့၊ ကုန်စည် ဒိုင်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ UMFCCI ဥက္ကဌနှင့် အလုပ်အမှုဆောင်၊ ညီနောင် အသင်းသားများ၊ ကုန်စည်ဒိုင် အသင်းဥက္ကဌနှင့် အသင်းသားများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၏ ဧပြီ ၂၈ ရက်စွဲပါ စာ အမှတ် -ဝ၅-၁/၁/၃/၁(၃၇၄၉) အရ နာယက ၇ ဦးအား ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီး အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရာတွင် သင်းဖွဲ့စည်းမျဉ်း အခန်း(၄)၊ အပိုဒ်(၂၂)(က) ပါပြဋ္ဌာန်းချက်အရ အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၃၀ မှ အများဆုံး ၅၀ ဦးအထိ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်းနှင့် သင်းဖွဲ့စည်းမျဉ်းပါ အခန်း(၄)၊ အပိုဒ် (၂၃)(က)ပါ သတ်မှတ်ထားသော လက်ရှိအဖွဲ့ဝင်၏ ၅၀ ရာ ခိုင်နှုန်းကို ရွေးချယ်တင်မြှောက်သွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဌ ပြောကြားခဲ့သည်။ ရွေးချယ်ပွဲသို့ တက်ရောက်သူ အသင်းသားများသည် မိမိ၏ စိတ်ဆန္ဒအရ လျှို့ဝှက်မဲပေးစနစ်ဖြင့် မဲပုံးထဲသို့ မဲပြားများ စနစ်တကျ ထည့်ကာ ရွေးချယ်ရာတွင် ထွက်ပေါ်လာသော ရလဒ်ဖြင့် ဗဟိုအလုပ်အမှုဆောင် ၂၃ ဦး၊ အလုပ်အမှုဆောင် ၂၄ ဦး ကို နာယကအဖွဲ့က သဘောတူ အတည်ပြုပါကြောင်း ကြေညာခဲ့ပြီး ဥက္ကဋ္ဌအသစ်အဖြစ် ယခင်ဥက္ကဋ္ဌဟောင်း ဦးမျိုးမင်းအား ပြန်လည် ရွေးချယ် တင်မြှောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင်(မုံရွာ)**

## ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် MSMEs ထုတ်ကုန်ပြပွဲနှင့် SMES ဆိုင်ရာဆွေးနွေးပွဲ Seminar ပြုလုပ်မည်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကန်သာယာ ပြည်ထောင်စုကွင်းတွင် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်၍ အသေးစားနှင့် အလတ်စား(SMEs) ဌာနမှ ပူးပေါင်းပါဝင်ပြီး တတိယအကြိမ် Micro Small Medium Enterprise (MSMEs) ထုတ်ကုန်ပြပွဲကို မေ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြခန်းပေါင်း ၁၅၀ ကျော်ပါဝင်၍ ၃ ရက်ကြာ ပြသရောင်းချသွားမှာဖြစ်ကြောင်း သိရသည်။

MSMEs ထုတ်ကုန်ပြပွဲတွင် လက်လီ/လက်ကား ရောင်းချခြင်းသာမက ချေးငွေဆိုင်ရာ ကိစ္စရပ်များအတွက် ဘဏ်များအပါအဝင် စီးပွားရေး လုပ်ငန်းရှင်များအား SMEs ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် ဆွေးနွေးပွဲSeminar ပြုလုပ်ရန်ပညာရှင်များအား ဖိတ်ကြားထားပြီး မေ ၁၂ ရက်တွင် ပုသိမ်မြို့ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိကြောင်း အသေးစားနှင့် အလတ်စား (SMEs) ဖွံ့ဖြိုးတိုးတက်ရေး ဌာနမှသိရသည်။

**ဧရာမြေ(ပုသိမ်)**

# ဇီဝသဘာဝ မြေဩဇာ သုံးစွဲခြင်းဆိုင်ရာ နည်းပညာသင်တန်း၊ စွမ်းဆောင်ရည်မြင့်မားမှု အသိပညာပေးမျှဝေရေးသင်တန်းနှင့် ကန်ထရိုက်လယ်ယာစနစ် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကျင်းပ

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မင်းလက်ပံစံပြကျေးရွာဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ဧပြီ ၂၇ ရက်က ဇီဝသဘာဝ မြေဩဇာသုံးစွဲခြင်းဆိုင်ရာ နည်းပညာသင်တန်း၊ စွမ်းဆောင်ရည် မြင့်မားမှု အသိပညာ ပေးမျှဝေရေး သင်တန်းနှင့် ကန်ထရိုက်လယ်ယာစနစ် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ် ဦးစီးမှူး၊ ဥရောပ ပြောင်း စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်းရုံးအဖွဲ့ ဒါရိုက်တာ၊ မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြဒွေးကြွယ်လင်းကုမ္ပဏီမှ တာဝန်ရှိသူများ၊ ပြောင်းစိုက်တောင်သူများ၊ စုစုပေါင်း ၁၃၇ ဦး တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် စားသုံး သူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ကန်ထရိုက်လယ်ယာ စနစ်ဆောင်ရွက်မှုအတွက် အားပေးခြင်း၊ နှစ်ဖက်အကျိုးရှိအောင် မျှမျှတတ ဆောင်ရွက်ကြရန်၊ လိုအပ်သော သတင်း အချက်အလက်များ၊ အခြား အကူအညီများ ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် မြဒွေးကြွယ်လင်း ကုမ္ပဏီမှမန်နေဂျင်း ဒါရိုက်တာ ဦးစောသန်းမြက ယခု အကောင်အထည်ဖော်ဆောင်ရွက်မည့် အကျိုးတူကန်ထရိုက်စနစ်နှင့် ပတ်သက်၍အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပြီး ဘိုင်အိုစူပရင်း သွင်းအားစု ကုမ္ပဏီ၊ Green Way အဖွဲ့နှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့မှ အစေ့ထုတ်ပြောင်းစိုက် တောင်သူများအား ဇီဝသဘာဝ မြေဩဇာ သုံးစွဲခြင်းဆိုင်ရာ နည်းလမ်းများ၊ အစေ့ထုတ်ပြောင်းထုတ်လုပ်မှု မြင့်တင်နိုင်ရေး နည်းပညာများ၊ မိုဘိုင်းဖုန်းဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် သိလိုသမျှ ဗဟုသုတ အကြောင်းအရာများကို ဖုန်းဖြင့်ဒေါင်းလုပ်ဆွဲ မေးမြန်းဆက်သွယ်ဆောင်ရွက်ရမည့် နည်းလမ်းများ ရှင်းလင်းပို့ချခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ကရင်ပြည်နယ်အခြေစိုက် မြဒွေးကြွယ်လင်း ကုမ္ပဏီနှင့် ပြောင်းစိုက်တောင်သူများ အကျိုးတူ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုမ္ပဏီမှ ငွေကြေးအရင်းအနှီး၊ သွင်းအားစု၊ နည်းပညာများ ပံ့ပိုးမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ယခင်နှစ်များကဲ့သို့ တစ်ဖက်ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များအား မှီခိုရန်မလိုတော့ဘဲ တောင်သူများမှ လုပ်အားသာ စိုက်ထုတ်ရန်လိုကြောင်း၊ ကရင်ပြည်နယ် မြဝတီခရိုင်အတွင်း အကျိုးတူကန် ထရိုက်စနစ်ဖြင့် ဆောင်ရွက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရှိရသည်။

**အေးအေးစိုး (ဘားအံ)**

■

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-ဝ၁ ၂၅၄ဝ၂၄ ဖက်စ်- ဝ၁ ၂၅၄ဝ၂၃ အီးမေးလ်-itpic.moc@gmail.com
(၂) Myanmar-EU Trade Help Desk ဖုန်း- ဝ၉ ၄၃ဝ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း

### ၇-၅-၂၀၁၈ မှ ၁၃-၅-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် မြေထွက်သီးနှံများ အကျိုးပေးပါသည်။ လုပ်ငန်းခွင်နှင့်ပတ်သက်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များက အကြံဉာဏ်ကောင်းများပေးကြလိမ့်မည်။ ပညာရေးတွင်အခက်အခဲအနှောင့်အယှက်များကြောင့်ပူပန်နေရတတ်ပါသည်။ အချစ်ရေးတွင်ချစ်သူအပေါ်အထင်လွဲ၍ဆန့်ကျင်ဘက်ဖြစ်နေတတ်သည်။ ကျန်းမာရေးအနေဖြင့် ဒူးဆစ်၊ ခြေဆစ်များ၊ ခြေဖဝါးတို့တွင် ထိခိုက်ဒဏ်ရာရတတ်သည်။ **ယတြာ။ ။သံဃာတော်ကိုဆွမ်းကပ်ပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းခွင်နှင့်ပတ်သက်ပြီး ပရိဘောဂ၊ အိမ်ဆောက်ပစ္စည်းများ၊ လျှပ်စစ်ဆက်သွယ်ရေး ကိရိယာများနှင့်အကျိုးပေးပါသည်။ ပညာရေးကံကောင်းပါသည်။ လုပ်ငန်းတစ်ဖက်နှင့်ပညာရေးကိုကြိုးစားရပါမည်။ အချစ်ရေးတွင် ချစ်သူရရှိလိမ့်မည်။ ဘဝတိုးတက်ရေးအတွက် အိမ်ထောင်ဖက်နှင့်အတူကြိုးစားအားထုတ်ရမည်။ ကျန်းမာရေးတွင် အပူအားကြီး၍ဖြစ်သောရောဂါ၊ သွေးနှင့်ပတ်သက်သောရောဂါတို့ဖြစ်တတ်သည်။

**ယတြာ။ ။ဘုရားတွင်ဆီမီးတိုင်ပူဇော်ဆု တောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** အတိုက်အခံ အနှောင့်အယှက်များကြားမှ စီးပွားရေးကောင်းမွန်လာမည်။ နိုင်ငံခြား ငွေကြေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အကျိုးပေးပါသည်။ ပညာရေးတွင် ရည်ရွယ်ချက်ဆုံးဖြတ်ခိုင်မာမှု ရှိလိမ့်မည်။ အချစ်ရေးတွင် မထင်မှတ်ဘဲ စိတ်ဝင်စားသူ၊ ချစ်ရသူတွေ့မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ရောဂါကူးစက်ခံရတတ်ခြင်း၊ အပူအအေးမညီမျှမှုတို့ကြောင့် ဖြစ်တတ်သော ရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ ။ဘုရားတွင်သောက်တော်ရေကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးတွင် လူမျိုးတူ၊ ဘာသာတူတို့နှင့် အကျိုးတူလုပ်ကိုင်ရတတ်သည်။ ရေနှင့် ရေထွက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်း၊ စားသောက်ဆိုင် အကျိုးပေးအားကောင်းတတ်ပါသည်။ ဝန်ထမ်းဖြစ်ပါက ရာထူး၊ ဂုဏ်ထူးများ ရရှိမည့်ကာလဖြစ်သည်။ ပညာရေးတွင် အပေါင်းအသင်းအားပေးကူညီမှုကြောင့် အောင်မြင်မှုများရရှိနိုင်ပါသည်။ အချစ်ရေးတွင်ချစ်ဦးသူနှင့်လွဲခဲ့ရတတ်သလို အိမ်ထောင်ရေးတွင်လည်းလွဲရမလိုဖြစ်တတ်ပါသည်။ ကျန်းမာရေးအနေဖြင့်ထွေထွေထူးထူးပူပန်စရာမရှိပါ။ **ယတြာ။ ။သံဃာတော်အားသင်္ကန်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ကျောက်စိမ်း၊ ပုလဲ၊ ခရီးသွားလုပ်ငန်းများအကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးတွင် ဝီရိယကြိုးစားအားထုတ်မှုများကြောင့် ပညာရေးထွန်းပေါက်အောင်မြင်နိုင်သည်။ အချစ်ရေးတွင် အတိုက်အခံဖြစ်ပြီးမှ ချစ်သူဖြစ်ရတတ်သည်။ ကျန်းမာရေးအနေဖြင့် ရင်ဘတ်နာခြင်း၊ အသက်ရှူမဝခြင်း၊ အဆုတ်ရောဂါတို့ဖြစ်တတ်ပါသည်။ **ယတြာ။ ။သံဃာတော်အား ဖိနပ်လှူပါ။**



**သောကြာသားသမီးများအတွက်** ပို့ဆောင်ရေးလုပ်ငန်းများ၊ ကျောက်မျက်ရတနာ၊ ပတ္တမြား၊ ဆက်သွယ်ရေးလုပ်ငန်း၊ စီးပွားရေးအကျိုးပေးချိန်ဖြစ်သည်။ ပညာရေးတွင်စိတ်ပါဝင်စားသောပညာရပ်ကိုသင်ယူပါက ထူးချွန်ထက်မြက်နိုင်ပါသည်။ အချစ်ရေးတွင် လုပ်ဖော်ကိုင်ဖက်များထဲမှ ချစ်သူတွေ့ရတတ်ပါသည်။ သိက္ခာရှိသော၊ ပညာရှိသောချစ်သူဖြစ်မည်။ ကျန်းမာရေးအနေဖြင့် စိတ်ဖိစီးမှုကြောင့် ရောဂါရတတ်သည်။ **ယတြာ။ ။နှုတ်စောင့်စည်းသည့် အဓိဋ္ဌာန်ပြုပါ။**



**စနေသားသမီးများအတွက်** ဖြူစင်သော စေတနာနှင့် ရိုးသားမှုကိုသိသော ပုဂ္ဂိုလ်များ၏ အကူအညီကြောင့်ကောင်းမွန်သော အပြောင်းအလဲဖြစ်ရတတ်သည်။ စီးပွားရေးတွင် ရေနံတွင်းလုပ်ငန်း၊ ရေနံထွက်ပစ္စည်းများနှင့်ပတ်သက်သောလုပ်ငန်းများ အကျိုးဖြစ် ထွန်းမှုအားကောင်းတတ်ပါသည်။ အပေါင်းအသင်းလွဲမှားမှုကြောင့် ပညာရေးနိမ့်ကျ တတ်သည်။ အချစ်ရေးတွင် ရေရှည်ရည်မှန်းချက်ကြောင့် ရွေးရခက်နေတတ်သည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းအထိအခိုက်၊ ဦးနှောက်နှင့်အာရုံကြောတို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ဘုရားတွင် ထီး၊ တံခွန်၊ ကြက်လျှာလှူဒါန်းပါ။**

## ငွေဆောင်ကမ်းခြေသန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

ဧရာဝတီတိုင်းဒေသကြီးရှိ ငွေဆောင်ကမ်းခြေ Myanmar Treasure Hotel တွင် ငွေဆောင်ကမ်းခြေ သန့်ရှင်းသာယာလှပစေရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက်က ပြုလုပ်ခဲ့ကြောင်း ပုသိမ်မြို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန အောက်မြန်မာပြည်တာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ငွေဆောင်ကမ်းခြေ သန့်ရှင်းသာယာလှပစေရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန် ဝန်ကြီးဌာနအနေဖြင့် အမိန့်(၂/၂၀၁၇) အား ထုတ်ပြန်ထားပြီး ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများ ရှိသလို သက်ဆိုင်ရာ ဌာန အသီးသီးကလည်း သတ်မှတ်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ သာမက ဒေသန္တရအမိန့်ထုတ်ပြန်ထားချက်များလည်းရှိပြီး ၎င်းတို့ကိုဖောက်ဖျက် ကျူးလွန်ပါက ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်း၊ ငွေဆောင်ရုံးခွဲတာဝန်ခံ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့အဆင့် ဌာနဆိုင်ရာတာဝန်ခံများ၊ ငွေဆောင်ဟိုတယ်ဇုန် ဒုတိယဥက္ကဋ္ဌ၊ ဟိုတယ် အထွေထွေမန်နေဂျာနှင့် မန်နေဂျာများက ကမ်းခြေသန့်ရှင်းရေးနှင့် ပတ်သက်၍ ဈေးဆိုင်ခန်းများ၊ စက်တပ်ယာဉ်များအခြေအနေ၊ မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် အခြေအနေများ၊ အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ပြီး ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန အောက်မြန်မာပြည်တာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ် ညှိနှိုင်းပေးကာ ကမ်းခြေသန့်ရှင်းသာယာလှပစေရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဒေသရှိပြည်သူ လူထုကို အသိပညာပေးလုပ်ငန်းဆောင်ရွက်ရန်နှင့် ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းစဉ်များအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## ကချင်ပြည်နယ်က ဖရဲစိုက်တောင်သူတွေ အကျိုးများတဲ့နှစ်



လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကချင်ပြည်နယ် ဗန်းမော်၊ မိုးမောက်တစ်ဝိုက်တွင် စိုက်ပျိုးထွက်ရှိခဲ့သော ဖရဲသီးများအား ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၃၀ ရက်အတွင်း တန်ချိန် ၃၈၆၈၅ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၃၈ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး ကာလတူ ၂၀၁၇ ခုနှစ် ဧပြီလတွင် တန်ချိန် တန် ၃၃၀၆၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၄၂ သန်းသာ တင်ပို့နိုင်ခဲ့သဖြင့် ကာလတူထက် ယခုနှစ်ဧပြီလတွင် တန်ချိန် ၅၆၂၅ တန်နှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၉၆ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ဈေးနှုန်းအနေနှင့်လည်း ဖရဲအကြားသီး တစ်တန်လျှင် တရုတ်ယွမ် ၃၀၀၀ - ၃၅၀၀ ခန့်ရရှိခဲ့ပြီး ဂျပ်ဖာဖြင့်ထည့်၍ ရောင်းချသောဖရဲသီးများမှာ တစ်တန်လျှင် ယွမ် ၄၀၀၀ ခန့်အထိ ဈေးနှုန်းရရှိခဲ့ကြပါတယ်။

ဖရဲတစ်ဧကစိုက်ပျိုးလျှင် စိုက်ပျိုးစရိတ်ကျပ်သိန်း ၂၀ ခန့်ကုန်ကျပြီး အထွက်နှုန်းမှာတစ်ဧကလျှင် ၁၀ တန်မှ ၁၂ တန်ကြားထွက်ရှိတာကြောင့် ငွေလဲနှုန်းတစ်ယွမ်လျှင် မြန်မာ ငွေ ၂၀၈ ကျပ်ဖြင့် တွက်ချက်ပါက ရောင်းဈေးပျမ်းမျှ တစ်တန် လျှင် ယွမ် ၃၀၀၀ ရရှိမှာဖြစ်ပြီး မြန်မာကျပ်ငွေအားဖြင့် ကျပ် ၆၂၄၀၀၀ ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်အနည်းဆုံး တစ်ဧက လျှင် ၁၀ တန်ခန့်ထွက်ရှိသဖြင့် တစ်ဧကလျှင် ကျပ် ၆၂၄၀၀၀၀ ရရှိမည်ဖြစ်သဖြင့် ကားခ၊ လုပ်အားခ၊ အထွေထွေကုန်ကျစရိတ်များနုတ်ပါက ဖရဲစိုက်ဧက တစ်ဧကလျှင် ဖရဲစိုက်တောင်သူများအတွက် ကျပ်သိန်းလေးဆယ်ခန့် အကျိုးအမြတ်များ ရရှိခဲ့ကြတဲ့အတွက် ကချင်ပြည်နယ်က ဖရဲစိုက်တောင်သူတွေ အကျိုးအမြတ်များများရတဲ့နှစ်ဖြစ်ကြောင်း သိရှိရပါတယ်။

**LWEJELMg**

## ပုသိမ်မြို့နယ် သမဝါယမအသင်းသားပိုင် လယ်ယာမြေများအား အဆင့်မြှင့်တင်ပြုပြင်ခြင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြန်မာအောင်နှင့်ကွင်းပေါက်ကြီး စိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမ အသင်း လီမိတက်မှအသင်းသားပိုင် လယ်ယာ မြေများအားအဆင့်မြှင့်တင် ပြုပြင်ခြင်းနှင့် ပံ့ပိုးချေးငွေ ပေးအပ်ခြင်း အခမ်းအနားကို တိုက်ကြီးကုန်းကျေးရွာရှိ သမဝါယမအသင်းသား တောင်သူ ဦးစန်းမောင်၏ လယ်မြေတွင် ဧပြီ ၃၀ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါပေးအပ်ပွဲသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန်သမဝါယမ အသင်းသားပိုင် လယ်ယာမြေများအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စနစ်ကျ လယ်ယာမြေများ ဖော်ထုတ်ပေးသည့်အတွက် တောင်သူများ အထွက်နှုန်း တိုးလာမှာဖြစ်ပြီး မြေယာပြုပြင်ခြင်းကို ပထမအဆင့် ဦးစားပေး လုပ်ဆောင်ပြီးမှ ကျန်သည့်ကဏ္ဍများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိဦးမင်းခိုင်ဇော်က လယ်ယာကဏ္ဍ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား ရှင်းလင်းပြောကြားပြီး အသင်းသားနှစ်ဦး၏ လယ်ဧက ၅၀ အတွက် ပံ့ပိုးချေးငွေကျပ် သိန်း ၁၅၀ ကို ပေးအပ်ခဲ့ရာ တောင်သူတစ်ဦးက လက်ခံရယူပြီး ယခင်နှစ်က ကြက်ပေါင်ကျေးရွာနှင့် အုတ်စီကုန်း ကျေးရွာမှ အသင်းသား သုံးဦး၏ လယ်ဧက ၅၀ ကို ပြုပြင်ပေးခဲ့ပြီး ယခုနှစ်တိုက်ကြီးကုန်းကျေးရွာနှင့် ကွင်းပေါက်ကြီးရွာမှ အသင်းသားနှစ်ဦး၏ လယ်ဧက ၅၀ ကိုပြုပြင်ပေးမှာဖြစ်လို့ တိုက်ကြီးကုန်းကျေးရွာနေ တောင်သူဦးစန်းမောင်က ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**ရောမြေ (ပုသိမ်)**

## အင်္ဂမအကြိမ်မြောက် ကျင်းပမည့် အိမ်ခြံမြေအရောင်းပြပွဲတွင် ၂၅ နှစ်အထိ အရစ်ကျပေးချေနိုင်စေရန် ဘဏ်များနှင့်ချိတ်ဆက်ပေးမည်




အင်္ဂမအကြိမ်မြောက် ကျင်းပမည့် မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲတွင် ၂၅ နှစ်အထိ အရစ်ကျ ပေးချေနိုင်စေရန် ဘဏ်များနှင့် ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကို အိမ်ခြံမြေရောင်းဝယ်ငှားဝက်ဘ်ဆိုက်ဖြစ်သည့် iMyanmar House.com မှဦးစီး၍ မေလ ၁၁ မှ ၁၃ ရက်အထိ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ပြုလုပ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"နှစ်ရှည် အရစ်ကျအတွက် နှစ်အစိတ်လိုချင်ရင်တော့ အသက်အပိုင်းအခြားနည်းနည်းကြည့်ပါမယ်။ အဲဒီလူရဲ့ ကျန်းမာရေး၊ အလုပ်အကိုင် စတာတွေကို ကြည့်သလို လျှောက်ထားတဲ့ကာလ အချိန်အထိ ဝင်ငွေရှိ၊ မရှိစတာတွေကိုပါ တွက်ချက်ကြည့်ပြီး ချေးပေးမှာပါ။ သူ့ရဲ့ဝင်ငွေနဲ့ သူယူမယ့် သက်တမ်းပေါ်မူတည်ပြီး တွက်မှာပါ။ ကျန်းလည်းကျန်းမာတယ်၊ အလုပ်အကိုင်ကလည်းအဆင်ပြေတယ်ဆို အသက်ကတော့ ၆၅ နှစ်၊ ၆၈ နှစ်လောက်ထိတော့ သတ်မှတ်ပေးမှာပါ။ နှစ်ရှည်၊ နှစ်တိုအရစ်ကျဆိုတာကလည်း Customer ရဲ့ရွေးချယ်မှုပါ။ ကျွန်တော်တို့ဘက်က မသတ်မှတ်ပါဘူး"ဟု ကမ္ဘောဇဘဏ်၏ Director of Procurement ဖြစ်သူ ဦးငွေအောင်ကျော်က ပြောသည်။

အင်္ဂမအကြိမ်မြောက် အရောင်းပြပွဲတွင် ကုမ္ပဏီပေါင်း ၅၀ ကျော်မှ အထူးသက်သာသည့် နှုန်းထားများ၊ အရစ်ကျစနစ်များနှင့် ရောင်းချပေးသွားမည်ဖြစ်ပြီး အိမ်ခြံမြေဝါရင့်ဆရာများ၏ ဆွေးနွေးဟောပြောပွဲ များပါဝင်မည်ဖြစ် ကြောင်း သိရသည်။

ထို့အပြင် ကျပ်သိန်း ၂၀၀ ကျော်တိုက်ခန်းများမှ ကျပ်သိန်း ၅၀၀၊ သိန်း ၅၀၀၀ တန်ဖိုးရှိ ကွန်ဒိုများကို ရောင်းချသွားဖြစ်ပြီး လာရောက်သူများအတွက် ဖုန်းများ၊ Tablet များ၊ TV များနှင့် ကျပ်သိန်း ၅၀ တန်ဖိုးရှိ အခြားလက်ဆောင်ပစ္စည်းများကိုပါ ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## အူရီဒူးမြန်မာနှင့် Nokia တို့ ပူးပေါင်း၍ ကွန်ရက်အရည်အသွေး ကောင်းမွန်စေရန် နားလည်မှု စာချွန်လွှာရေးထိုး

အူရီဒူးမြန်မာနှင့် Nokia တို့ပူးပေါင်း၍ သုံးစွဲသူများအား အတွေ့အကြုံကောင်းများပေးအပ်နိုင်ရန် အစီအစဉ်ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်မှာ Nokia မှ အူရီဒူးကွန်ရက်ကို အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်မှုများလုပ်ဆောင်ပေးမည့်အပြင် နည်းပညာမြင့်လေ့လာဆန်းစစ်မှုနှင့်အတူ 3D Geolocation ကိရိယာများ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သုံးစွဲသူတွေကို ကမ္ဘာ့အဆင့်မီ အရည်အသွေးမြင့်ဝန်ဆောင်မှုတွေကို ပေးအပ်နိုင်ဖို့က တကယ်အရေးကြီးပါတယ်။ ဒီလိုမျိုး Nokia နဲ့ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ပိုမိုကောင်းမွန်တဲ့ အဆင့်မြင့် ဒစ်ဂျစ်တယ်ဖျော်ဖြေရေး တွေနဲ့ တချို့သော ဗီဒီယိုတိုက်ရိုက်ကြည့်ရှုခြင်းတွေ၊ ဂိမ်းကစားခြင်း စတာတွေကို အတွေ့အကြုံကောင်းပေးစွမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု အူရီဒူးမြန်မာ၏ Chief Executive Officer ဖြစ်သူ Mr.Vikram Sinha က ပြောသည်။

ထိုကဲ့သို့ ဆောင်ရွက်ပြီးပါက အရည်အသွေးမြင့် ကွန်ရက်ဖြင့် Bandwidth မြင့်သော အက်ပလီကေးရှင်းများကို သုံးထားသည့် ဗီဒီယိုများကို တိုက်ရိုက်ကြည့်ရှုနိုင်မည့်အပြင် အွန်လိုင်းဂိမ်းကစားခြင်းများကိုလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

## ကျိုက်ထီးရိုးတောင်ပေါ်ရှိ မူလတန်းလွန်ကျောင်းတွင် စာသင်ခန်း မလုံလောက်မှုများဖြစ်နေ

မွန်ပြည်နယ် ကျိုက်ထီးရိုးတောင်ပေါ်ရှိ အမကမူလတန်းလွန်ကျောင်းတွင် ပဉ္စမတန်းနှင့် ဆဋ္ဌမတန်းကျောင်းသားများအတွက် စာသင်ခန်းမလုံလောက်မှုများ ဖြစ်နေကြောင်း သိရသည်။

အဆိုပါကျောင်းတွင် KG တန်းမှ ဆဋ္ဌမတန်းအထိ ကျောင်းသားပေါင်း ၃၂၈ ယောက်ရှိသော်လည်း စာသင်ခန်းမှာ လေးခန်းသာရှိသည့်အတွက် စာသင်ခန်း မလုံလောက်မှုဖြစ်ရခြင်းဖြစ်ကြောင်း သိရသည်။

"၅ တန်းနဲ့ ၆ တန်းကျောင်းသားဦးရေက နှစ်တန်းပေါင်းကို အယောက် ၆၀ ဝန်းကျင်ရှိတယ်။ ငါးတန်းကျောင်းသား ၃၀ ဝန်းကျင်က ကျောင်းနားက မွှောရုံမှာ ခွင့်တောင်းပြီး စာသင်ရတယ်။ ၆ တန်းကျောင်းသားတွေကတော့ ကျောင်းရှေ့က မြေကွက်လပ်မှာ ဖျင်ထိုးပြီးသင်နေရတယ်။ ကလေးတွေအတွက် စာသင်ဆောင်ဆောက်ဖို့ သက်ဆိုင်ရာလူကြီးတွေကို တင်ပြထားပေမယ့် ဆောက်လုပ်ခွင့်မကျတဲ့အတွက် အခက်အခဲဖြစ်နေလို့ သက်ဆိုင်ရာလူကြီးတွေအနေနဲ့ ကူညီစေချင်တယ်"ဟု ကျောင်းအကျိုးတော်ဆောင် ကိုကျော်မင်းဦးက ပြောသည်။

"အဓိကကတော့ တောင်ပေါ်က ကလေးတွေ ပညာရေးနဲ့ပြတ်တောက်သွားမှာစိုးလို့ ဒီကျောင်းကို အဆင်ပြေစေချင်တယ်။ အရင်ကဆို မူလတန်းထိပဲ သင်ခွင့်ရပြီး ဆက်တက်ချင်ရင် တောင်အောက်မှာရှိတဲ့ ကျောင်းကိုသွားတက်ရတယ်"ဟု ၎င်းက ဆက်ပြောသည်။

ထိုကဲ့သို့ တောင်အောက်ဆင်း၍ စာသင်ကြားရသည့် ကလေးငယ်များ၏ သွားလာရေးခက်ခဲမှုများကြောင့် မူလတန်းလွန်အထိ သင်ကြားခွင့်လျှောက်ထားခဲ့ရာ ပြီးခဲ့သည့်နှစ် ၈ လပိုင်းတွင် ဆဋ္ဌမတန်းအထိ သင်ကြားခွင့်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းသည် ကျိုက်ထီးရိုးဘုရား ဂေါပကပိုင်မြေပေါ်တွင် တည်ရှိခြင်းဖြစ်ပြီး ယခင်ကကျောင်းပရဝုဏ်ကို ပေ ၈၀၊ ပေ ၁၀၀ အဖြစ်သတ်မှတ်ခဲ့သော်လည်း ယခုအခါ ဈေးဆိုင်တန်းများ တိုးပွားလာသည့်အတွက် ကျောင်းဆောင်တည်ရှိသည့်မြေနေရာမှာ ပေ ၆၀ ပေ ၉၀ သာ ကျန်ရှိတော့ကြောင်း၊ ရုံးခန်းအပါအဝင် အခန်း ၅ ခန်းသာရှိသည့်အတွက် အခန်းမလုံလောက်မှုများဖြစ်ရခြင်းဖြစ်ကြောင်း သိရသည်။

## Yum Yum မှ သတ္တမအကြိမ်မြောက် ကံထူးရှင်ရွေးချယ်ပွဲ ကျင်းပ

Yum Yum မှ သတ္တမအကြိမ် ကံထူးရှင်ရွေးချယ်ပွဲကို ဧပြီလ ၃၀ ရက်တွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပခဲ့သည်။

ရသာမှန် Yum Yum မှ ဈေးကွက်မြှင့်တင်ရေးဒုတိယဒါရိုက်တာ ဦးရဲမြတ်ထူးက "အခု မဲဖောက်ပေးတာကတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၇ ရက်နေ့က ကံထူးခဲ့ပြီး နောက်ဆုံးချိန်အထိ လာရောက်ထုတ်ယူခြင်းမရှိတဲ့ ပေါက်မဲကို ထပ်မံကံစမ်းပေးတာပါ"ဟု ပြောသည်။

သတ္တမအကြိမ်မြောက် ကံထူးရှင်ကို အထုတ်ပေါင်းသန်း(၅၀)ထဲမှ ထပ်မံကံစမ်းခဲ့တာဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင် ရဲအောင်မှ မဲနှိုက်ရွေးချယ်ခဲ့ရာ ပေါက်မဲနံပါတ် AE47P27P76 နှင့် AU17K07Y10 တို့ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ကံထူးရှင်အနေဖြင့် ပေါက်မဲနံပါတ် ပါရှိသည့် အိတ်ခွံလက်ဝယ်ရှိရမှာဖြစ်ပြီး Yum Yum ဈေးကွက်မြှင့်တင်ရေးဌာန (ဖုန်း ၀၉၈၆၃၅၂၄၇) သို့ တနင်္လာနှင့် အစိုးရရုံးပိတ်ရက်များမှအပ ရုံးချိန် မနက်၉နာရီမှ ညနေ ၅နာရီအတွင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ အဆိုပါပေါက်မဲများကို ယခုနှစ်မေလကုန်အထိ လာရောက်ထုတ်ယူခြင်းမရှိပါက နောက်ထပ်ကံစမ်းမဲတွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။




## MAB ဘဏ်နှင့် VISA တို့ ပူးပေါင်း၍ ဒေါင်လိုက်ပုံစံ Visa Credit Card ကို ပြည်တွင်း၌ ပထမဆုံးမိတ်ဆက်

MAB ဘဏ်နှင့် VISA တို့ပူးပေါင်း၍ ဒေါင်လိုက်ပုံစံ Visa Credit Card ကို ပြည်တွင်း၌ ပထမဆုံးမိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါကတ်ကို ရုရှားနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလား၏ VISA FIFA World Cup ပုံစံ ထုတ်လုပ်ထားခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၂၀၀ ကျော်တွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရ သည်။

"ဒီကတ်က သုံးစွဲသူတွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်အောင် ရည်ရွယ်ထုတ်လုပ်ထားတာပါ။ ဒီကတ်ကို သုံးတဲ့အတွက် ထူးခြားတဲ့ဝန်ဆောင်မှုတွေလည်း ရရှိမှာပါ"ဟု MAB ဘဏ်မှ တာဝန်ရှိသူ Mr. Gary Voon က ပြောသည်။

Visa Credit Card ကို Classic နှင့် Platinum ဟူ၍ နှစ်မျိုးခွဲခြားထားပြီး Classic Card လျှောက်ထားမည်ဆိုပါက လစဉ်ဝင်ငွေ အနည်းဆုံး ၂ သိန်းခွဲရှိရမည်ဖြစ်သည်။ Platinum Card လျှောက်ထားမည်ဆိုပါက လစဉ်ဝင်ငွေ ၁၅ သိန်းရှိရမည်ဖြစ်ပြီး ပရိုမိုးရှင်းကာလတွင်လည်း သတ်မှတ်ထားသည့် Dining Discount များကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကတ်လျှောက်ထားမည်ဆိုပါက လစဉ်ဝင်ငွေ၏ နှစ်ဆထုတ်ပေးမည်ဖြစ်ပြီး ၄၅ ရက်အတိုးမဲ့အသုံးပြုနိုင်မည်ဖြစ်ကာ သတ်မှတ်ရက်ကျော်လွန်ပါက အတိုးကောက်ခံသွားမည်ဖြစ်ကြောင်း၊ မကြာမီတွင်လည်း စားသောက်ဆိုင်များနှင့်ပတ်သတ်၍ AR နည်းပညာသုံးထားသည့်စနစ်တစ်ခုကို မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်း၌ VISA Card အသုံးပြုရန်အတွက် စက်တစ်သောင်းကျော်ရှိပြီဖြစ်ပြီး ထပ်မံတိုးပွားရန်အတွက် လုပ်ဆောင်နေကြောင်း သိရသည်။ ■

**ချောစု စုစည်းသည်**

# Esports ဖွံ့ဖြိုးတိုးတက်ရေးအတွက် အူရီဒူးမြန်မာနှင့် HOG Esports Center တို့ ပူးပေါင်း




မြန်မာလူငယ်များ အကြား Esports ဖွံ့ဖြိုးတိုးတက်နေမှုကို နိုင်ငံတကာအဆင့်အထိ ရောက်ရှိနိုင်အောင် ပံ့ပိုးပေးနိုင်ရန် အူရီဒူးမြန်မာနှင့် မြန်မာနိုင်ငံရှိ ပထမဦးဆုံး Esports စင်တာ HOG တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အူရီဒူးမြန်မာမှ သိရသည်။

"HOG Esports Center နဲ့ ပူးပေါင်းဆောင်ရွက်မှုက မြန်မာလူငယ်တွေကြားမှာ Esports ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတကာအဆင့်အထိ ရောက်ရှိနိုင်အောင် ပံ့ပိုးပေးနိုင်မှာပါ။ အူရီဒူးရဲ့ စီးပွားရေးသုံးဝန်ဆောင်မှု လုပ်ငန်းသုံး Dedicated ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုကနေပြီး ပေးအပ်မယ့်လိုင်းတည်ငြိမ်တဲ့ အင်တာနက် အမြန်နှုန်းနဲ့ Esports ဂိမ်းဝါသနာရှင် အားလုံးအနေနဲ့ ကိုယ်ရဲ့အောင်မြင်မှုတွေရရှိဖို့ အင်တာနက်စွမ်းအားကို ပျော်ရွှင်နှစ်ခြိုက်စွာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်"ဟု အူရီဒူးမြန်မာ၏ CEO Mr.Vikram Sinha က ပြောသည်။

ယခု HOG နှင့် ပူးပေါင်း ဆောင်ရွက်မှုမှတစ်ဆင့် အူရီဒူးသည် HOG ၏ လိုအပ်ချက်ပေါ်မူတည်ပြီး စီစဉ်ပေးထားသည့် bandwidth သုံး လုပ်ဆောင်ချက် နှင့် မြန်နှုန်းမြင့် dedicated ဖိုင်ဘာအင်တာနက်တို့ကို အထူးဈေးနှုန်းထားဖြင့် ဝန်ဆောင်မှုပေးအပ်သွားမည်ဖြစ်ပြီး အူရီဒူးအနေဖြင့် ထုတ်ကုန်ရောင်းချရန်နှင့် ဝန်ဆောင်မှုပံ့ပိုးပေးနိုင်ရန် HOG Esports Center တွင် ဆိုင်ခန်းတစ်ခု ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

HOG သည် ၂၀၁၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံတွင် ပထမဦးဆုံးနှင့် အကြီးဆုံး အပြည်ပြည်ဆိုင်ရာ Esports စင်တာဖြစ်ပြီး တစ်ဦးချင်းပြိုင်ပွဲများ၊ လူအများစုပေါင်း ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲများနှင့် ပွဲတော်များ အစရှိသည့် အစီအစဉ်များဖြင့် မြန်မာ့ Esports ကဏ္ဍကို တိုးတက်ရန် ဆောင်ရွက်နေပြီး အပြည်ပြည်ဆိုင်ရာ Esports ပြိုင်ပွဲများကို ကျင်းပနိုင်သည်အထိ နေရာနှင့် လိုအပ်သော ဝန်ဆောင်မှု ရရှိနိုင်ကြောင်း သိရသည်။

# ဈေးဆိုင်ရှင်များ အွန်လိုင်းမှတစ်ဆင့် ဈေးရောင်းနိုင်ရန် Barlolo.com ကူညီမည်

ရပ်ကွက်များ၊ ဈေးများအတွင်း ဆိုင်ခန်းဖွင့်လှစ်ကာ အရောင်းအဝယ် ပြုလုပ်သည့် ကုန်သည်များအတွက် အွန်လိုင်းမှတစ်ဆင့် အဆင်ပြေလွယ်ကူစွာ ဈေးရောင်းချနိုင်ရန်အတွက် ကုန်ပစ္စည်း အမျိုးအမည်များတင်ပေးခြင်း၊ ငွေပေးချေမှုနှင့် ကုန်ပစ္စည်းပို့ဆောင်သည့် ဝန် ဆောင်မှုတို့ကို ထောက်ပံ့ပေးခြင်းတို့ဖြင့် Barlolo.com(ဘာလိုလို)မှ ဖန်တီးကူညီပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဆိုင်ခန်းလေးထဲမှာတင် ထိုင်ရောင်းနေတဲ့ ကုန်သည်တွေဟာ သူတို့ ဈေးဆိုင်နားကိုလာတဲ့ဈေးဝယ်သူတွေကိုပဲ ရောင်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က သူတို့ထုတ်ကုန်တွေကို နိုင်ငံအနှံ့ရောင်းချနိုင်ဖို့ပေးမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒ့ါအပြင်ကုန်ပစ္စည်းပို့ဆောင်ပေးတာနဲ့ ငွေပေးချေတာတွေမှာလည်း ကူညီနေပါတယ်။ ဆိုင်ခန်းငှားရမ်းခနှင့် အခြားကုန်ကျစရိတ် မြင့်မားနေတာက အဓိကပြဿနာဖြစ်နေလို့ ဒီအခက်အခဲကို အွန်လိုင်းနည်းပညာအသုံးပြုဖြေရှင်းနိုင်ဖို့ ဖြစ်ပါတယ်"ဟု Barlolo.com ၏ Sale Lead ကိုမင်းမင်းက ပြောသည်။

မိုဘိုင်းဖုန်းနှင့် အင်တာနက်သုံးစွဲမှု အလျင်အမြန်တိုးတက်နေသည့် မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုကာ ဈေးရောင်းဈေးဝယ်ပြုလုပ်ခြင်းဖြင့် လူမှုဘဝများ ပိုမိုတိုးတက်လာစေခြင်း၊ စီးပွားရေးလုပ်ငန်းစတင်လုပ်ကိုင်သူများအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်စေခြင်း၊ ပြည်တွင်းဈေးရောင်းချသူများနှင့် သုံးစွဲသူများအကြား ပိုမိုချိတ်ဆက်မိစေခြင်း၊ ဈေးဝယ်ယူသူများအတွက်လည်း အင်တာနက်မှတစ်ဆင့် လိုအပ်သောကုန်ပစ္စည်းများကို အစုံလင်ဆုံးရရှိနိုင်ပြီး လုံခြုံစိတ်ချစွာ ငွေပေးချေနိုင်ရန်နှင့် ဝယ်ယူသည့် ကုန်ပစ္စည်းကို ထိခိုက်ပွန်းပဲ့ခြင်းမရှိဘဲ လက်ခံရရှိနိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဧပြီလမှ စတင်ထုတ်လွှင့်ခဲ့သည့် Barlolo.com မှာ အခမဲ့ အွန်လိုင်းဈေးရောင်းဈေးဝယ် ဝက်ဘ်ဆိုဒ်ဖြစ်ပြီး လက်ရှိအချိန်တွင် ဝက်ဘ်ဆိုဒ်ပေါ်၌ ရောင်းချနေသည့် ကုန်သည်ပေါင်း ၁၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

# ငါးကြိမ်မြောက် Food & Hotel Myanmar 2018 ပြုလုပ်မည်




ငါးကြိမ်မြောက် မြန်မာနိုင်ငံ အစားအစာနှင့် ဧည့်ခံကြိုဆိုရေး ထုတ်ကုန်များဆိုင်ရာ နိုင်ငံတကာပြပွဲ (Food & HotelMyanmar 2018) ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MEPခန်းမ၌ ဇွန် ၆ ရက်မှ ၈ရက်တို့တွင် မနက် ၁၀နာရီမှ ညနေ၆နာရီထိပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲတွင် နိုင်ငံတကာမှ အစားအသောက်နှင့် ဧည့်ခံကြိုဆိုရေးဆိုင်ရာကုမ္ပဏီ ၂၀၀ ကျော်တို့မှ နောက်ဆုံးပေါ် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကိုတင်ဆက်ပြသသွားမည်ဖြစ်သည့်အပြင် ကိုရီးယား၊ စင်ကာပူ၊ တူရကီနှင့် အမေရိကန်တို့မှ နိုင်ငံတကာ ပြခန်းလေးခန်းကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်က ကမ္ဘာလှည့်ခရီးသည် သုံးသိန်းကျော်လောက် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့တာကို တွေ့ရလို့ အနာဂတ်မှာ မြန်မာ့ခရီးသွားလုပ်ငန်းဟာ တိုးတက်လာမှာဖြစ်ပါတယ်။ အထူးသဖြင့်ဧည့်ခံကြိုဆိုရေး၊ စားသောက်ဆိုင်များ၊ ဝန်ဆောင်မှုနဲ့ အခြားကမ္ဘာလှည့်ခရီးသွားအခြေပြုလုပ်ငန်းတွေလည်း မကြာမီတိုးတက်လာဖို့ရှိပါတယ်။ အခုပြပွဲကနေတစ်ဆင့် ကမ္ဘာတစ်လွှားက အစားအစာနှင့် ဧည့်ခံကြိုဆိုရေးဆိုင်ရာ လုပ်ငန်းရှင်များကို ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ပေးနိုင်မှာလည်းဖြစ်ပါတယ်"ဟု ပြပွဲကိုစီစဉ်သည့် UBM Myanmar ၏ အထွေထွေမန်နေဂျာ Mr. Fraser Hawkes က ပြောသည်။

Food & Myanmar 2018 ပြပွဲနှင့်အတူ 5th Myanmar Culinary Arts Competition 2018 ဟင်းချက်ပြိုင်ပွဲ၊ 5th Myanmar National Barista Championship 2018 ပြိုင်ပွဲ၊ အစားအစာ၊ ဧည့်ခံကြိုဆိုမှုနှင့် အစားအစာသိပ္ပံဆိုင်ရာကျွမ်းကျင်သူများက ဗဟုသုတရရှိစေရန်အတွက် 5th FoSTAM Food Safety Seminar & Quiz Bowl၊ ကော်ဖီဆိုင်ရာ ဗဟုသုတများရရှိစေနိုင်မည့် Introduction to Latte Art by Sithar အခမ်းအနားနှင့် Butchery Master Class အလုပ်ရုံဆွေးနွေးပွဲကိုပါ ထည့်သွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# ဒုတိယအကြိမ်မြောက် 'ချစ်မေတ္တာဖြင့် ချက် မေမေ့အတွက်' ဟင်းချက်ပြိုင်ပွဲ ကျင်းပ

ကမ္ဘာ့စားသောက်ကုန်အမှတ်တံဆိပ်ဖြစ်သည့် Maggi မှ စီစဉ်ပြုလုပ်သော 'ချစ်မေတ္တာဖြင့်ချက် မေမေ့အတွက်' ဟင်းချက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ရှိ City Mall တွင် မေလ ၁ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ယခုဟင်းချက်ပြိုင်ပွဲကို မိခင်များနေ့အထိမ်းအမှတ်အနေဖြင့် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး အိမ်ရှင်မများအနေဖြင့် သူတို့မိခင်များအတွက် အမှတ်တရအခိုက်အတန့်များနှင့် ချစ်မေတ္တာများကို ယခုဟင်းချက်ပြိုင်ပွဲမှတစ်ဆင့် နှစ်စဉ်ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

'မိသားစုအတွက်ချက်ပြုတ်တယ်ဆိုတာ မြန်မာအိမ်ရှင်မတွေအတွက် အများကြီးအဓိပ္ပာယ်လေးနက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ချက်ပြုတ်တဲ့အခါ အချစ်တွေ၊ ဂရုစိုက်မှုတွေ၊ အချိန်တွေအားလုံးပေးပြီး ချက်ကြလို့ပါ။ မြန်မာအိမ်ရှင်မတွေ ချက်ပြုတ်ရာမှာ ပိုမိုအရသာရှိပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့၊ အာဟာရပြည့်ဝတဲ့ ချက်ပြုတ်မှုပုံစံဖြစ်စေရေး ဗဟုသုတတွေ မြှင့်တင်ပေးနိုင်ဖို့ ကျွန်တော်တို့ Maggi အနေနဲ့ အမြဲတမ်းအစီအစဉ်ချမှတ် လုပ်ဆောင်သွားမှာဖြစ်သလို လာမယ့်နှစ်တွေမှာလည်း ပိုမိုကောင်းမွန်တဲ့ အစီအစဉ်တွေနဲ့ မိခင်များနေ့ကို ဂုဏ်ပြုသွားမှာဖြစ်ပါတယ်"ဟု Nestle Myanmar ၏ Senior Marketing Manager ဖြစ်သူ Ivy Tan Link Cheh က ပြောသည်။

'ချစ်မေတ္တာဖြင့်ချက် မေမေ့အတွက်' ဟင်းချက်ပြိုင်ပွဲတွင် ပထမဆုရရှိသူကို ဆုငွေကျပ် ၁၅ သိန်း ချီးမြှင့်ခဲ့ပြီး နှစ်သိမ့်ဆုများအတွက် ဆုငွေကျပ် တစ်သိန်းစီ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မိခင်များအနေဖြင့် မီးဖိုချောင်တွင် ချက်ပြုတ်ရာ၌ ကျန်းမာရေးနှင့် ညီညွတ်သောဟင်းလျာများကို ချက်ပြုတ်နိုင်ရန် 'မနက်ဖြန်ဘာချက်ကြမလဲ' အစီအစဉ်ကိုလည်း ပြုလုပ်ပေးခဲ့သည်။

# Huawei အမှတ်တံဆိပ်သစ် စတင်မိတ်ဆက်

Huawei Device Myanmar သည် ကမ္ဘာတစ်ဝှမ်း၌ ပြောင်းလဲသုံးစွဲသွားမည့် အမှတ်တံဆိပ်အသွင်သစ်ကို ၂၀၁၈ ခုနှစ် မေလ ၁ ရက်နေ့က ရန်ကုန်မြို့ Junction City ၌ ကျင်းပပြုလုပ်သည့် New Huawei Roadshow ၌ စတင်မိတ်ဆက်ပေးခဲ့ကြောင်းသိရသည်။

"ကျွန်မတို့အနေနဲ့ သုံးစွဲသူတွေဆီ ရောက်ရှိဖို့နဲ့ မြန်မာနိုင်ငံမှာရှိတဲ့ သုံးစွဲသူတွေကို အရည်အသွေးမြင့်မားတဲ့ အတွေ့အကြုံတွေ အစဉ်မပြတ် ယူဆောင်လာနိုင်ဖို့ ကြိုးစားနေပါတယ်။ ကျွန်မတို့ရဲ့ ထုတ်ကုန်အမှတ်တံဆိပ်အသစ်ရဲ့ အဓိပ္ပာယ်ကတော့ ဒီဇိုင်းနှင့် တီထွင်ဆန်းသစ်မှုကို ကိုယ်စားပြုပြီး ရှေ့ဆက်သွားမယ့်ခရီးမှာ ကျွန်မတို့ရဲ့ နည်းပညာကျွမ်းကျင်မှုတွေကို အကောင်းဆုံးအသုံးချပြီး ခေတ်မီဆန်းသစ်တဲ့ထုတ်ကုန်တွေကို သင့်တင့်မျှတတဲ့ဈေးနှုန်းတွေနဲ့ ထုတ်လုပ်ရောင်းချပေးသွားဖို့ ရည်ရွယ်ပါတယ်" ဟု Huawei Device Myanmar ၏ Marketing Director မခင်ရတနာဝင်းက ပြောသည်။

Huawei သည် စွမ်းဆောင်ရည် ပိုမိုမြင့်မားပြီး တီထွင်ဆန်းသစ်မှု၊ သုံးစွဲသူဗဟိုပြုထုတ်ကုန်များကို ထုတ်လုပ်တတ်မှု စသည်တို့ကို ကိုယ်စားပြုမည့် အမှတ်တံဆိပ်အသွင်သစ်အကြောင်း ရှင်းလင်းတင်ပြပြီး လက်ရှိဈေးကွက်ထဲတွင် ရောင်းအားအကောင်းဆုံး Nova 3e၊ Y series မျိုးဆက်သစ်ထုတ်ကုန်များ ဖြစ်သည့် Y9(2018) နှင့် Y7 Pro (2018) တို့ကိုရောင်းချကြောင်း သိရသည်။

ထို့ပြင် New Huawei Roadshow ၌ Huawei Myanmar ၏ Brand Endorser ဖြစ်သူ မယ်ရီ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် စိတ်လှုပ်ရှားဖွယ် ဂိမ်းအစီအစဉ်များ၊ ဝယ်ယူအားပေးသူများအတွက် စမတ်ဖုန်းများအပါအဝင် အခြားသော ဆုလက်ဆောင် ၂၀ ကျော် ပါဝင်သော ကံစမ်းမဲအစီအစဉ်ကိုလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

သန်းထိုက်အောင်-စုစည်းတင်ပြသည်



## မြို့ကြီးများ၏ ၇-၅-၂၀၁၈ မှ ၁၁-၅-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | ၇-၅ -၂၀၁၈(တနင်္လာ) | ၈-၅-၂၀၁၈(အင်္ဂါ) | ၉-၅-၂၀၁၈(ဗုဒ္ဓဟူး) | ၁၀-၅-၂၀၁၈(ကြာသပတေး) | ၁၁-၅-၂၀၁၈(သောကြာ) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့်<br>၃၉°C/၁၀၂°F | နေသာ<br>၄၀°C/၁၀၄°F | နေသာ<br>၄၁°C/၁၀၅°F | နေသာ<br>၄၀°C/၁၀၄°F | တိမ်အသင့်အတင့်<br>၃၈°C/၁၀၁°F |
| ရန်ကုန်မြို့ | ၂၀%<br>၃၇°C/၉၈°F | ၄၀%<br>၃၇°C/၉၉°F | တိမ်အသင့်အတင့်<br>၃၈°C/၁၀၀°F | ၃၀%<br>၃၇°C/၉၉°F | တိမ်အသင့်အတင့်<br>၃၆°C/၉၆°F |
| မန္တလေးမြို့ | တိမ်အသင့်အတင့်<br>၃၇°C/၉၈°F | တိမ်အသင့်အတင့်<br>၃၈°C/၁၀၀°F | တိမ်အသင့်အတင့်<br>၃၈°C/၁၀၁°F | တိမ်အသင့်အတင့်<br>၃၉°C/၁၀၂°F | နေသာ<br>၃၈°C/၁၀၀°F |
| မြစ်ကြီးနား | ၈၀%<br>၃၀°C/၈၆°F | ၅၀%<br>၃၀°C/၈၆°F | ၂၀%<br>၃၄°C/၉၃°F | ၅၀%<br>၃၅°C/၉၅°F | တိမ်အသင့်အတင့်<br>၃၄°C/၉၃°F |
| လားရှိုး | ၈၀%<br>၂၉°C/၈၅°F | တိမ်အသင့်အတင့်<br>၃၁°C/၈၈°F | တိမ်အသင့်အတင့်<br>၃၃°C/၉၂°F | တိမ်အသင့်အတင့်<br>၃၃°C/၉၂°F | နေသာ<br>၃၃°C/၉၁°F |
| ကျိုင်းတုံ | နေသာ<br>၃၃°C/၉၁°F | နေသာ<br>၃၄°C/၉၃°F | နေသာ<br>၃၅°C/၉၅°F | နေသာ<br>၃၅°C/၉၅°F | တိမ်အသင့်အတင့်<br>၃၃°C/၉၂°F |
| လွိုင်ကော် | နေသာ<br>၃၃°C/၉၂°F | နေသာ<br>၃၅°C/၉၅°F | နေသာ<br>၃၄°C/၉၃°F | နေသာ<br>၃၄°C/၉၄°F | တိမ်အသင့်အတင့်<br>၃၂°C/၈၉°F |
| တောင်ကြီး | နေသာ<br>၁၉°C/၆၆°F | နေသာ<br>၂၃°C/၆၂°F | ၂၀%<br>၂၀°C/၆၈°F | ၂၀%<br>၁၈°C/၅၉°F | တိမ်အသင့်အတင့်<br>၁၁°C/၅၆°F |
| မော်လမြိုင် | ၃၀%<br>၃၁°C/၈၇°F | တိမ်အသင့်အတင့်<br>၃၁°C/၈၈°F | ၉၀%<br>၃၂°C/၈၉°F | ၄၀%<br>၃၁°C/၈၈°F | တိမ်အသင့်အတင့်<br>၃၁°C/၈၆°F |
| ဘားအံ | နေသာ<br>၂၆°C/၇၉°F | နေသာ<br>၂၆°C/၇၈°F | တိမ်အသင့်အတင့်<br>၂၆°C/၇၉°F | တိမ်အသင့်အတင့်<br>၂၆°C/၇၉°F | တိမ်အသင့်အတင့်<br>၂၆°C/၇၉°F |
| ထားဝယ် | နေသာ<br>၃၈°C/၁၀၀°F | နေသာ<br>၃၉°C/၁၀၂°F | တိမ်အသင့်အတင့်<br>၃၉°C/၁၀၃°F | တိမ်အသင့်အတင့်<br>၃၉°C/၁၀၃°F | တိမ်အသင့်အတင့်<br>၃၇°C/၉၉°F |
| မုံရွာ | တိမ်အသင့်အတင့်<br>၃၈°C/၁၀၀°F | တိမ်အသင့်အတင့်<br>၃၉°C/၁၀၂°F | တိမ်အသင့်အတင့်<br>၃၉°C/၁၀၃°F | တိမ်အသင့်အတင့်<br>၃၉°C/၁၀၃°F | နေသာ<br>၃၈°C/၁၀၁°F |
| ပုသိမ် | နေသာ<br>၃၅°C/၉၅°F | တိမ်အသင့်အတင့်<br>၃၆°C/၉၆°F | ၂၀%<br>၃၆°C/၉၇°F | တိမ်အသင့်အတင့်<br>၃၆°C/၉၆°F | တိမ်အသင့်အတင့်<br>၃၅°C/၉၅°F |
| မြိတ် | ၄၀%<br>၃၀°C/၈၇°F | ၃၀%<br>၃၀°C/၈၆°F | ၄၀%<br>၃၀°C/၈၆°F | ၈၀%<br>၃၀°C/၈၆°F | တိမ်အသင့်အတင့်<br>၂၉°C/၈၅°F |
| စစ်တွေ | တိမ်အသင့်အတင့်<br>၃၁°C/၈၈°F | တိမ်အသင့်အတင့်<br>၃၂°C/၈၉°F | တိမ်အသင့်အတင့်<br>၃၂°C/၈၉°F | တိမ်အသင့်အတင့်<br>၃၂°C/၈၉°F | နေသာ<br>၃၂°C/၈၉°F |
| မကွေး | နေသာ<br>၄၁°C/၁၀၅°F | နေသာ<br>၄၁°C/၁၀၆°F | နေသာ<br>၄၁°C/၁၀၆°F | နေသာ<br>၄၂°C/၁၀၇°F | နေသာ<br>၄၁°C/၁၀၅°F |
| ဖလမ်း | ၄၀%<br>၂၇°C/၈၀°F | ၃၀%<br>၂၇°C/၈၀°F | ၂၀%<br>၂၈°C/၈၂°F | ၂၀%<br>၂၈°C/၈၃°F | နေသာ<br>၂၈°C/၈၂°F |

# အိန္ဒိယအရှေ့မြောက် ဒေသတွင် မုတ်သုံအကြို မိုးများစတင်ရွာသွန်း

လောလောဆယ်တွင် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ၌ အခါအားလျော်စွာ မုတ်သုံအကြိုမိုးများရွာသွန်းလျက်ရှိပြီး မိုးသည်းထန်မှုပမာဏမှာလည်း အမျိုးမျိုးရှိနေကြောင်း Skymet Weather ဝက်ဘ်ဆိုက်သတင်းတွင် မေ ၃ ရက်က ဖော်ပြသည်။ ယင်းသို့ရွာသွန်းလျက်ရှိသောမိုးနှင့် လျှပ်စစ်များက လာမည့်ရက်များတွင် ရာသီဥတုသာယာမည့်အခြေအနေများကို ညွှန်ပြနေကြောင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထို့နောက်ပိုင်းတွင်မိုးက ပိုမိုသည်းထန်လာမည့်အခြေအနေရှိနေသည်။ အနောက်ဘင်ဂေါနှင့် ထို ဒေသနှင့် နီးစပ်ရာဒေသများတွင် ဆိုင် ကလုန်းမုန်တိုင်းဖြစ်ပေါ်ခြင်းနှင့် မဏိပူရဒေသအထိ လေဖိအားနည်း ရပ်ဝန်းများ ဖြစ်ပေါ်ခြင်းတို့ကြောင့် ယခုကဲ့သို့ မိုးသည်းထန်မှုများဖြစ်ပွားလာနိုင်ခြင်းဖြစ်သည်။

ထိုသို့ဖြစ်ပေါ်ပြီးနောက်ပိုင်းတွင် ဒေသတွင်းရှိနေရာအနှံ့အပြားတွင် မိုးကောင်းစွာရမည့်လက္ခဏာရှိပြီး အချို့သောဒေသများတွင် စံချိန်တင်သည်ထိ မိုးသည်းထန်လာနိုင်သည်။ မိုးများရွာသွန်းခြင်းနှင့်အတူ လေပြင်းများ၊ မိုးသက်မုန်တိုင်းများနှင့် မိုးကြိုးမုန်တိုင်းများတိုက်ခတ်နိုင်သည်။ ဤ မုတ်သုံအကြို မိုးများ ပြင်းထန်စွာရွာသွန်းမှုကြောင့် အာသံဒေသအနောက်ပိုင်း၊ နာဂလင်း၊ မဏိပူရ၊ မီဇိုရမ်နှင့် ထရိုင်ပူရတို့တွင် မိုးပိုမိုများပြားမည့် လက္ခဏာရှိသည်။

Skymet Weather မိုးလေဝသဌာန၏အဆိုအရ မိုးများသည်ဧပြီနှင့် နှိုင်းယှဉ်ပါက မေလတွင် ပိုမိုပြင်းထန်စွာ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ ဆိုင်ကလုန်းမိုးရွာသွန်းမှုကို ဘင်္ဂလားဒေ့ရှ် သို့မဟုတ် ဟိမဝန္တာဒေသအနောက် ဘင်ဂေါနှင့် ဆစ်ကင်ဒေသတို့တွင်ဖြစ်ပွားတတ်သည်။ ဤအခြေအနေမျိုးသည် မုတ်သုံအကြိုကာလ တစ်လျှောက်လုံးတွင် အရှေ့နှင့် အရှေ့မြောက်အိန္ဒိယဒေသများကို ဆက်လက်ဒုက္ခပေးနိုင်သည်။ ဤအခြေအနေက ဘင်္ဂလားပင်လယ်အော်မှ စိုထိုင်းသောလေများဝင်လာအောင် ဆွဲဆောင်မှုရှိပြီး ရံဖန်ရံခါမိုးများရွာစေနိုင်သည်။ လောလောဆယ်တွင် အလားတူရာသီ ဥတုအခြေအနေမျိုးဒေသတွင်း၌ ဖြစ်ပေါ်လျက်ရှိသည်။

**ဉာဏ်တင်**

# ရာသီဥတုရန်ပုံငွေရရှိမှု အလွန်နည်းကြောင်း ကုလသမဂ္ဂကပြော

ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်ရန် ကမ္ဘာတစ်ဝန်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အလွန်နည်းလွန်းကြောင်းနှင့် ဟာရီကိန်းမုန်တိုင်းဒဏ် ကာကွယ်ရန် ထိုးဆောင်း၍ လမ်းလျှောက်နေသည်နှင့်တူကြောင်း ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြီးအကဲပက်ထရစ်ရှာ အက်စ်ပီနိုဆာက မေ ၂ ရက်တွင်ပြောကြားချက်ကို ရိုက်တာသတင်းတွင်ဖော်ပြသည်။

လူတို့ပြုလုပ်သော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ဆက်နွယ်နေသော မုန်တိုင်းများ၊ မိုးခေါင်ခြောက်သွေ့မှုများနှင့် ရေလွှမ်းမိုးမှုများက ကမ္ဘာ့တည်ငြိမ်မှုကို ခြိမ်းခြောက်လျက်ရှိကြောင်း နိုင်ငံပေါင်း ၂၀၀ နီးပါး တက်ရောက်ပြီး ဂျာမနီနိုင်ငံတွင်ကျင်းပသောအစည်းအဝေးတွင် မက္ကဆီကိုနိုင်ငံခြားဝန်ကြီးဟောင်း အက်စ်ပီနိုဆာက တက်ရောက်လာသော ကိုယ်စားလှယ်များကို ပြောသည်။

ရုပ်ကြွင်းလောင်စာသုံးစွဲမှုမှ ပိုမိုသန့်ရှင်းသော စွမ်းအင်ကိုပြောင်းလဲသုံးစွဲပြီး ကမ္ဘာကြီးပူနွေးမှုကို ထိန်းချုပ်ရန်နှင့် ပြင်းထန်သော ရာသီဥတု အခြေအနေများကြောင့် ဖြစ်ပေါ်သောထိခိုက်မှုများမှ ကာကွယ်ရန်ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆောင်ရွက်ရန် ၎င်းကတိုက်တွန်းသည်။

"လက်ရှိရထားတဲ့ ရန်ပုံငွေနဲ့ ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်ဖို့ကြိုးစားတာက အဆင့် ၅ ရှိဟာရီကိန်းမုန်တိုင်းကြီးကို ကြံ့ကြံ့ခံနိုင်ဖို့ထီးဆောင်းလမ်းလျှောက်သလိုဖြစ်နေပါတယ်"ဟု ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

"ကျွန်မတို့ပြောရမှာက ဒေါ်လာထရီလီယံချီပြီးပြောရမှာကို အခုတော့ ဒေါ်လာသန်းလောက်၊ ဘီလီယံလောက်ပဲ ပြောနေကြတယ်။ ရာသီဥတု ပြင်းထန်လို့ဖြစ်ရတဲ့ ဂယက်က ကသောင်းကနင်းတွေဖြစ်အောင် ဖန်တီးပြီးနေပါပြီ"ဟု ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု အထွေထွေအတွင်းရေးမှူးရုံး အကြီးအကဲ အက်စ်ပီနိုဆာက ပြောသည်။

ဂျာမနီနိုင်ငံဘွန်းမြို့တွင် ဧပြီ ၃၀ ရက်မှ မေ ၁၀ ရက်အထိ ကျင်းပလျက်ရှိသော အစည်းအဝေးသို့ ရောက်ရှိလာသော နိုင်ငံများသည် ၂၀၁၅ ခုနှစ် ပဲရစ် သဘောတူစာချုပ်စည်းမျဉ်းအသေးစိတ်ကို ရေးဆွဲရန် ဆွေးနွေးလျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် အပြီးသတ်နိုင်အောင် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကမ္ဘာကြီးပူနွေးမှုကန့်သတ်ရန်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်လျက်ရှိသည်။

**ဉာဏ်တင်**

## တောင်ကြီးမြို့တွင် ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ (၁/၂၀၁၈-၂၀၁၉) အစည်းအဝေးကို တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ဧပြီ၂၇ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိ ပါသည်။

အဆိုပါ အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးစိုးညွှန့်လွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက တောင်ကြီးမြို့တွင် ကုန်စုံဆိုင်ပိုင်ရှင်က သက်တမ်းလွန် ရောင်းချထားသော ကုန်စည်၏ တန်ဖိုးငွေကို ဝယ်ယူသူအား ပြန်လည်ပေးအပ်ပြီး လက်ကျန်ကုန်စည်ကို လာရောက်အပ်နှံခြင်း ကိစ္စကိုလည်းကောင်း၊ စစ်ဆေးခဲ့သော ဆီစက်များမှ ဆီအရည်အသွေး သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော ဆီစက်များကိစ္စကိုလည်းကောင်း၊ တောင်ကြီးခရိုင်အတွင်း ဈေးကွက် စစ်ဆေးခြင်းကိစ္စများကို လည်းကောင်း၊ ကျိုင်းတုံခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုလည်းကောင်း၊ ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ စားသုံးရန် မသင့်သော ကုန်ပစ္စည်းများ သိမ်းဆည်း ဖျက်ဆီးခဲ့မှု အခြေအနေများကို လည်းကောင်း၊ တောင်ကြီး-ရန်ကုန် သွားခရီးသည် ယာဉ်လိုင်းကားအပေါ် အနံ့ပျောက်ဆေးများ တရားလွန်သုံးစွဲမှုကြောင့် စားသုံးသူမှတိုင်ကြားချက်အပေါ် ဖြေရှင်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ လားရှိုးခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က လုံခြုံ စိတ်ချရမှုမရှိသော ကုန်ပစ္စည်းများကို သိမ်းဆည်း ဖျက်ဆီးခဲ့ခြင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အတွင်း ဇန်နဝါရီလမှ မတ်လအထိ စားသုံးသူ အကာအကွယ်ပေးရေး လှုပ်ရှားမှုများနှင့် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့အစည်းအဝေးကျင်းပမှုများအားလည်းကောင်း ဆွေးနွေးခဲ့ပါသည်။



ထို့နောက် ရှမ်းပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝေဝေနှင်းက တောင်ကြီးခရိုင် ကလော၊ ပင်လောင်း၊ ဟိုပုံးမြို့နယ်များရှိ မျိုးအာလူး၊ မျိုးစေ့၊မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များအား စိုက်ပျိုးရေး ဦးစီးဌာနနှင့် မြို့နယ်အဆင့် သက်ဆိုင်ရာ ဦးစီးဌာနများဖြင့် ပူးပေါင်းကွင်းဆင်း စစ်ဆေးရာ တွေ့ရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလဲ့ကလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာနေလင်းကလည်းကောင်း၊ ဆီလုပ်ငန်းရှင်များ အသင်းဒုတိယ ဥက္ကဋ္ဌ ဦးမျိုးနိုင်က လည်းကောင်း၊ စားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဇော်က လည်းကောင်း အသီးသီး ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်မှ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **စောမောင်(တောင်ကြီး)**

## ပခုက္ကူမြို့ မြို့မဈေးတွင် စားသုံးသူရေးရာဦးစီးဌာနနှင့် FDA တို့ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ပခုက္ကူမြို့၊ မြို့မစည်ပင်သာယာဈေး၊ဈေးတာဝန်ခံရုံးတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA)နှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်ဦး ဦးဆောင်သော ဝန်ထမ်းများ ပူးပေါင်း၍ မေ ၂ ရက်က မြို့မဈေးအတွင်း၌ ဈေးသူ၊ ဈေးသားများ၊ ကုန်စုံဆိုင်ရှင်များ၊ ငါးပိ/ငါးခြောက်ဆိုင်ရှင်များ၊ လက်ဖက်နှင့်အကြော်စုံ ဆိုင်ရှင်များနှင့် စားသုံးသူ မိဘပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ဒေါ်အေးမြတ်မိုးက ခွင့်မပြုဆိုးဆေးများ ပါဝင်သည့် တားမြစ် စားသောက်ကုန်များစာရင်းကို တက်ရောက်လာသော ဈေးသူ၊ ဈေးသားများအားပေး၍ ရှင်းလင်းခဲ့ကြောင်း၊ မိမိတို့ဌာနသည် ဈေးကွက်အတွင်းမှအစားအသောက်၊ ဆေးဝါး၊ ရေကို နမူနာအဖြစ်ဝယ်ယူ၍ ဓာတ်ခွဲစမ်းသပ်ခဲ့ကြောင်း၊ ဓာတ်ခွဲခန်းသည် မိမိတို့ခရိုင်အတွင်း၌ မရှိသောကြောင့်စမ်းသပ်၍မရဘဲ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၌သာ ရှိသောကြောင့် စမ်းသပ်ချိန် ကာလသည် အချိန်အားဖြင့် တစ်လခွဲ၊ နှစ်လခန့် ကြာမြင့်ကြောင်း၊ တားမြစ်ထားသော ကုန်ပစ္စည်းများကို တွေ့ရှိပါက မိမိတို့ဌာနမှ သက်ညှာမည် မဟုတ်ဘဲ သိမ်းဆည်းမည်ဖြစ်ကြောင်း၊ ဆွေးနွေးဟောပြောပွဲခေါ် လျှင်လည်း တက်ကြွစွာ လာရောက်ခြင်း မရှိသည်ကိုတွေ့ရကြောင်း၊ အစည်းအဝေး မတက်ရ၍ တားမြစ်အစားအသောက်များကို မိမိတို့မရလိုက်သောကြောင့် မသိဟု ပြောဆိုလျှင် လက်ခံမည်မဟုတ်။ ယခုဆိုလျှင် ပခုက္ကူမြို့အတွင်းရှိ ချိုချဉ်၊ သကြားလုံး လုပ်ငန်းရှင်များပင်လျှင် မှတ်ပုံတင်လာရောက်ပြုလုပ်သည်ကို တွေ့ရှိရကြောင်း၊ လုပ်ငန်းရှင်များကိုလည်း ဆွေးနွေးပွဲများ မကြာမကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့စုံဖြင့် စစ်ဆေးသည့်အခါ ရောင်းချသောဆိုင်များနှင့်သာ တိုက်ရိုက်ဆက်ဆံရသောကြောင့် သက်တမ်းကုန်ဆုံးသော ရက်များထည့်ပေးရန် လုပ်ငန်းရှင်များကိုတစ်ဆင့်ပြောကြားပေးစေလိုကြောင်း၊ ရက်လွန်နေသော အစားအစာများကို လုပ်ငန်းရှင်များမှ ပြန်လည်လဲလှယ်ပေး၍ သီးခြားခွဲ၍ ထားစေလိုကြောင်း၊ စားသုံးသူ လက်ထဲသို့ မရောက်စေလိုကြောင်း၊ ဈေးသူ၊ ဈေးသားများအနေဖြင့် စေတနာထားရောင်းချသင့်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦးက မိမိတို့ဌာနမှလည်း စားသုံးရန်မသင့် အစားအသောက်များကို အဖွဲ့စုံစနစ်ဖြင့် မြို့မဈေးများတွင်သာမက ကုန်စုံဆိုင်ကြီးများ၊ Super Market များတွင်လည်း ဝင်ရောက်စစ်ဆေးခဲ့ကြောင်း၊ စားသုံးရန်မသင့် အစားအစာများကို သက်တမ်းမကုန်သေးဘဲ မှိုတက်နေသော မုန့်များရှိရင်လည်း သီးခြား ခွဲထားစေလိုပြီး ဆက်လက်မရောင်းချ စေလိုကြောင်း၊ တားမြစ် စားသောက်ကုန်များ၊ သက်တမ်းကုန်သော အစားအစာများ ဆက်လက်ရောင်းချသည်ကို တွေ့ရှိပါက တာဝန်နှင့်ဝတ္တရားအရ သိမ်းဆည်းရမည်ဖြစ်ကြောင်း၊ သိမ်းဆည်းထားသော ကုန်ပစ္စည်းများကို မိမိတို့ကိုယ်ကျိုးအတွက် အသုံးပြုမည် မဟုတ်ဘဲ သက်ဆိုင်ရာဌာနများကို ဖိတ်ကြား၍ မီးရှို့ဖျက်ဆီးပွဲများ ပြုလုပ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဆိုးဆေးများ ရောင်းချသော လက်ကားဆိုင်များကိုလည်း သီးခြား စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ယခုလို စားသုံးသူ အသိပညာပေး ဆွေးနွေး ဟောပြောပွဲများကို ဈေးသူ၊ ဈေးသားများ အများအပြား တက်စေလိုကြောင်း ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

**သူဇာကျော် (ပခုက္ကူ)**

## ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီ၂၇ ရက်တွင် ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၃၀ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူးဦးမျိုးအောင်က သင်္ကြန် ကာလအတွင်း ခရီးသွားများ အဆင်ပြေချောမွေ့စေရန် ယာဉ်စီးခနှုန်းထားများ မတက်စေရေးအတွက် ယာဉ်ပိုင်ရှင်များ၊ ဂိတ်မှူးများနှင့် ဆွေးနွေးဆောင်ရွက်မှုများ၊ ဟသ်ာတခရိုင်အတွင်းရှိ ဆေးဆိုင်များသို့ ရှောင်တခင် စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့သည့်အတွက် စားသုံးသူပြည်သူများကို အကျိုးဖြစ်စေသည့်အတွက် အလားတူ စစ်ဆေးမှုများကိုအဖွဲ့အနေဖြင့် မကြာခဏ ဆောင်ရွက်ပေးရန်လိုကြောင်း၊ လိုအပ်သည်များကိုလည်း တက်ရောက်လာသော အဖွဲ့ဝင်များမှ ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဟသ်ာတခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကြည်ဟန်က ပြီးခဲ့သော ဘဏ္ဍာနှစ်အတွင်း သိမ်းဆည်းခဲ့သော ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်များမှ သိမ်းဆည်းဆေးဝါးများအား အဖွဲ့နှင့် ဖျက်ဆီးမှု၊ CICC တိုင်ကြားမှုများနှင့် ၂၀၁၈ ခုနှစ် မတ်လအတွင်း ဆောင်ရွက်ခဲ့မှုများ၊ တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးလမ်းညွှန်ချက်များကို ရှင်းလင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများမှ နေရာစဉ်လိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်မြတ်ခိုင်**

## ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၏ ဧပြီလအတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း ကြိုးပမ်းဆောင်ရွက်မှုများ

ကယားပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အနေဖြင့် စားသုံးသူ အခွင့်အရေးနှင့် အကျိုးစီးပွားကို ထိရောက်စွာ ကာကွယ်နိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများနှင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်း၍ အရည်အသွေးပြည့်မီပြီး လုံခြုံစိတ်ချရမှုရှိသော ထုတ်ကုန်များ သုံးစွဲနိုင်ရန် ဈေးကွက်စုံစမ်း ထောက်လှမ်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဧပြီလတွင် လွိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာ၌လည်းကောင်း၊ ပါလောင်းကျေးရွာ၌ လည်းကောင်း၊ ပေါ်ကလဲကျေးရွာနှင့် လွိုင်ကော်မြို့ပေါ်ရှိ ရွှေတောင်ရပ်ကွက်တို့တွင် စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှု မခံရစေရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ရွေးချယ်သုံးစွဲရာတွင် ကုန်စည်ပါအညွှန်းများ၊ လိုက်နာရန်အချက်များအား ဖတ်ရှုနိုင်စေရန်နှင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ရန် ဆွေးနွေးခဲ့ပါတယ်။

ဈေးကွက် စုံစမ်းထောက်လှမ်းခြင်းအနေဖြင့် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်အတွင်းရှိ စားသောက်ကုန်များ လက်လီ/လက်ကား ရောင်းချနေသော ကုန်စုံဆိုင်ကြီးများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် ကုန်ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သော လက်ကီးမုန့်တိုက်၊ အေးအေးမုန့်တိုက်၊ ကောင်းကျော်ဟိန်းမုန့်တိုက်နှင့် TTH မုန့်တိုက်တို့တွင် ကုန်ပစ္စည်းအညွှန်း ပြည့်စုံမှုရှိ/မရှိ ဈေးကွက်စုံစမ်း ထောက်လှမ်းခဲ့ကြောင်း သတင်းရရှိခဲ့ပါတယ်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

■

CAEXPO

# CHINA-MYANMAR (YANGON) TRADE FAIR 2018

## 17-19 . 5 . 2018

## Myanmar Event Park (MEP)

- ★ Building Materials/ Hardware/ Lighting Products
- ★ Vehicles/ Motorcycles, Parts & Accessories
- ★ Farming Machines/ Machinery & Equipment/ Generators/ Industrial Equipment
- ★ Household Appliances/ Consumer Electronics
- ★ Home Supplies/ Consumer Goods
- ★ Foodstuffs

100%
High Quality
Reliable Supplier
from
CHINA

Organizers: China-ASEAN Expo Secretariat; Trade Development Bureau of Ministry of Commerce of China; Trade Promotion Organization of Ministry of Commerce of Myanmar; Worldex-SingEx Exhibitions (Guangzhou) Co., Ltd.

Associate Organizer: BOFCOM Bureau of Commerce of Qingdao

Supporters: Economic and Commercial Counsellor's Office of the Embassy of China in Myanmar; The Republic of the Union of Myanmar Federation of Chambers of Commerce & Industry

# ရီးရဲလ်ကိုအနိုင်ရမည်ဟု ယုံကြည်ကြောင်း မာနေးပြောကြား

## လီဗာပူးနှင့် ရီးရဲလ်မက်ဒရစ် ကစားသမားများကြား စကားစစ်ထိုးမှုများရှိလာ

ယခုနှစ်ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် လီဗာပူးအသင်းတို့မှာနောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းသွားကြပြီဖြစ်သည်။ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များအပြီးတွင် နှစ်ဖက်ကစားသမားများအကြား စကားစစ်ထိုးမှုများရှိလာသည်။

လီဗာပူးတိုက်စစ်မှူး မာနေးကမူ ရီးရဲလ်မက်ဒရစ်အသင်းကို အနိုင်ရမည်ဟုယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ မာနေးက 'ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းကို လေးစားမှုရှိပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်းဟာ ကမ္ဘာ့အကောင်းဆုံးအသင်းတွေထဲက တစ်သင်းပါ။ ဒါပေမဲ့ ကျွန်တော်တို့အသင်းကလည်း လီဗာပူးဆိုတာမေ့ထားလို့မရပါဘူး။ လက်ရှိအချိန်မှာ ကျွန်တော်တို့အသင်းဟာ အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ ကမ္ဘာပေါ်က ဘယ်အသင်းကိုမဆို အနိုင်ယူနိုင်စွမ်းရှိနေပါတယ်။ ကျွန်တော်တို့ အသင်းသားတွေက ယုံကြည်မှုအပြည့်ရှိနေကြတာကြောင့် ရီးရဲလ်မက်ဒရစ်အသင်းကိုလည်း အနိုင်ယူသွားမယ်ဆိုတာ ပြောချင်ပါတယ်' ဟု ပြောကြားသည်။

အခြားတစ်ဖက်တွင် ရီးရဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ရာမို့စ်က ဆာလက်ရှ်တစ်ဦးထဲကိုသာ အားကိုးနေရသည့် လီဗာပူးကို ကြောက်စရာမလိုကြောင်း ပြောကြားသည်။

ရာမို့စ်က "ကစားသမား ၁၁ ယောက် ကစားရတဲ့ပွဲမှာ လီဗာပူးအသင်းက တိုက်စစ်မှူး ဆာလက်ရှ်တစ်ဦးတည်းကိုပဲ အားကိုးနေတာပါ။ ဒီလိုအသင်းမျိုးကို ကျွန်တော်တို့ ရီးရဲလ်မက်ဒရစ်အသင်းက ဘာမှ ကြောက်စရာအကြောင်းမရှိပါဘူး။ နောက်ဆုံးဗိုလ်လုပွဲမှာ လီဗာပူးကို ဘယ်လိုကစားပြီး အနိုင်ယူသွားမယ်ဆိုတာ အားလုံးမြင်တွေ့ကြရတော့မှာပါ"ဟု ပြောကြားခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွင် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ကျော့ပေါင်း ၄-၃ ဖြင့် လည်းကောင်း၊ လီဗာပူးအသင်းသည် ရိုးမားအသင်းကို နှစ်ကျော့ပေါင်း ၇-၆ဖြင့်လည်းကောင်းအသီးသီး အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲကိုတက်ရောက် လာခဲ့ခြင်းဖြစ်သည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ၁၅ ကြိမ် တက်ရောက်နိုင်ခဲ့ကာ ၁၂ ကြိမ် ဗိုလ်စွဲခဲ့သည်။ လီဗာပူးအသင်းကမူ ဗိုလ်လုပွဲသို့ ၇ ကြိမ် တက်ရောက်နိုင်ခဲ့ကာ ၅ ကြိမ် ဗိုလ်စွဲထားသည်။

ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲကိုမေ ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။






# ရိန်းဂျားအသင်းကို လီဗာပူး ကစားသမားဟောင်း ဂျာရတ်ကိုင်တွယ်မည်

လီဗာပူးအသင်းနှင့် အင်္ဂလန်လက်ရွေးစင် ကွင်းလယ်ကစားသမားဟောင်းဂျာရတ်သည် စကော့တလန်ပရီမီယာရှစ်ကလပ် ရိန်းဂျားအသင်းကိုနည်းပြအဖြစ် ကိုင်တွယ်ရန် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဂျာရတ်သည် ရိန်းဂျားအသင်းနှင့် ၃ နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကိုမေ ၄ ရက်က ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်း၏ ငယ်မွေးခြံပေါက်ဖြစ်သည့် ဂျာရတ်သည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် အယ်လ်အေဂလက်ဇီအသင်းတွင် ကစားပြီး ၎င်း၏ကစားသမားဘဝကို အဆုံးသတ်ခဲ့သူဖြစ်သည်။ ၎င်းသည် လီဗာပူး ယူ-၁၈ အသင်းကိုနည်းပြအဖြစ် ကိုင်တွယ်နေရာမှ ရိန်းဂျားအသင်းသို့ ပြောင်းရွှေ့သွားခြင်းဖြစ်သည်။

ဂျာရတ်သည် လီဗာပူးအသင်းနှင့် အင်္ဂလန်လက်ရွေးစင်အသင်းတို့တွင် အောင်မြင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်ခဲ့ပြီး ယခုနည်းပြဘဝတွင်လည်း အောင်မြင်သည့် နည်းပြတစ်ဦးဖြစ်လာနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်နေကြသည်။

## အားကစားသတင်းတိုများ

- မန်စီးတီး လူငယ်ကစားသမား ဒိုင်ရိုဆန်ကို ခေါ်ယူစာချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဟာသာဘာလင်အသင်းက တရားဝင်ထုတ်ပြန်လိုက်သည်။ ဟာသာဘာလင် အသင်းသည် အသက်(၁၉)နှစ်ရှိ အဆိုပါ ကစားသမားကိုကာလရှည် စာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
- ပီအက်စ်ဂျီ ကွင်းလယ်ကစားသမားဗာရတ်တီသည် ဒဏ်ရာပြဿနာကြောင့် အသင်း၏ပွဲစဉ်များကို လွဲချော်ခဲ့ရသလို အီတလီအသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲကစားခွင့်ကိုလည်း လွဲချော်ရမည့် အနေအထားများ ရှိနေကြောင်းသိရသည်။
- အာဆင်နယ် ကစားသမား ကာဇိုလာသည် အသင်းနှင့်စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုမရရှိသေးကြောင်း သိရသည်။
- မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ယာယာတိုရေးသည် ယခုနှစ်ရာသီကုန်တွင်အသင်းမှ ထွက်ခွာတော့မည် ဖြစ်ကြောင်း နည်းပြ ဂွါဒီယိုလာက အတည်ပြုထုတ်ဖော် ပြောကြားလိုက်သည်။



# ယူရိုပါလိဂ်မှ ထွက်ခဲ့ရမှုကို အာစင်ဝင်းဂါး များစွာစိတ်ပျက်

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ယူရိုပါလိဂ် ဆီမီးဖိုင်နယ်တွင် အက်သလက်တီကိုအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းကို များစွာ စိတ်ပျက်မိကြောင်း ပြောကြားလိုက်သည်။ အာဆင်နယ်အသင်းသည် ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့အိမ်ကွင်းတွင် အက်သလက်တီကိုအသင်းကို တစ်ဂိုးစီသရေကစားနိုင်ခဲ့သော်လည်း ဒုတိယအကျော့အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းဖြစ်သည်။ အက်သလက်တီကိုအတွက် တစ်လုံးတည်းသော အနိုင်ဂိုးက ဒီယေဂိုကော်စတာက သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်း နောက်ခံကစားသမား ကိုစီရယ်နီမှ ပထမပိုင်းပွဲချိန် ၁၂ မိနစ်မှာပင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့၍ ချိန်ဘာနှင့် လူစားလဲခဲ့ရသည်။ အာစင်ဝင်ဂါးသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ၂၂ နှစ်ကြာ လက်တွဲခဲ့သည့် အာဆင်နယ်အသင်းနှင့် လမ်းခွဲတော့မည်ဖြစ်ရာ ဆုဖလားတစ်လုံးရယူပြီး အသင်းကိုနှုတ်ဆက်ရန် ဆန္ဒရှိခဲ့သော်လည်း ယခုအချိန်တွင် ဆုဖလားလက်မဲ့ဖြင့် အသင်းကို နှုတ်ဆက်ရတော့မည်ဖြစ်သည်။ ယူရိုပါလိဂ် ဗိုလ်လုပွဲကိုမေ ၁၇ ရက်တွင် မာဆေးအသင်းနှင့် အက်သလက်တီကိုတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# ကိုစီရယ်နီ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ရန် မသေချာ

အာဆင်နယ် နောက်ခံကစားသမား ကိုစီရယ်နီသည် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ပါဝင်နိုင်ရန် မသေချာတော့ကြောင်း သိရသည်။

ကိုစီရယ်နီသည် ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် အက်သလက်တီကိုနှင့် ကစားခဲ့သည့်ပွဲတွင် ပွဲချိန် ၁၂ မိနစ်မှာပင် ဒဏ်ရာရခဲ့၍ လူစားလဲခဲ့ရခြင်းဖြစ်သည်။



ကိုစီရယ်နီသည် ယင်းပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာအပြင် ဖနောင့်ကြောအရွတ်များ စုတ်ပြဲခဲ့ခြင်းကြောင့် အချိန်အတော်ကြာ အနားယူရတော့မည်ဖြစ်သည်။ထို့ကြောင့် ကိုစီရယ်နီသည် အာဆင်နယ်အသင်း၏ လက်ကျန်ပွဲစဉ်များကိုလွဲချော်မည်ဖြစ်သကဲ့သို့ ပြင်သစ်အသင်း၏ ကမ္ဘာ့ဖလား ပွဲစဉ်များကိုလည်းလွဲချော်နိုင်ကြောင်း အသင်းမှ ထုတ်ပြန်ကြေညာခဲ့သည်။ ကိုစီရယ်နီသည် အဆိုပါဒဏ်ရာကြောင့် လေးလမှရှစ်လအထိပင် အနားယူရဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသော်လည်း မကြာမီအချိန်တွင် တိကျသည့် အဖြေတစ်ခုကို ထုတ်ပြန်သွားမည်ဟုအသင်းမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

# ဘိုင်ယန်မြူးနစ်အသင်း လီဝန်ဒေါစကီးကို ပေါင် ၈၈ သန်းဖြင့် ရောင်းတော့မည်



ဘိုင်ယန်မြူးနစ်အသင်းသည် ၎င်းတို့၏ အဓိကတိုက်စစ်မှူး လီဝန်ဒေါစကီးကို ပေါင် ၈၈ သန်းဖြင့် ရောင်းထုတ်တော့မည်ဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ပြောကြားခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ၎င်းကစားသမားကို ရာသီကုန်တွင် လက်လွှတ်သွားတော့မည်ဖြစ်ကြောင်းယခင်ကသတင်းများပေါ် ထွက်ခဲ့ဖူးရာ ယခုအချိန်တွင် အသင်းမှ တရားဝင်ထုတ်ပြန်ပြောဆိုလာခဲ့ ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်ရှိလီဝန်ဒေါစကီးသည် ၂၀၁၄ ခုနှစ်ကဒေါ့မွန်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ဂိုး ၁၀၀ ကျော် သွင်းပေးထားသူဖြစ်သည်။ အဆိုပါ ပိုလန်ကစားသမားကို ရောင်းထုတ်ပြီးပါက ဂျူဗင်တပ်အသင်းမှ တိုက်စစ်မှူး ဒိုင်ဘလားကိုခေါ် ယူသွားမည်ဟု ဘိုင်ယန်မြူးနစ်အသင်း တာဝန်ရှိသူများက ပြောကြားသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ပြိုင်ဘက်မရှိ ချန်ပီယံဆုကို ရယူနိုင်သော်လည်း ဥရောပပြိုင်ပွဲများတွင် အောင်မြင်နိုင်ရေးအတွက် ကစားသမားအပြောင်းအလဲ ပြုလုပ်ပြီး အသင်းကို အကောင်းဆုံးပြင်ဆင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် လူငယ်ကစားသမား ဒိုင်ဘလားကိုခေါ် ယူနိုင်ရေးအတွက် ဆက်သွယ်ကြိုးပမ်းမှုများ စတင်နေပြီဖြစ်ကြောင်းသိရသည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆန်စပါး Supply Chain နှင့် ဆန်စျေးကွက်တို့အပေါ် လေ့လာဆန်းစစ်သုံးသပ်ခြင်း

|နန္ဒာဝင်း၊ ဟန်နီ (WTO)|

(ယခင်တစ်ပတ်မှအဆက်)

**နိဂုံးချုပ် သုံးသပ်ချက်**

တရုတ်နိုင်ငံ၏ လူဦးရေသည် ဆက်လက်တိုးမြင့်နေဆဲဖြစ်ပြီး ကျေးလက်ဒေသများတွင် လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုအတွက် လုပ်သားအင်အားလိုအပ်ချက် မြင့်မားနေဆဲဖြစ်ပါသည်။ အကျိုးဆက်အဖြစ် တိုက်ရိုက်မျိုးကြဲစိုက်ပျိုးခြင်းကဲ့သို့သော လုပ်သားချွေတာရေးနည်းပညာများ တွင်ကျယ်လာသည်ကို တွေ့ရပါသည်။ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ကိစ္စရပ်များသည် အနာဂတ်ကာလတရုတ်နိုင်ငံ၏ နှံစားသီးနှံစိုက်ပျိုးထုတ်လုပ်မှု (အထူးသဖြင့် ကမ္ဘာ့စျေးနှုန်းထက်သာလွန်နေသည့် တရုတ်နိုင်ငံ၏ ပြောင်းနှင့်ဂျုံတို့၏ ပြည်တွင်းစျေးနှုန်းများ) ကို ပိုမိုတည်ငြိမ်လာစေပြီး အကျိုးရှိစေနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်း ဆန်စပါးစျေးနှုန်းများမှာ ကမ္ဘာ့ဆန်စျေးနှုန်းနှင့် နီးစပ်တူညီနေပါသည်။

မကြာသေးမီနှစ်များက တရုတ်နိုင်ငံသည် ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်မှုတို့ လျှော့ချခြင်းတွင် ကြီးမားသော တိုးတက်အောင်မြင်မှုများစွာ ဆောင်ရွက်နိုင်ခဲ့ပြီး ၎င်းဆောင်ရွက်ချက်များသည် တရုတ်နိုင်ငံမှ ၂၀၃၀ ခုနှစ် လုပ်ငန်းစဉ်အရ ကုလသမဂ္ဂအဖွဲ့တွင် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၌ သဘောတူညီခဲ့သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၁၇ ခုကိုချမှတ်ပြီး အခြားသော ကမ္ဘာ့နိုင်ငံအစိုးရများအတွက် အားကျနမူနာယူဖွယ်ရာ သမိုင်းဝင်အောင်မြင်မှုများ ဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများသည် နိုင်ငံအတွက် နှံစားသီးနှံနှင့် အခြားအရေးပါသည့် လယ်ယာထွက်ကုန်များ ဖူလုံကြွယ်ဝမှုရှိစေရေးကို ရည်ရွယ်သည့် ၎င်းအားထုတ်မှုသည် ပြည်တွင်းလယ်ယာထွက်ကုန် ထုတ်လုပ်မှုများစဉ်ဆက်မပြတ် မြင့်တက်မှုကို သက်ရောက်စေခဲ့သည်။

သို့သော်ငြားလည်း မကြာမီက ပြည်တွင်း၌ output များ မြင့်တက်လာခြင်းသည် ပြည်တွင်းစျေးကွက်ကုန်ကျစရိတ်များ မြင့်တက်မှုသည် ကာလတူကမ္ဘာ့စျေးကွက်ပေါက်စျေးများထက် ကျော်လွန်မြင့်တက်နေခြင်းသည် သွင်းကုန်များမြင့်တက်လာခြင်း၊ ပြည်တွင်း၌ အဓိက လယ်ယာထွက်ကုန်သိုလှောင်မှုများ မြင့်တက်လာခြင်းတို့ကို ဦးတည်လာစေသည်ကို တွေ့ရပါသည်။ **'ပြည်တွင်း၌ output များမြင့်တက်လာမှု၊ သွင်းကုန်များ မြင့်တက်လာမှုနှင့် ပြည်တွင်း ကုန်စည်သိုလှောင်မှုများ မြင့်တက်လာမှု'** စသည်တို့သည် တရုတ်နိုင်ငံ၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒပိုင်းအတွက် "Triple-high" အခြေအနေကို သက်ရောက်စေပြီး တရုတ်နိုင်ငံမှ မူဝါဒချမှတ်သူများအတွက် ကြီးမားသောစိန်ခေါ်မှုသဖွယ် ဖြစ်လာပါသည်။ ၎င်းအခြေအနေနှင့် ဆက်စပ်နေသည့် ဘဏ္ဍာရေးကုန်ကျစရိတ် ကြီးမားလာခြင်းသာမက နိုင်ငံ၏လယ်ယာကဏ္ဍဆိုင်ရာ ပြည်တွင်းထောက်ပံ့မှုများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ကတိကဝတ်များနှင့် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ခြင်းစသည့် ကိစ္စရပ်များသည် ယင်း မူဝါဒချမှတ်သူများအတွက် ဖိအားသဖွယ်ဖြစ်လာသည်။ ၎င်းအပြင် နှံစားသီးနှံတင်သွင်းမှုများ တိုးတက်များပြားလာခြင်းသည် နိုင်ငံ၏ နှစ်ရှည်ပန်းတိုင်တစ်ခုဖြစ်သည့် ကြွယ်ဝဖူလုံမှုနှုန်း မြင့်မားလာစေရေးနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရပါသည်။ တစ်စထက်တစ်စ တိုးတက်လာသည့် ပြည်တွင်းဆန်စျေးနှင့် ကမ္ဘာ့ ဆန်စျေးနှုန်း ကွာဟချက်များ၊ out-quota tariffs ( 65%) ကောက်ခံမှု၊ ကုန်စည်တင်ပို့မှု ကုန်ကျစရိတ်များနှင့် တန်ဖိုးမြှင့်အခွန်အခများ စသည်တို့သည် ဆန်အများအပြားတင်သွင်းမှုကို အဟန့်အတားဖြစ်စေသည့် အဓိက အတားအဆီးများသဖွယ် ဖြစ်နေဆဲဖြစ်သည်ကို လေ့လာသုံးသပ်တွေ့ရှိရပါသည်။

အနှစ်ချုပ်အားဖြင့် တရုတ်နိုင်ငံ၏ မကြာသေးမီက ဆောင်ရွက်ခဲ့သည့် မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲမှုများသည် ဆန်စပါးကဏ္ဍအတွက် အနိမ့်ဆုံးစျေးနှုန်းလျှော့ချသတ်မှတ်ပေးခြင်းနှင့် တိုက်ရိုက်ပေးချေမှုများ၏ ပုံသဏ္ဍာန်ကို ပြောင်းလဲခြင်းတို့ကို ဖြစ်ပေါ်စေကာ ၎င်းပြောင်းလဲမှုများကြောင့် နိုင်ငံ၏ ပြည်တွင်းဆန်စျေးနှုန်းနှင့် ကမ္ဘာ့ဆန်စျေးနှုန်းတို့အကြား ကွာဟချက်များပြားနေမှုကို ရင်ဆိုင်ဖြေရှင်းနိုင်သော အလားအလာကောင်းသည့် ခြေလှမ်းတစ်ခုပင်ဖြစ်သည်။ ၎င်းအပြင် တရုတ်နိုင်ငံအနေဖြင့် ဆန်စပါးကဏ္ဍတွင် ကန့်သတ်ချက်များ ပိုမိုဖြေလျှော့ပြီး ဆန်တင်သွင်းမှုများ လွယ်ကူ ချောမွေ့စေရေးအတွက် TRQs များကို အပြည့်အဝ အသုံးပြုဆောင်ရွက်နိုင်မည်ဆိုပါက ဆန်တင်သွင်းမှုအပိုင်းတွင် ပိုမိုလွယ်ကူ အဆင်ပြေစေနိုင်မည်ဖြစ်သည်။ ထို့အပြင် တရုတ်နိုင်ငံသည် ၎င်းတို့နိုင်ငံအတွက် နှံစားသီးနှံနှင့် အခြားအရေးပါသည့် လယ်ယာထွက်ကုန်များ ဖူလုံကြွယ်ဝမှုရှိစေရေးအတွက် ၂၀၀၉ ခုနှစ်ခန့်ကပင် စတင်ဆောင်ရွက်နေပြီဖြစ်သဖြင့် မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ စျေးကွက်တစ်ခုတည်းကိုသာ မှီတည်မနေဘဲ အခြားနိုင်ငံများသို့ အရည်အသွေးပြည့်ဝပြီး နိုင်ငံတကာအဆင့်အတန်းမီသည့် ဆန်များတင်ပို့နိုင်ရေးအတွက် ဆန်စပါးစျေးကွက် ဖြန့်ကြက်နိုင်ရေး (Market Diversify) ပြုလုပ်ဆောင်ရွက်သင့်ကြောင်း လေ့လာသုံးသပ် အကြံပြုတင်ပြအပ်သည်။

❑

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

|ရွှေစင်ဦး|

(ယခင်တစ်ပတ်မှအဆက်)

### ၃၊၅။ စည်းမျဉ်းများစာရင်း

#### ၃၊၅၊၁။ နိဒါန်း

စည်းမျဉ်းများစာရင်းတွင် သက်ဆိုင်ရာကုန်ပစ္စည်း၏ အမျိုးအစား သတ်မှတ်ချက်အလိုက် ကွဲပြားခြားနားသည့် ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာ စည်းမျဉ်းများစွာပါဝင်သည်။ ထုတ်လုပ်ရာတွင် အသုံးပြုသည့် တတိယနိုင်ငံမှ တင်သွင်းသည့် ကုန်ပစ္စည်းများ၏ အဆင့်ပြောင်းလဲခြင်းကို ၎င်းတို့မှ သတ်မှတ်ထားသည်။ ထို့ကြောင့် အပြည့်အဝရရှိသော သို့မဟုတ် အဆိုပါ ထုတ်ကုန်များ ဖယ်ထုတ်ထားခြင်းမရှိသော ထုတ်ကုန်များအတွက်သာ အကျိုးသက်ရောက်စေသည်။ (တစ်ခါတစ်ရံ အပြည့်အဝ ထုတ်လုပ်သည့်ပစ္စည်းများကိုသာ ရည်ညွှန်းသည်။ ဥပမာ -မြန်မာပြည်မှ ထွက်သည့်သစ်ကို အပြည့် အဝ အသုံးပြု၍ ပြုလုပ်ထားသော ပရိဘောဂပစ္စည်းများအတွက် အဆိုပါ စည်းမျဉ်းစည်းကမ်းများသည် ဆီလျော်ခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် အဆိုပါ ကုန်ပစ္စည်းကို ပြုလုပ်သည့် နိုင်ငံအား ပင်ရင်းထုတ်လုပ်သည့်နိုင်ငံအဖြစ် သတ်မှတ်ထားခြင်းကြောင့်ဖြစ်သည်။

စည်းမျဉ်းများစာရင်းအတွက် မိတ်ဆက်မှတ်စုများတွင် စည်းမျဉ်းများစာရင်းအတွက် ရှင်းလင်းချက်မျိုးစုံပါဝင်သည့်အပြင် အဝတ်အထည်ကဏ္ဍအတွက် လိုက်လျောခွင့်ပြုသည့် သီးသန့်စည်းမျဉ်းများလည်း ပါဝင်သည်။ ကုန်ပစ္စည်းများအတွက် သီးသန့်အကျုံးဝင်သည့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများကိုလည်း သတ်မှတ်ပေးသည်။ ဥပမာ-အုပ်စု(၈)သည် ရေနံနှင့် လောင်စာများနှင့် ပတ်သက်၍ ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်ပေးကြောင်း ယူဆနိုင်သည့် အချို့သော လုပ်ငန်းစဉ်များကို သတ်မှတ်ထားသည်။

အခန်းစည်းမျဉ်းသည် HS အခန်းတစ်စုစီအတွက် အကျုံးဝင်သည့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းတစ်ခု သို့မဟုတ် အများကို အတိအကျ သတ်မှတ်ဖော်ပြထားသည်။ တစ်ခါတစ်ရံ အနောက်တွင် 'မှလွဲ၍' ဟူသည့် ဝေါဟာရပါရှိသည်။ ထို့နောက် စာရင်းစည်းမျဉ်းသည် တစ်စုံတစ်ခုသော HS ခေါင်းစဉ်တစ်ခုအတွက် သို့မဟုတ် ခေါင်းစဉ်ခွဲအတွက် သီးခြား ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းကို ဖော်ပြသည်။ ဤချွင်းချက်အရ သက်ဆိုင်ရာ ကုန်ပစ္စည်းအတွက် အကျုံးဝင်သည့် သီးခြားစည်းမျဉ်းတစ်ခုရှိပါက အခန်းစည်းမျဉ်းကို ကျင့်သုံးခွင့်မပြုပါ။

အချို့သော ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများသည် သက်ဆိုင်ရာ ကုန်ပစ္စည်းအတွက်သာ အကျုံးဝင်ပြီး လုံလုံလောက်လောက် လုပ်ဆောင်ထားသော သို့မဟုတ် ပြုပြင်ထားသော ကုန်ပစ္စည်းများအတွက်သာ ရေပြင်ညီ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းမရှိပါ။

| | |
|---|---|
| မှတ်ချက်။ | ။ သဟဇာတဖြစ်သည့် ကုန်စည် ရှင်းလင်းဖော်ပြခြင်းနှင့် ကုန်ပစ္စည်းအတွက်သာ သင်္ကေတ သတ်မှတ်သည့် စနစ်ကို ယေဘုယျအားဖြင့် 'ဟန်ချက်ညီစည်းဝါးညီစနစ်' သို့မဟုတ် "HS" သည် ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း (WCO)က သတ်မှတ်ဖော်ထုတ်ပြီး ကုန်သွယ်သည့် ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့် နိုင်ငံတကာတွင် လက်ခံကျင့်သုံးသည့် ဘက်စုံသုံး အမည် သတ်မှတ်မှု စနစ်ဖြစ်သည်။ အချို့ဖြစ်ရပ်များတွင် HS အမျိုးအစား သတ်မှတ်ချက်ကို အသုံးပြုခြင်းသည် ကုန်ပစ္စည်းအလိုက် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းကို ရှာဖွေလိုက်နာကျင့်သုံးရန်အတွက် မဖြစ် မနေ လိုက်နာရန် သတ်မှတ်ချက်ဖြစ်သည်။ 'အခန်း'ဟူသော ရည်ညွှန်းချက်သည် ပထမဆုံး ကိန်း ၂ လုံးပါ HS ဂဏန်းများကို ဆိုလိုပြီး ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများပါ 'ခေါင်းစဉ်'သည် ကိန်း ၄ လုံးပါ HS ခေါင်းစဉ်ကို ရည်ညွှန်းသည်။ 'ခေါင်းစဉ်ခွဲ'သည် ကိန်း ၆ လုံးပါ HS Code ကို ရည်ညွှန်းသည်။ |

**သီးသန့်ချွင်းချက်ရှိသည့် စည်းမျဉ်းများ စာရင်း၏ နမူနာ**




| ဟန်ချက်ညီ စည်းဝါးညီစနစ် (Harmonized System) | ကုန်စွည်းရှင်းလင်းဖော်ပြချက် | အရည်အချင်းပြည့်မီစေသည့် လုပ်ဆောင်ချက် (ပင်ရင်းနိုင်ငံဆိုင်ရာ အဆင့်အတန်းရရှိစေသည့် ပင်ရင်းနိုင်ငံ မဟုတ်သော ပစ္စည်းများအား အသုံးပြု ထုတ်လုပ် ဆောင်ရွက်ခြင်း |
|---|---|---|
| (၁) | (၂) | (၃) |
| အခန်း (၁) | တိရစ္ဆာန်အရှင်များ | အခန်း(၁)တွင် ပါဝင်သည့် တိရစ္ဆာန် အားလုံးကို အပြည့်အဝ ရရှိခြင်းဖြစ်သည်။ |
| အခန်း (၂) | အသားနှင့်စားသုံးနိုင်သော အသားထွက် စွန့်ပစ်ပစ္စည်းများ | ဤအခန်းပါကုန်ပစ္စည်းများ၏ အသားနှင့် စားသုံးနိုင်သော အသားထွက် စွန့်ပစ်ပစ္စည်းများ အားလုံးကို အပြည့်အဝရရှိထားသည့် ကုန်ထုတ်လုပ်မှု။ |
| အခန်း (၃) | ငါး၊ ပုစွန်၊ ဂဏန်း၊ ကမာနှင့် အခြားရေသတ္တဝါများ (--- မှလွဲ၍) | ငါး၊ ပုစွန်၊ ဂဏန်း၊ ကမာနှင့် အခြား ရေသတ္တဝါများအားလုံးကို အပြည့်အဝရရှိခြင်းဖြစ်သည်။ |
| ၀၃၀၄ | ငါးအသားချောင်းနှင့် အခြားငါး အသားများ(စဉ်းထား/ မစဉ်းထား)၊ လတ်လတ်ဆတ်ဆတ်၊ အေးထား၊ အေးခဲထား | အသုံးပြုထားသည့် အခန်း(၃)မှ ပစ္စည်းများ အားလုံးကို အပြည့်အဝ ရရှိထားသည့် ကုန်ထုတ်လုပ်မှု။ |

(ကိုးကား။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

# ပညာရေးအခွင့်အလမ်းများ ပွင့်လန်းလျက်ရှိသော အာဆီယံ

| သိန်းမြင့်ဝေ |



**ယခင်တစ်ပတ်မှအဆက်**

ထိုင်းတက္ကသိုလ်များသည် ကမ္ဘာတစ်ဝန်းမှ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ပူးပေါင်းဆောင်ရွက်ခြင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော လွတ်လပ်သည့် တက္ကသိုလ်ဖြစ်လိုခြင်း၊ သုတေသနနှင့် နည်းပညာကိုမြှင့်တင်လိုခြင်း၊ ကျောင်းသား၊ ဝန်ထမ်းနှင့် ပညာရေးအဖွဲ့အဖွဲ့ဝင်များကို အပြန်အလှန်စေလွှတ်ဖလှယ်လိုခြင်းနှင့် နိုင်ငံတကာအမြင် (International Visibility) တိုးတက်ရရှိလိုခြင်းတို့ကြောင့်ဖြစ်သည်။ ထိုကဲ့သို့ပူးပေါင်းဆောင်ရွက်သော တက္ကသိုလ်များကို သက်ဆိုင်ရာအစိုးရများက အသိအမှတ်ပြုရန် အရေးကြီးသည်။ သက်ဆိုင်ရာအစိုးရက အသိအမှတ်မပြုသော တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှုမပြုသင့်ပေ။

သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးတိုးတက်ရေး (Curiculum Development) သည် တက္ကသိုလ်နှစ်ခုကြား ပူးပေါင်း ဆောင်ရွက်ခြင်း၏ အခြေခံအကျဆုံး နယ်ပယ်ဖြစ်သည်။ ထိုင်းအစိုးရနှင့် ဖိလစ်ပိုင်အစိုးရတို့က အသိအမှတ်ပြုထားသော ဖိလစ်ပိုင်တက္ကသိုလ်သည် ထိုင်းတက္ကသိုလ်နှင့် ပူးပေါင်း၍ ထိုင်းနိုင်ငံ၌ ပညာရေးဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။ အဆိုပါတက္ကသိုလ်များသည် ထိုင်းနိုင်ငံတွင် ပြည်တွင်းနှင့် ပြည်ပသင်တန်းသား တစ်ထောင်ကျော်ကို သင်တန်းများပို့ချလျက်ရှိသည်။ ထိုသို့ ပို့ချရာတွင် ထိုင်းနှင့် ဖိလစ်ပိုင်တက္ကသိုလ်နှစ်ခုစလုံးသည် ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကောင်းကျိုးများကို ရရှိခံစားကြရသည်။ အဆိုပါ ကောင်းကျိုးများအပြင် ထိုင်းနိုင်ငံသည် ဖိလစ်ပိုင်ကျောင်းသားများနှင့် သင်တန်းနည်းပြများထံမှ အင်္ဂလိပ်စာ ကျွမ်းကျင်မှုများကို ရရှိခံစားရပါသည်။ ထို့အတူ ထိုင်းတက္ကသိုလ်များနှင့် ပူးပေါင်းသောကြောင့် ဖိလစ်ပိုင်နိုင်ငံသည်လည်း ကောင်းကျိုးခံစားရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၏ အဓိကကျသောနေရာတွင် တည်ရှိပြီး အာဆီယံ ပညာဗဟိုဌာန (Centre of ASEAN Studies)ဖြစ်သောကြောင့်ဖြစ်ပါသည်။

**ဦးနှောက်ယိုစီးခြင်း**

နိုင်ငံတကာ ပညာရေးသည် ကောင်းကျိုးများကိုသာ ပေးစွမ်းသည်မဟုတ်ဘဲ ဆိုးကျိုးများကိုလည်း ပေးစွမ်းပါသည်။ အထူးသဖြင့် လုပ်သားများကိုပြည်ပသို့ စေလွှတ်လျက်ရှိသော ဖိလစ်ပိုင်ကဲ့သို့သော နိုင်ငံများအတွက် ဆိုးကျိုးဖြစ်စေသည်။ ဖိလစ်ပိုင်နိုင်ငံသည် စီးပွားရေးကျဆင်းပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် ဖိလစ်ပိုင်နိုင်ငံသားများစွာသည် ထိုင်းနှင့် အခြားနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်နေရသည်။ဖိလစ်ပိုင်၏ လုပ်သားတင်ပို့မှု (Labour Export) သည် သမ္မတ မားကို့စ်လက်ထက်က တည်းက စတင်ခဲ့သော အစိုးရပေါ်လစီတစ်မျိုးဖြစ်သည်။ လုပ်သားတင်ပို့မှုမှ ရရှိသော ငွေလွှဲ (Remittence) များက ဆယ်စုနှစ်ပေါင်းများစွာ တိုင်းပြည်စီးပွားရေးကို အကြွေးကင်းအောင် ဆောင်ကြဉ်းပေးလျက်ရှိသည်။

၂၀၀၀ ပြည့်နှစ်မှစတင်၍ ဖိလစ်ပိုင်နိုင်ငံသားများသည် အင်္ဂလိပ်စာ သင်ကြားပို့ချသော ဆရာ၊ ဆရာမများ အဖြစ် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခဲ့ကြသည်။ သို့သော်လည်း ဖိလစ်ပိုင်နိုင်ငံမှ ထိုင်းနိုင်ငံသို့ အလုပ်လာရောက်ရှာဖွေသူများကို ခရီးသွားဧည့်သည်များ (Tourists) အဖြစ် ခွဲခြားသတ်မှတ်လက်ခံထားသည်။ ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံရှိ ဖိလစ်ပိုင်သံရုံး၏ မှတ်တမ်းများအရ ထိုင်းနိုင်ငံသို့ အထောက်အထားမရှိဘဲ ရောက်ရှိနေသော ဖိလစ်ပိုင်လူမျိုးအရေအတွက် ၃၀၀၀ ဦး ရှိပါသည်။

လုပ်သားတင်ပို့လျက်ရှိသော ဖိလစ်ပိုင်နိုင်ငံသည် တိုင်းပြည်စီးပွားရေးတွေးမြီကင်းရန်အတွက် ပြည်ပငွေလွှဲ (Oversea Remittences) အပေါ် မှီခိုအားထားနေရသည်။ သို့သော်လည်း ပြည်ပငွေလွှဲသည် တိုင်းပြည်စီးပွားရေး တည်ငြိမ်မှုအတွက် အာမခံချက်မပေးနိုင်ကြောင်း၊ ကာလတိုအတွက်သာ ကောင်းမွန်ကြောင်း၊ ဦးနှောက်ယိုစီးမှု (Brain Drain) ကို ဖြစ်စေကြောင်း၊ ပြည်ပရောက် ဖိလစ်ပိုင်အမျိုးသားများသည် လစာနည်းနည်းသာရရှိကြောင်း၊ ၎င်းတို့သည် သက်ဆိုင်ရာအစိုးရ၏ လူမှုရေးဝန်ဆောင်မှုများ (Social Services) ကို လုံလုံလောက်လောက် မရရှိကြကြောင်း သိရှိရပါသည်။

ထို့ကြောင့် လုပ်သားများအတွက် အဆင့်မြင့်ပညာရေးကို ရရှိနေသော လုပ်သားစေလွှတ်သည့် နိုင်ငံနှင့် လုပ်သားလက်ခံသည့်နိုင်ငံများသည် ရေရှည်ကောင်းကျိုးပြုမည့် အရင်းအနှီး ရင်းနှီးမြှုပ်နှံမှု (Capital Investments) ကို ဆက်လက်ပြုလုပ်ရန် စဉ်းစားလျက်ရှိသည်။

**Source: globalnation.inquirer.net**

---

# US နှင့် ကုန်သွယ်မှုပဋိပက္ခတွင် တရုတ်နှင့် EU ပူးပေါင်းမည်

တရုတ်၏သံမဏိနှင့် အလူမီနီယံ တင်သွင်းမှုအပေါ် အကောက်ခွန် တိုးမြှင့်လိုက်ခြင်းနှင့်ပတ်သက်၍ WTO dispute သို့ တင်သွင်းမည့်ကိစ္စအား EU မှ ပူးပေါင်းမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် US အား ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ အဖြေရှာသင့်ကြောင်း တရုတ်မှ တိုက်တွန်းခဲ့ပါသည်။ ထိုင်း၊ ဟောင်ကောင်၊ အိန္ဒိယနှင့် ရုရှားတို့သည်လည်းWTO Consultation တွင် ပါဝင်မည်ဖြစ်ကြောင်း သိရပါသည်။

EU သည်ယခုနှစ်မေ ၁ ရက်အထိ အကောက်ခွန်ကင်းလွတ်ခွင့်ရထားသော်လည်း ရေရှည်တွင် ၎င်း၏သံမဏိနှင့် အလူမီနီယံတင်ပို့မှုကို ထိခိုက်လာမည်ဖြစ်ကြောင်း တရုတ်ကသုံးသပ်ထားပါသည်။ EU သည် US သို့ အဓိက သံမဏိတင်ပို့သူဖြစ်ပြီး အလူမီနီယံတင်ပို့ရာတွင် ပဉ္စမမြောက်အများဆုံးတင်ပို့သည့် နိုင်ငံများဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း US သို့ သံမဏိကုန်စည် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံနှင့် အလူမီနီယံကုန်စည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ တင်ပို့ခဲ့ပါသည်။ ထို့ အပြင် US သို့ ရင်းနှီးမြှုပ်နှံမည့် တရုတ် စီးပွားရေးလုပ်ငန်းအချို့မှာ ယခုကြုံတွေ့နေသည့် မသေချာမှုများ၊ မူဝါဒ အပြောင်းအလဲများကြောင့် ရပ်တန့်ထားကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောကြားထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

---

# ထိုင်းနိုင်ငံတွင် စားသုံးသူအကျိုးစီးပွားများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ရန် ကောင်စီဖွဲ့ စည်းဆောင်ရွက်သွားမည်

ထိုင်းနိုင်ငံတွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့ရုံးနှင့်အတူ အမျိုးသားစားသုံးသူ ကောင်စီကို ဖွဲ့စည်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးဖြစ်သူ Mr. Suwaphan Tanyuvardhana က စားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့ရုံးသည် မကြာမီ အစိုးရအဖွဲ့၏ခွင့်ပြုချက်ကို ရယူပြီး အမျိုးသားစားသုံးသူကောင်စီကို ဖွဲ့စည်းဆောင်ရွက်သွားနိုင်ရန် ဥပဒေကြမ်းတစ်ရပ်ကို ရေးဆွဲလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အမျိုးသားစားသုံးသူကောင်စီကို ဖွဲ့စည်းပြီးပါက စားသုံးသူအခွင့်အရေးများနှင့် စပ်လျဉ်းသည့် ဗဟုသုတဖြန့်ဝေသည့်လုပ်ငန်းများ၊ ပြည်သူ့အလေးထားဂရုပြုမှုမြှင့်တင်သည့် လုပ်ငန်းများနှင့် စားသုံးသူများကို ကိုယ်စားပြုသည့် အများပြည်သူပါဝင်ဆောင်ရွက်လာစေရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သွားမည်ဖြစ်ပြီး စားသုံးသူအကာအကွယ်ပေးရေး အဖွဲ့ရုံးကလည်း ဥပဒေအရ စားသုံးသူအခွင့်အရေးများကို အကာအကွယ်ပေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ၂၀၁၆ ခုနှစ်မှစတင်၍ အိမ်ရာနှင့် ကွန်ဒိုမီနီယံ တိုက်ခန်း စီမံကိန်းများ ပေါ်များလာခဲ့ရာ အဆိုပါလုပ်ငန်းများနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများမှာလည်း တိုးတက်လာခဲ့ပါသည်။ စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့ရုံးသည် အခြေခံ စားသုံးသူ အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို ပေးအပ်သင့်ပြီး လက်ရှိအိမ်ရာအမှုကိစ္စများကိုလည်း လျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းသင့်သည်။ ထို့ကြောင့် စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့ရုံးသည် မကြာသေးမီက ငှားရမ်းသည့် တိုက်ခန်းများနှင့် စပ်လျဉ်းသည့် စည်းမျဉ်းတစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါစည်းမျဉ်းအရ တိုက်ခန်းများငှားရမ်းရန်အတွက် စာချုပ်များချုပ်ဆိုရာတွင် ငှားရမ်းခနှုန်းထားနှင့် ရေဖိုး၊ မီးဖိုး မျှတမှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ စားသုံးသူအကာအကွယ်ပေးရေး အဖွဲ့ရုံးသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တိုက်ခန်းများကို ငှားရမ်းခြင်းမပြုမီ စည်းမျဉ်းကို တစ်လခန့်ကြိုတင်ပြီး တိုက်ခန်းများတွင် ကပ်ထားရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

**မျိုးမျိုးထိုက် (စားသုံးသူ)**

# တောင်ကိုရီးယားလူငယ်လုပ်သားများတွင် အချိန်အတိအကျ အလုပ်မှပြန်သူဦးရေ များပြားလာ

အသက်ကြီးသူလုပ်သားများနှင့် နှိုင်းယှဉ်ပါက အချိန်အတိအကျအလုပ်မှပြန်သော တောင်ကိုရီးယားလူငယ်ဦးရေ ပိုမိုများလာကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။ လူငယ်လူရွယ်များသည် အလုပ်အကိုင်နှင့် ကိုယ်ပိုင်ဘဝအတွက် အချိန်သုံးစွဲမှုကို မျှတမှုရှိအောင် ဂရုတစိုက်ဆောင်ရွက်လာသည်ကို တွေ့ရကြောင်း မေ ၃ ရက်က ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

BC card ကုမ္ပဏီသည် အကြွေး ကတ်သုံးစွဲသူဖောက်သည် ၂၀၀၀၀ ၏ သုံးစွဲမှုပုံစံကို ယခင်နှစ်စက်တင်ဘာမှ စ၍ ခြောက်လကြာ လေ့လာပြီးနောက် ယခုကဲ့သို့ တွေ့ရှိရခြင်းဖြစ်သည်။ အကြွေးကတ်သုံးစွဲသူဖောက်သည်များမှာ ရုံးလုပ်သားများဖြစ်ပြီး အသက်အရွယ်အားဖြင့် သုံးဆယ်ကျော်၊ လေးဆယ်ကျော်နှင့် ၅၀ ကျော်ဝန်းကျင်ဝန်ထမ်းများဖြစ်သည်။



အားလုံးခြုံငုံသုံးသပ်မည်ဆိုပါက ရုံးဝန်ထမ်းများအနက် ပျမ်းမျှ ၄၈ ဒသမ ၁ ရာခိုင်နှုန်းမှာ အလုပ်မှအချိန်အတိအကျ ပြန်ကြသည်။ ထိုသို့ အချိန်အတိအကျရုံးမှ ပြန်သည့်ဦးရေမှာ သောကြာနေ့တွင် ၅၀ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း သိရသည်။ ‘အချိန်အတိအကျ’ ဆိုသည်မှာ ညနေ ၆ နာရီမှ ၇ နာရီတွင်ပြန်ခြင်းကို ဆိုလိုကြောင်း အကြွေးကတ်ထုတ်ပေးသည့် ကုမ္ပဏီကဆိုသည်။

အသက်အုပ်စုအလိုက်ကြည့်ပါက ရုံးမှအချိန်အတိအကျပြန်သူများတွင် အသက် ၃၀ ကျော်အရွယ်များက ၃၁ ဒသမ ၆ ရာခိုင်နှုန်း၊ အသက် ၅၀ ကျော် အရွယ်များက ၂၅ ဒသမ ၆ ရာခိုင်နှုန်း နှင့် အသက် ၅၀ ကျော်အရွယ်များက ၂၅ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း BC card ကုမ္ပဏီက ပြောသည်။ ညဘက်ပိုင်းအထိ အလုပ်လုပ်သောဝန်ထမ်းများ အချိုးအစားတွင်လည်း လူကြီးပိုင်းနှင့်နှိုင်းယှဉ်ပါက လူငယ်ပိုင်းက ပိုမိုများပြားကြောင်း လေ့လာဆန်းစစ်မှုအရ တွေ့ရသည်။

ညပိုင်းအလုပ်ဆင်းတတ်သူများသည် မနက်ပိုင်းတွင် အွန်လိုင်းမှ ဈေးဝယ်ပြီး အကြွေးကတ်ကို စတိုင်းဆိုင်ငယ်များနှင့် အရက်ဆိုင်များတွင် အသုံးပြုတတ်သည်။ အချိန်အတိအကျပြန်တတ်သူများက ကုန်တိုက်ကြီးများနှင့် ပုဂ္ဂလိကပညာရေးသင်တန်းများတွင် သုံးတတ်ကြောင်း စစ်တမ်းတွင်ဖော်ပြသည်။

# အာဆီယံဖွံ့ဖြိုးမှုအခြေအနေကောင်းနေသော်လည်း အတိုးနှုန်းမြင့်တက်မှုနှင့် ကုန်သွယ်ရေးတင်းမာမှုကြောင့် စိုးရိမ်ရ

အာဆီယံဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့ဝယ်လိုအားမြင့်မားလာမှုကြောင့် လာမည့်နှစ်များတွင် ဆက်လက် ကောင်းမွန်နေဦးမည်ဟု မေ ၂ ရက်က ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားကြောင်း စထရိတ်တိုင်း သတင်းတွင် ဖော်ပြထားသည်။

သို့ရာတွင် ဗဟိုဘဏ်အတိုးနှုန်းများ မြင့်တက်လာမှုက ခန့်မှန်းထားသည်ထက် မြန်ဆန်ခြင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးတင်းမာမှု မြင့်တက်လာခြင်းဟူသော အဓိကအန္တရာယ်နှစ်ခုက ကောင်းမွန်နေသော လမ်းကြောင်းကို လွဲချော်သွားစေနိုင်သည်။ အာဆီယံဒေသ၏ စီးပွားရေး အခြေအနေကို စောင့်ကြည့်ရန်လွတ်လပ်သော အဖွဲ့အစည်းတစ်ခုဖွဲ့စည်းရေးကို ဒေသဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးများက သဘောတူညီခဲ့ကြပြီးနောက် ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့သော စင်ကာပူအခြေစိုက် အာဆီယံ + ၃ မေခရိုစီးပွားရေးသုတေသနရုံး (Amro) က ယခုအစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုကို အလယ်အလတ်ဖြစ်သော ငါးရာခိုင်နှုန်းဖြင့် ထိန်းထားရန် ရည်မှန်းထားကြောင်း အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဟောင်ကောင်၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားတို့၏ စီးပွားရေးအလားအလာ ကို ဆန်းစစ်လျက်ရှိသော Amro ကပြောသည်။

ဒေသတွင်းစီးပွားရေးတိုးတက်မှုနှုန်းကို ယခုနှစ်တွင် ၅ ဒသမ ၄ ရာခိုင်နှုန်းနှင့် လာမည့်နှစ်တွင် ၅ ဒသမ ၂ ရာခိုင်နှုန်းရရှိရန် Amro က ခန့်မှန်းထားသည်။ ယခုခန့်မှန်းချက်ကို တွက်ချက်ရာတွင် ပြည်တွင်းဝယ်လိုအား ကောင်းမွန်မှု၊ ပို့ကုန်ဖွံ့ဖြိုးမှု၊ ကမ္ဘာ့စီးပွားရေးအခြေအနေကောင်းမွန်မှုနှင့် တည်ငြိမ်သော ငွေကြေးဖောင်းပွမှုတို့ကို အခြေခံတွက်ချက်ထားခြင်းဖြစ်သည်။

အစီရင်ခံစာတွင် အဓိကကျသော စွန့်စားမှု အန္တရာယ်နှစ်ခုကိုလည်း ဖော်ပြထားသည်။ ပထမအန္တရာယ်မှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းများကို မူလ ခန့်မှန်းထားသည်ထက် ပိုမိုလျင်မြန်စွာ မြှင့်တင်မည့်အန္တရာယ်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပါက ကမ္ဘာ့ငွေကြေးလည်ပတ်မှုတင်းကျပ်ပြီး ဈေးကွက်တုံ့ပြန်မှုများ ပြင်းထန်လာနိုင်သည်။ ဒုတိယအန္တရာယ်မှာ ကမ္ဘာ့ကုန်သွယ်ရေးအထူးသဖြင့် တရုတ်နှင့် အမေရိကန်ကုန်သွယ်ရေး တင်းမာမှုများ ဖြစ်သည်။ ကုန်သွယ်ရေး တင်းမာမှုဂယက်ကဒေသတွင်းရှိ ကမ္ဘာ့ တန်ဖိုးကွင်းဆက်ကို ပိုမိုထိခိုက်လာနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

## ဗီယက်နမ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ကုန်သွယ်မှု ဆက်ဆံရေးတိုးတက်

ဗီယက်နမ်နိုင်ငံသည် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ(ROK)မှ ရင်းနှီးမြှုပ်နှံသူတို့ သဘောကျသော နေရာသစ်တစ်ခု ဖြစ်လာကြောင်းနှင့် ယင်းသို့ ပြောင်းလဲလာသည့် အခြေအနေမှာ ဗီယက်နမ်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးမှုကို သက်သေပြနိုင်သောအထောက် အထားတစ်ခုဖြစ်ကြောင်း ဗီယက်နမ် နယူးစ်ဝက်ဘ်ဆိုက် သတင်းတွင် ဖော်ပြသည်။

ဧပြီလကုန်ပိုင်းက ကျင်းပသော ဗီယက်နမ်- ကိုရီးယား စီးပွားရေး ဖိုရမ် တွင် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး လေကွမ်မန်းက ဗီယက်နမ်-ကိုရီးယား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု တန်ဖိုးသည် မြင့်တက်လျက်ရှိကြောင်းကို အတည်ပြုပြောကြားခဲ့သည်။

လောလောဆယ်တွင် ကိုရီးယားနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၌ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံငွေ ပမာဏမှာ အမေရိကန်ဒေါ်လာ ၅၉ ဘီလီယံ ရှိသည်။ အလားတူပင် ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ဗီယက်နမ်နိုင်ငံမှ ပို့ကုန်တင်ပို့ရာတွင် တရုတ်နိုင်ငံပြီးလျှင် ဒုတိယမြောက် အများဆုံးနိုင်ငံဖြစ်သည်။

လောလောဆယ်တွင် ဗီယက်နမ်နိုင်ငံသည် ကိုရီးယားနိုင်ငံ၏ အရေးအပါဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာကြောင်းနှင့် အာဆီယံနိုင်ငံများနှင့် ယဉ်ကျေးမှုဖလှယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး တို့ကိုအထောက် အကူပြုရန် ဆောင်ရွက်နေသော သမ္မတမွန်ဂျေးအင်း မူဝါဒသစ်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ကိုရီးယား-ဗီယက်နမ် ယဉ်ကျေးမှုနှင့် စီးပွားရေးအသင်း ဥက္ကဋ္ဌ ကွမ်ယောင်ကီးက ပြောကြားသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ၂၅ နှစ်ကျော်ပြီးနောက် ဖွံ့ဖြိုးမှုအလားအလာများမှာ မကြာသေးမီ နှစ်များအတွင်း ခိုင်မာလာကြောင်း စုစုပေါင်း ကုန်သွယ်မှုဝင်ငွေမှာ ၂၀၁၇ ခုနှစ်က အမေရိကန်ဒေါ်လာ ၆၃ ဘီလီယံအထိ ရှိခဲ့ကြောင်း ကွပ်ကပြောသည်။ နှစ်နိုင်ငံ ကုန်သွယ်မှုသည် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအထိရှိမည်ဟု ခန့်မှန်းထားရာ လာမည့် နှစ်နှစ်အတွင်း နှစ်စဉ်တိုးတက်မှုနှုန်း ၁၈ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားသည်။

အီလက်ထရွန်းနစ် ကုန်ထုတ်လုပ်မှု စသည့်နယ်ပယ်သစ်များတွင် ကိုရီးယားနိုင်ငံသည် ဂျပန်နှင့် စင်ကာပူတို့ကို ကျော်တက်ကာ ဗီယက်နမ်နိုင်ငံတွင် အများဆုံးရင်းနှီးမြှုပ်နှံသူ ဖြစ်လာသည်။ FDI ကို အကောင်အထည်ဖော် ရာတွင် ထင်ရှားသော စီးပွားရေးလုပ်ငန်းများတွင် ဆမ်ဆောင်းအီလက်ထရွန်းနစ်၊ အယ်လ်ဂျီ အီလက်ထရွန်းနစ်၊ ဒူးဆန်အကြီးစား စက်မှုနှင့် ဆောက်လုပ်ရေး၊ အက်စ်ကေအင်နာဂျီ စသည့် ကုမ္ပဏီကြီးများ ပါဝင်လာကြောင်း သတင်းတွင် ဖော်ပြသည်။

ဉာဏ်တင် - စုစည်းတင်ပြသည်

## အရွယ်ရောက်ပြီးသူများ အချိန်ပြည့်အလုပ်ခန့်ထားမှု၌ အာရှတွင်စင်ကာပူက ထိပ်ဆုံးတွင် ရှိနေ

ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက် နေသူများကို ထည့်သွင်းတွက်ချက်ပါက အရွယ်ရောက်သူများအား အချိန်ပြည့် အလုပ်ခန့်ထားရာ၌ စင်ကာပူနိုင်ငံသည် အာရှ၌ ထိပ်ဆုံးနေရာတွင် ရှိကြောင်းနှင့် ဤလုပ်ငန်းမျိုးတွင် လုပ်ကိုင်နေသော အရွယ်ရောက်ပြီးသူမှာလည်း ၄၈ ရာခိုင်နှုန်းရှိကြောင်း Grallop စစ်တမ်းကောက်ယူရေးအဖွဲ့၏ 2018 Global Great Jobs Briefing အစီရင်ခံစာကို ကိုးကားလျက် Connectedtoindia .com သတင်းတွင် ဖော်ပြသည်။

မေ ၂ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာအရ ဟောင်ကောင်က ၄၃ ရာခိုင်နှုန်းဖြင့် ဒုတိယနှင့် တရုတ် (တိုင်ပေ) က ၄၂ ရာခိုင်နှုန်းဖြင့် တတိယ နေရာတွင် ရှိသည်။

အစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်း၌ အရည်အသွေးမြင့်လုပ်ငန်းများ ပျံ့နှံ့နေပုံနှင့် ဤလုပ်ငန်းများက စီးပွားရေးလုပ်ငန်းခွင်နှင့် ဝန်ထမ်းများ၏ ဘဝတိုးတက်အောင် အထောက်အကူပြုပုံတို့ကို ဖော်ပြထားသည်။

စင်ကာပူနိုင်ငံသည် အလုပ်သမားများက လုပ်ငန်းခွင်တွင် စိတ်ပါဝင်စားစွာ ဆောင်ရွက်နေသည့် အချိန်ပြည့်လုပ်ငန်းခွင်များကို ဖော်ဆောင်ရာ၌ ဒေသတွင်းတွင် ခေါင်းဆောင်မှုနေရာကို ရယူထားပြီး အရွယ်ရောက်ပြီးသူ လုပ်သားများအနက် ဤသတ်မှတ်ချက်နှင့် ကိုက်ညီသူ ၁၁ ရာခိုင်နှုန်း ရှိသည်။ စင်ကာပူနောက်တွင် ၁၀ ရာခိုင်နှုန်းဖြင့် မွန်ဂိုလီးယားနှင့် ကိုးရာခိုင်နှုန်းဖြင့် ဖိလစ်ပိုင်နိုင်ငံတို့က နောက်မှလိုက်ပါလျက်ရှိသည်။

လုပ်ငန်းခွင် စိတ်ပါဝင်စားစွာ ဆောင်ရွက်တတ်သူဟု ဆိုရာတွင် မိမိတို့လုပ်ငန်းနှင့် ပတ်သက်၍ မြင့်မားစွာ ပါဝင်လျက်ရှိပြီး စိတ်ဓာတ်အား ထက်သန်မှုရှိသူများကို ဆိုလိုကြောင်း Gallup အဖွဲ့က အဓိပ္ပာယ် သတ်မှတ်သည်။ ထိုသူများက လုပ်ငန်းခွင် စွမ်းဆောင်ရည်နှင့် တီထွင်ဆန်းသစ်မှု များကို ဖော်ဆောင်ပေးပြီး မိမိတို့အဖွဲ့အစည်း ရှေ့သို့လှမ်းတက်နိုင်ရေးအတွက် စွမ်းဆောင်ပေးသည်။ လုပ်ငန်းအလိုက်သော်လည်းကောင်း၊ နိုင်ငံအလိုက်သော်လည်းကောင်း ကြည့်ပါက စိတ်ပါဝင်စားမှု မြင့်မားသော အဖွဲ့ဝင်များ ပါဝင်သည့် လုပ်ငန်းအဖွဲ့များက စိတ်ပါဝင်စားမှုနိမ့်ကျသော အဖွဲ့များထက် ပျမ်းမျှအားဖြင့် ၁၇ ရာခိုင်နှုန်း ပိုမို၍ ထုတ်လုပ်မှု စွမ်းအင်ကို မြှင့်တင်နိုင်ကြောင်း သုတေသန ဆောင်ရွက်မှုများအရ သိရကြောင်း Gallup အဖွဲ့က ပြော သည်။

အချိန်ပြည့် လုပ်ငန်းများတွင် ခန့်ထားပြီး လုပ်ငန်းခွင်၌ စိတ်ပါဝင်စားစွာ ဆောင်ရွက်နေသူများက စုစုပေါင်း အရွယ်ရောက်ပြီးသူ လုပ်သားအရေအတွက်တွင် ပါဝင်မှုနှုန်းကို ကြည့်ပါက ကမ္ဘာတွင် စင်ကာပူနိုင်ငံသည် ၁၁ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ရှိသည်။ အမေရိကန် ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့က ၁၃ ရာခိုင်နှုန်းဖြင့် ပထမနှင့် ယူအေအီးနိုင်ငံက ၁၂ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရှိသည်။ ၁၁ ရာခိုင်နှုန်းဖြင့် စင်ကာပူနှင့် အတူ တတိယနေရာတွင် ရှိသူများမှာ ကာဇက်စတန်နှင့် ပနားမားနိုင်ငံတို့ ဖြစ်ကြသည်။

စင်ကာပူနိုင်ငံ၏ အရွယ်ရောက်ပြီးသူများအနက် ၃၇ ရာခိုင်နှုန်းမှာ အချိန်ပြည့် လုပ်ငန်းများတွင် ဆောင်ရွက်နေပြီး ထိုသို့ ဝင်ရောက်နေသူများအနက် ၁၁ ရာခိုင်နှုန်းကသာ လုပ်ငန်းခွင်၌ စိတ်ပါဝင်စားမှုရှိသည်ဟု ဆိုပါသည်။

# မြဝတီဘဏ်လီမိတက်

**MYAWADDY BANK LIMITED**



**ထုတ်ချေးနိုင်သောလုပ်ငန်းများ**

- စက်မှုလက်မှု
- ကုန်ထုတ်လုပ်မှု
- စိုက်ပျိုးရေး
- သယ်ယူပို့ဆောင်ရေး
- ဆောက်လုပ်ရေး
- ကုန်သွယ်မှု (ပြည်တွင်း/ပြည်ပ)
- ဝန်ဆောင်မှု
- အထွေထွေ

**အာမခံ**

- မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ဖြစ်သည့် မြေနှင့်အဆောက်အဦ တို့ကိုအာမခံထားရှိ၍ချေးယူ နိုင်ပါသည်။

**ကောက်ခံသည့်အတိုးနှုန်း**

- နှစ်ချင်းဆပ်စာရင်းပိုထုတ် ချေးငွေ အတွက် အတိုးနှုန်းမှာတစ်နှစ်လျှင် (၁၃%) ဖြစ်ပါသည်။
- ကာလသတ်မှတ်ချက်ချေးငွေအတွက် အတိုးနှုန်းမှာတစ်နှစ်လျှင် (၁၂.၅%) ဖြစ်ပါသည်။

**ချေးငွေအမျိုးအစား**

- လည်ပတ်ရင်းနှီးငွေအတွက် နှစ်ချင်းဆပ်စာရင်းပိုထုတ်ချေးငွေ (**Overdraft**) အပြင် ကာလတိုအတွက် ကာလသတ်မှတ်ချက် ချေးငွေ (**Term Loan**) များအဖြစ် ချေးယူနိုင်ပါသည်။
- အငှားဝယ်စနစ် (**Hire Purchase**) စနစ်ဖြင့်လည်း ဝယ်ယူ နိုင်ပါသည်။
- မော်တော်ယာဉ်၊ ဆန်စက်ပစ္စည်းများ၊ မီးစက်များ (**Generator**) စသည်တို့ကို ဘဏ်နှင့်ချိတ်ဆက်ထားသော ကုမ္ပဏီကြီးများမှ အငှားဝယ်စနစ်ဖြင့် ဝန်ဆောင်မှုပေးပါသည်။

**ချေးယူနိုင်သူများ**

- တစ်ဦးတည်းပိုင်လုပ်ငန်းများ
- အစုစပ်လုပ်ငန်းများ
- ကုမ္ပဏီလုပ်ငန်းများ
- ဖက်စပ်အဖွဲ့အစည်းများ

## လို့ငွေ ကူညီ မြဝတီ

မြဝတီဘဏ်(ရုံးချုပ်) – အမှတ်–၁၅၁၊
ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဝါးတန်းလမ်းထောင့်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301396, 2301450, 2301402
Email : mwdbankygn@mptmail.net.mm

# GREAT ALPHA LOGISTICS CO.,LTD.

GREAT ALPHA









- Air Freight
- Sea Freight
- Multimodal Transportation
- Door to Door Services
- Warehousing Services
- Customs Clearance Services

Room No. 404, 4th Floor, Olympic Tower, Bo Aung Kyaw Road, Kyauktada Tsp, Yangon Region, Myanmar.

Ph : +95 9 5506717, +95 9 43120959, +95 1 8245837. Fax : +95 1 8245837

*Email : greatalphaaungaung@gmail.com, greatestalpha99@gmail.com*

CB BANK



# International Trade Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သင်္ဘောမတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သင်္ဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သင်္ဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်း ပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)

Call Centre : (+951) 231 7770

Hotline :

(+951) 378 644 - Trade (Import/ Export)

(+951) 378 643 - Outward Remittance

(+951) 378 645 - Inward Remittance

www.cbbank.com.mm   CBBankmyanmar

trade.dept@cbbank.com.mm

COMMERCE INTERNATIONAL

# လုပ်ငန်းပြန်လည်ရှင်သန်ရေးအတွက် ဂျပန်ကီမိုနို ထုတ်လုပ်သူတို့ ကြိုးပမ်း

တိုကျိုမြို့ ဆိတ်ငြိမ်သော ဝန်းကျင်တွင် သက်တမ်းရာစုနှစ် တစ်ခုရှိသော အလုပ်ရုံတစ်ခု၌ လက်မှုပညာရှင် ယူအိချိဟီရိုဆဲသည် ရိုးရာနည်းလမ်းကို အသုံးပြုလျက် ခေတ်ပြိုင်ကီမိုနို ပုံစံတစ်ခုကို ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသည်။

တခမ်းတနား ရှိလှသော ဂျပန်ဝတ်ရုံအတွက် ဝယ်လိုအားမှာ ကျဆင်းလျက်ရှိသည်။ သို့သော်လည်း အသက် ၃၉ နှစ်အရွယ်ရှိ ဟီရိုဆဲကဲ့သို့သော အနုပညာရှင်များနှင့် စီးပွားရေး စွန့်ဦးတီထွင်သူတို့က ဤလုပ်ငန်း ပြန်လည်ရှင်သန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ကီမိုနိုဆိုတာက ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝတွေထဲကနေ ဖယ်ရှားပစ်ဖို့ အလွန်ခက်ခဲတဲ့ အရာတစ်ခု ဖြစ်လာပါတယ်"ဟု တက္ကသိုလ်မှ ဘွဲ့ရပြီးနောက် သူ၏မိသားစု စီးပွားရေး လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်သူ ဟီရိုဆဲကပြောသည်။

သူသည် အဲဒိုကိုမွန်ဟု ခေါ်သော ကီမိုနိုအမျိုးအစားကို အထူးပြု ထုတ်လုပ်နေသူတစ်ဦးဖြစ်သည်။ ဤကီမိုနိုပုံစံမှာ လက်ဖြင့်ဆေးဆိုးရသော ပုံစံဖြစ်သည်။ ၁၇ ရာစုမှ ၁၉ ရာစုနှစ်များအထိဖြစ်သော အဲဒိုခေတ်က တွင်ကျယ်စွာ အသုံးပြုခဲ့သော ပုံစံဖြစ်သည်။ အလွန့်အလွန် ရှေးရိုးဆန်သော လက်မှုပညာဖြစ်ပြီး ကျွမ်းကျင်မှု အထူးလိုအပ်သည်ဟု သူကပြောသည်။ သို့သော်လည်း ယနေ့ခေတ်သစ်က လက်ခံနိုင်သော ပုံစံဖြစ်အောင် တီထွင်ရန်လိုကြောင်း သူကပြောသည်။

ဟီရိုဆဲ၏ တီထွင်မှုများတွင် ကီမိုနိုကို အလှဆင်ရန်အတွက် ဒီဇိုင်းသစ်များဖော်ထုတ်ခြင်းလည်း ပါဝင်သည်။ တစ်ချိန်က ဂျပန်ဝတ်ရုံ၏ စံတစ်ခုဖြစ်ခဲ့သော ကီမိုနိုသည် ယခုအခါ မင်္ဂလာဆောင် အခမ်းအနားကဲ့သို့သော အထူးအခမ်းအနားများတွင်သာ ဝတ်ဆင်ပြီး အများအားဖြင့် အမျိုးသမီးများသာ ဝတ်ဆင်ကြသည်။ ဝတ်စုံများမှာ အဆမတန် ဈေးကြီးပြီး အမျိုးသမီးများက ဝတ်စုံများကို ဝတ်ဆင်ရာတွင် လုပ်ငန်းများ ရှုပ်ထွေးသည့်အတွက်ကျွမ်းကျင်သူများကို ငှားရမ်းပြီး ဝတ်ဆင်ရသည်။

ခေတ်သစ်ကီမိုနို လုပ်ငန်းမှာ ၁၉၇၅ ခုနှစ်က အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပြီး ဈေးကွက်အရွယ်အစားမှာယန်း ၁ ဒသမ ၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံ) ဖိုး ရောင်းချခဲ့ရကြောင်း စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန၏ အဆိုအရသိရသည်။ သို့ရာတွင် ၂၀၀၈ ခုနှစ်တွင် လုပ်ငန်းကျဆင်းပြီး ယန်း ၄၀၆ ဒသမ ၅ ဘီလီယံဖိုးသာရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ထပ်မံကျဆင်းကာ ယန်း ၂၇၈ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း ယာနိုသုတေသနလုပ်ငန်းက ဆောင်ရွက်သော စစ်တမ်းတစ်ခုအရ သိရသည်။

ကီမိုနိုတစ်စုံကို ဝယ်ယူရာတွင် အခက်အခဲများစွာ ရှိကြောင်း၊ ဂျပန်ကီမိုနိုလုပ်ငန်း မြှင့်တင်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ကီမိုနိုထုတ်လုပ်သူ တာကာတိုရှီယာဂျီမာက ပြောသည်။

"ကီမိုနိုက တန်ဖိုးကြီးတယ် ဝတ်ရတာ ခက်တယ်၊ အိမ်မှာ လျှော်ဖွပ်ရတာ ခက်ခဲတယ်" ဟု သူကပြောသည်။ လူတိုင်း ဝယ်ယူ ဝတ်ဆင်နိုင်သော ကီမိုနိုများကို ထုတ်လုပ်ရန် လိုကြောင်းနှင့် ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ငယ်ရွယ်သူများက ကီမိုနို ဝယ်ယူမည်ဖြစ်ကြောင်း သူကပြောသည်။

တစ်စုံကို ယန်းတစ်သိန်း(အမေရိကန်ဒေါ်လာ ၉၃၀) ရှိသော ကီမိုနိုများကို ရောင်းချခြင်းဖြင့် လွန်ခဲ့သော ၁၅ နှစ်အတွင်း ဖောက်သည်အရေအတွက် နှစ်ဆနီးပါးတက်အောင် သူဆောင်ရွက်ခဲ့သည်။ သူရောင်းချသော ကီမိုနိုမှာ အဆင့်မြင့်ဒေါ်လာ ထောင်ပေါင်းများစွာတန်သော ကီမိုနိုများနှင့် နှိုင်းယှဉ်လျှင် များစွာဈေးသက်သာသည်။ ကီမိုနိုတစ်စုံကို လူအများအပြား ဝယ်ယူနိုင်စေမည့် ဈေးနှုန်းမျိုးကို ဖန်တီးပေးနိုင်မည်ဆိုပါက လုပ်ငန်းတိုးတက်လာမည်ဖြစ်ကြောင်း သူကပြောသည်။



ဉာဏ်တင် စုစည်းသည်




## အာရှ-ပစိဖိတ် စီးပွားရေးများအတွက် ဘဏ္ဍာရေးနည်းပညာကို မဖြစ်မနေသုံးရန်လို

အာရှ-ပစိဖိတ်စီးပွားရေးများသည် ဘဏ္ဍာရေးနည်းပညာ (Fintech) များကို အခြေခံလျက် ဘဏ္ဍာရေးလုပ်ငန်းများကို လူတိုင်းပါဝင်သုံးစွဲနိုင်သော ဘဏ္ဍာရေးလုပ်ငန်းဖြစ်အောင် မဖြစ်မနေဆောင်ရွက်ရန်လိုကြောင်း မေ ၃ ရက်ကကျင်းပသည့် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)၏ အဆင့်မြင့်နှီးနှောဖလှယ်ပွဲတွင် အဆင့်မြင့်အရာရှိများက ပြောသည်။

ဒေသတွင်းရှိ အစိုးရများသည် ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံကို ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်နိုင်အောင် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ တီထွင်ဖန်တီးသူများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ရပ်တည်နိုင်သော ပတ်ဝန်းကျင် အခြေအနေတစ်ခုအဖြစ် ဆောင်ရွက်ပေးခြင်းဖြင့် လည်းကောင်း၊ ဘဏ္ဍာရေးလုပ်ငန်းတွင် လူတိုင်းပါဝင်လာအောင် ဆောင်ရွက်ပေးနိုင်ကြောင်း အေဒီဘီဘဏ်ဥက္ကဋ္ဌ တာကဲဟိကိုနာကာအိုက ပြောသည်။

ဒေသတွင်းနိုင်ငံတိုင်းရှိ အစိုးရများသည် မိမိတို့၏ ပြည်သူများကို ဆိုင်ဘာပြစ်မှုနှင့် လိမ်လည်မှုများမှ အကာအကွယ် ပေးနိုင်ရန်အတွက် လက်ရှိကျင့်သုံးနေသော စည်းမျဉ်းစည်းကမ်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည့် နည်းလမ်းများကို စဉ်းစားကြရန်လိုသည်။

ထို့အတူ တီထွင်ဖန်တီးမှုနှင့် ဘဏ္ဍာရေးတည်ငြိမ်မှုတို့အကြား ချိန်သားကိုက်ညီမှုရှိအောင်လည်း ဆောင်ရွက်သင့်ကြောင်း တာကဲဟိကိုက နှီးနှောဖလှယ်ပွဲတွင် ပြောသည်။ ယခုနှီးနှောဖလှယ်ပွဲသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသော (၅၁) ကြိမ်မြောက် အေဒီဘီနှစ်ပတ်လည်အစည်းအဝေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့ဖြစ်ရာ ဘဏ္ဍာရေးနှင့် နည်းပညာကဏ္ဍများမှ အထူးပြုပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများ ပါဝင်တက်ရောက်အောင် ဆွဲဆောင်နိုင်ခဲ့သည်။

မူဝါဒ ရေးဆွဲသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်ငွေကြေး၊ စက်ယန္တရား အသုံးပြုနိုင်အောင် သင်ယူမှု၊ Big Data နှင့် အီလက်ထရွန်းနစ် လယ်ဂျာစသည်တို့ကို သုံးစွဲနိုင်အောင် ရှန်းကန်ကြိုးပမ်းနေရသည့်အတွက် ယခုနှီးနှောဖလှယ်ပွဲကို ကျင်းပ ရခြင်းဖြစ်သည်။ ယခုအခါ ဒေသအတွင်းရှိ ဘဏ္ဍာရေးစနစ်၏ အရည်အသွေးနှင့် လုံခြုံမှု တိုးတက်ကောင်းမွန်ရေးအတွက် အသုံးပြုနိုင်သော လက်နက်ကိရိယာများရှိနေပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

## အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်ရေးခြိမ်းခြောက်မှုက စီးပွားရေးဖွံ့ဖြိုးမှုအတွက် အန္တရာယ်ဖြစ်

ယူရိုဇုန် စီးပွားရေးသည် လာမည့် နှစ်နှစ်အတွင်းတွင် ဖွံ့ဖြိုးတိုးတက်မှုရှိမည်ဟု ခန့်မှန်းထားသော်လည်း ထရမ့်အစိုးရ၏ အခွန်အကောက်ကြောင့် ပိုမိုဆိုးရွားလာသော ကုန်သွယ်ရေး ကိုယ်ကျိုးစီးပွားကာကွယ်ရေးလုပ်ရပ်များ မြင့်တက်လာမှုက အကြီးမားဆုံး ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း ဥရောပသမဂ္ဂ(အီးယူ)က သတိပေးစကား ပြောကြားသည်ကို အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ယူရိုဇုန်တွင် စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးကြောင်း တရားဝင်ကိန်းဂဏန်းများ ထွက်ပေါ်လာပြီးနောက် ဥရောပ၏ စီးပွားရေးနာလန်ထူမှု အရှိန်ကျဆင်းလာမည်ကို စိုးရိမ်ခဲ့ရသည်။

ထို့ကြောင့် ဥရောပသမဂ္ဂက ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွက် အပြုသဘောဆောင်သော ခန့်မှန်းချက်များကို ကြေညာခဲ့သည်။ ဥရောပသမဂ္ဂမှ နုတ်ထွက်တော့မည့် ဗြိတိန်နိုင်ငံကိုလည်း ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ထိုသို့မနုတ်ထွက်မီကြိုတင်၍ဥရောပကော်မရှင်က သတိပေးခဲ့သည်။ ဗြိတိန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ၂၀၁၈ ခုနှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းထားရာဥရောပသမဂ္ဂ တိုးတက်မှုနှုန်းဖြစ်သည့် ၂ ဒသမ ၃ ရာခိုင်နှုန်းအောက်များစွာကျဆင်း ခဲ့သည်။

ဗြိတိန်နိုင်ငံ စီးပွားရေးသည် ဥရောပသမဂ္ဂနှင့် တရားဝင်ခွဲခြားမည့် ၂၀၁၉ ခုနှစ်တွင် ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းဦးမည်ဟု ခန့်မှန်းထားသည်။ "ဘရက်ဇစ် စေ့စပ်ညှိနှိုင်းမှုများမှ ထွက်ပေါ်လာမည့် ရလဒ်များမှတစ်ဆင့် ထွက်ပေါ်လာမည့် စွန့်စားမှုအန္တရာယ်များက တည်ရှိနေဆဲဖြစ်ကြောင်း အီးယူက ပြောသည်။

ပြင်သစ်နိုင်ငံသည် ဆယ်စုနှစ် တစ်စုနီးပါး လိုငွေပြရာမှ ပြန်လည်ရုန်းထွက်နိုင်မည့် အခြေအနေရောက်ရှိလာခြင်းနှင့်အတူ ပြုပြင်ပြောင်းလဲမှု လိုလားသော ပြင်သစ်သမ္မတ အီမန်နျူယယ်မာကရွန်၏ သတင်းများကို ကော်မရှင်က ကြိုဆိုခဲ့သည်။ ပြင်သစ်နိုင်ငံ၏ လိုငွေပြမှုသည် ၂၀၁၇ ခုနှစ်က ၂ ဒသမ ၆ ရာခိုင်နှုန်း ရှိခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်း သို့မဟုတ် ထိုထက်ပင် နည်းလိမ့်မည်ဟု ခန့်မှန်းထားသည်။

ပြင်သစ်နိုင်ငံသည် စပိန်နိုင်ငံနှင့်အတူ ယူရိုဇုန်တွင် လိုငွေပြသော နိုင်ငံတို့ လိုက်နာရသော အစီအစဉ်နှင့် အညီ နေထိုင်ရမည့် အခြေအနေနှင့် ရင်ဆိုင်နေရသည့် နိုင်ငံနှစ်နိုင်ငံအနက် တစ်နိုင်ငံအဖြစ် ပါဝင်သည်။

၂၀၁၁ ခုနှစ်က ယူရိုဇုန်အကျပ်အတည်း အဆိုးဆုံး ကြုံရစဉ်က အီးယူအဖွဲ့ဝင် ၂၄ နိုင်ငံသည် အများပြည်သူ လိုငွေပြမှု ဂျီဒီပီ၏သုံးရာခိုင်နှုန်းသို့ ရောက်ရှိပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်ခဲ့ရကြောင်း သိရသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ